# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၄ ရက်၊ သောကြာနေ့ အတွဲ (၆၀)၊ အမှတ် (၀၆၅)


# ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၂၁ ခုနှစ်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား






ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၂၁ ခုနှစ်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

သတင်းစဉ်

**နေပြည်တော် ဒီဇင်ဘာ ၃**

၂၀၂၁ ခုနှစ်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို Video Conferencing စနစ်ဖြင့် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပရာ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အမြဲတမ်းအတွင်းဝန်နှင့် နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းထိုက်ရွှေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ် စိုးတင့်နိုင်၊ ဦးခင်မောင်ဝင်းနှင့် ဦးဝင်းမော်ထွန်း၊ တပ်မတော်မှအရာရှိကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၂)နှင့် တာဝန်ရှိသူများက Video Conferencing စနစ်ဖြင့် တက်ရောက်ဆွေးနွေးကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ယခုကျင်းပသည့် အစည်းအဝေးသည် ၂၀၂၁ ခုနှစ်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ၏


*စာမျက်နှာ ၃ ကော်လံ ၁* ✻



**တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်**

ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့် အထိမ်းအမှတ် ဆောင်းပါး စာ ၆

**လပေါင်းများစွာ ရပ်နားထားခဲ့ရသည့် ဘိုးရင်း-၇၃၇ မက်စ်လေယာဉ်များ ပျံသန်းပြေးဆွဲမှု ပြန်လည်စတင်**

နိုင်ငံတကာသတင်း စာ ၁၂

**တံဆိပ်တုံးအတု ပြဿနာ အဖြေရှာ**

ဆောင်းပါး စာ ၂၀





မြန်မာ့အလင်း

# အဂတိကင်းစင်ရေး

အဂတိလိုက်စားသည်ဟူသည့် ကိစ္စမှာ အမှန်တော့ အလွန်ဆိုးရွားလွန်းသော အပြစ်တစ်ခုဖြစ်သော်လည်း ဤနိုင်ငံ၌ မထူးခြားလှသော သာမန်ဖြစ်ရိုးဖြစ်စဉ် ပုံစံမျှသာဟူသည့်အနေဖြင့် ရှိနေခဲ့သည်မှာ ဒီမိုကရေစီဆိတ်သုဉ်းမှုနှင့်အတူ ရာစုနှစ်ဝက်ကျော် ဖြစ်ခဲ့ပေသည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအနိမ့်ကျဆုံးသော နိုင်ငံအဖြစ် ရောက်ခဲ့ခြင်း၊ ဆင်းရဲမွဲတေသည့် နိုင်ငံအဖြစ်သို့ တန်းဆင်းခဲ့ရခြင်းတို့၏ အကြောင်းရင်းခံတစ်ခုဟုဆိုလျှင်လည်း ရနိုင်ကောင်းမည်ဖြစ်ပါသည်။

ဒီမိုကရေစီမရှိသည်နှင့်အမျှ နိုင်ငံရေးအာဏာရယူထားသူများ၊ လုပ်ပိုင်ခွင့်ကြီးကြီးရှိနေသူများက သူတို့၏အာဏာနှင့် လုပ်ပိုင်ခွင့်တို့ကို အလွဲသုံးစားပြုကာ ကိုယ်ကျိုးရှာကြခြင်းဖြင့် အဂတိနိုင်ငံတော်အဖြစ်သို့ ရောက်ခဲ့ရခြင်း ဖြစ်သည်ဟုဆိုလျှင် မမှားနိုင်။ သတ်မှတ်ထားသည့် စည်းမျဉ်းဥပဒေများအရ နိုင်ငံသားတစ်ယောက် ပုံမှန်အားဖြင့် ဆိုလျှင် အလွယ်တကူ ရသင့်သည့် အခွင့်အရေးကို ခက်ခဲအောင်လုပ်ထားခြင်းဖြင့် တံစိုးလာဘ်လာဘရယူကြခြင်း ဖြစ်၏။ ဤနည်းအားဖြင့် လာဘ်ပေးလာဘ်ယူစနစ်က တစ်စတစ်စကြီးထွားလာခဲ့လေသည်။

စီမံကိန်းများကို အပြိုင်အဆိုင်လုပ်လိုသူ များလာသည့်အခါ မိမိလုပ်ခွင့်ရအောင် လာဘ်ငွေပေးခြင်းဖြင့် ပြိုင်ဘက်ကို အနိုင်ယူသည်များ၊ အာဏာပိုင်တို့၏ ဇနီး၊ သားသမီး မိသားစုတို့၏ ကုမ္ပဏီဆိုသည့် အင်အားဖြင့် အနိုင်ယူသည်များ၊ အာဏာပိုင်နှင့် ရင်းနှီးကျွမ်းဝင်သည့် မိတ်ဆွေအရင်းအချာတို့အနေဖြင့် အနိုင်ယူသည်များတို့ဖြင့် မျှတသောယှဉ်ပြိုင်မှုပျက်သုဉ်းကာ အဂတိနည်းက အားကောင်းလာခဲ့သည်။ သည်လိုနှင့် လာဘ်ယူသူ လုပ်ပိုင်ခွင့်ရှိ အာဏာပိုင်တို့သည် လက်မှတ်ထိုးရုံမျှဖြင့် သန်းကြွယ်သူဌေးကြီးများအဖြစ်သို့ ရောက်ရှိလာခဲ့ကြ၏။ လာဘ်ပေးသူတို့သည်လည်း အောင်မြင်ကြီးပွားသော ကုမ္ပဏီကြီးများအဖြစ်သို့ တစ်မုဟုတ်ချင်း ပြောင်းလဲကုန်ကြလေသည်။

စီမံကိန်းအမျိုးမျိုးကိုလုပ်ပိုင်ခွင့်၊ ဆောက်ခွင့်၊ တူးခွင့်၊ တည်ခွင့်၊ ဖော်ခွင့်၊ ခုတ်ခွင့်၊ ထုတ်ခွင့်၊ သွင်းခွင့်၊ ရောင်းခွင့်၊ ခြယ်လှယ်ခွင့်၊ တစ်ဦးတည်းပိုင်ခွင့်၊ တစ်ဦးတည်းရောင်းခွင့် စသည်ဖြင့် သမ္မာအာဇီဝပျောက်ကာ၊ မိစ္ဆာဇီဝတို့သာ တွင်ကျယ်လာတော့သည်။ အခွင့်ထူးခံစီးပွားရေး၊ လုပ်ပိုင်ခွင့်နှင့် ပါမစ်စီးပွားရေးဖြင့် တရားမှု၊ မတရားမှု ဘာကိုမှဂရုမထား၊ ဘာမဆိုလုပ်ရဲသူများ ကြီးပွားချမ်းသာသည်ဟူသည်ကပင် နိုင်ငံ၏ အမှန်တရားတစ်ခုသဖွယ် ဖြစ်ခဲ့ရလေသည်။

သည်လိုနှင့် အဂတိဟူသည်၊ လာဘ်ပေးလာဘ်ယူမှုဟူသည်၊ ခြစားမှုဟူသည်၊ စီးပွားရေးမှာသာမဟုတ် အလုံးစုံသော နယ်ပယ်အသီးသီးသို့ ဝင်ရောက်တွင်ကျယ်လာတော့သည်။ လူနာထံသို့ သွားချင်သော လူနာရှင်က ဆေးရုံတံခါး ဖွင့်ပေးဖို့ လာဘ်ပေးရ၏။

မှတ်ပုံတင်ပျောက်၍ အသစ်ပြန်လျှောက်လိုလျှင် လာဘ်ပေးရ၏။ ဘုရားအထက်ပစ္စယံပေါ်သို့တက်လိုပါက လာဘ်ပေးရ၏။ အိမ်ပြောင်းရ၍ သားသမီးကျောင်းပြောင်းရမည်ဆိုလျှင် လာဘ်ပေးရ၏။ စီးပွားဖြစ်လုပ်ငန်းများမှမဟုတ်ဘဲ နေ့စဉ်သာမန် အရေးများတွင်ပင် အဂတိက တည့်တည့်တစ်မျိုး၊ သွယ်ဝိုက်၍ တစ်ဖုံ၊ မသိမသာတစ်နည်း၊ ပြောင်ပြောင်တစ်သွယ်ဖြင့် ကြီးစိုး လွှမ်းမိုးနေတော့သည်။ ထိုမှတစ်ပါး နိုင်ငံနှင့် နိုင်ငံသားတို့အတွက်၊ အဆိုးတကာ့အဆိုးဆုံးဟု ဆိုနိုင်လောက်သည့် အဂတိများကို တရားစီရင်ရေးနယ်ပယ်၊ ဥပဒေစိုးမိုးရေးနယ်ပယ်တို့တွင် ထင်ထင်ပေါ်ပေါ် မြင်လာရလေသည်။ သည်လိုနှင့် ဥပဒေလိုက်နာမှု၊ မှန်ကန်မျှတသော တရားစီရင်ရေးစနစ်အပေါ် အားကိုးအားထားပြုသည့်အလေ့က လျော့ရဲလာတော့သည်။

ပြည်သူ့ယုံကြည်ထောက်ခံမှုအပြည့်အဝဖြင့် နေရာရလာသော ဒီမိုကရေစီအစိုးရတာဝန်ယူသည့် အချိန်မှစကာ အဂတိကို ထိန်းချုပ်ကိုင်တွယ်နိုင်ရန် ကြိုးစားနေသည်ကို တွေ့ရှိနေရပြီ ဖြစ်ပါသည်။ အတွင်းထဲသို့ ထွင်းဖောက်နက်ရှိုင်းစွာ အမြစ်တွယ်နေသော အဂတိကို နက်နက်နဲနဲ တူးဖော်ဖြေရှင်းရမည်ဟုလည်း ရှုမြင်ပါသည်။

အဂတိအတွက် ဥပဒေကရှိ၏။ လာဘ်ပေးသူလည်း မလွယ်၊ လာဘ်ယူသူကား ဆိုဖွယ်ရာမရှိ။ လာဘ်ဖြင့် ချမ်းသာထားသမျှ နိုင်ငံတော်က သိမ်းပိုက်နိုင်သည်အထိ ဥပဒေက ကြပ်မတ်ပေးထားပါ၏။ လက်တွေ့တွင်မူ ဥပဒေစိုးမိုးရေး၌ လာဘ်ပေးလာဘ်ယူ ခံတပ်က ရှေ့မှာ ကာဆီးပေးထားနေသရွေ့ ထိုးဖောက်ရန် မလွယ်ကူလှချေ။

သို့သော်လည်း မဖြစ်မနေ ကျော်လွှားရမည့် အဂတိတံတိုင်းကြီးအဖြစ် သဘောထားကာ ပြည်သူ့အင်အားကို ယုံကြည်မှုဖြင့် ကျော်ဖြတ်အောင်မြင်အောင် ကြိုးပမ်းနိုင်ပါစေသတည်း။ ။

## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၃၃/၂၀၂၀
၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်
( ၂၀၂၀ပြည့်နှစ်၊ ဒီဇင်ဘာလ ၃ ရက် )

### မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဃ) တို့ပါ ပြဋ္ဌာန်းချက်များအရ ဒေါ်ကြည်ကြည်စိန်း ကို မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ၂၀၂၀ ပြည့်နှစ်၊ နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ ကျောင်းနေအရွယ် လူငယ်အားလုံး အခြေခံပညာသင်ယူခွင့် ရရှိရေး၊
★ လူမှုစီးပွားရေးအတွက် လက်တွေ့ကျ အကျိုးပြုသည့် ဘာသာရပ်များ တစ်သက်တာ သင်ယူမှုအခွင့်အလမ်းရရှိရေး၊
★ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားဒေသများ၌ ပညာရေးတွင် ပိုမိုပံ့ပိုး ရင်းနှီးမြှုပ်နှံရေး၊
★ ပညာရေးဖွံ့ဖြိုးမှုအတွက် နည်းပညာနှင့် အခြေခံအဆောက်အဦများ ဖြည့်ဆည်းရေး၊
★ တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး။

## ၂၀၂၀ ပြည့်နှစ်၊ နှစ်တစ်ရာပြည့် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

★ ရာပြည့်အမျိုးသားအောင်ပွဲနေ့မှသည် တိုင်းရင်းသားအားလုံး ပူးပေါင်းဆောင်ရွက်လို့ ပြည်ထောင်စုငြိမ်းချမ်းရေး တည်ဆောက်စို့။

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်

(၉-၁၂-၂၀၂၀)

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှု
အထိမ်းအမှတ်အခမ်းအနား
"အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ကာကွယ်တုံ့ပြန်ဖို့ သီးသန့်ရန်ပုံငွေထားရှိလို့ အချက်အလက်ကောက်ယူစို့"
"Orange the World: Fund, Respond, Prevent, Collect!"

## ထီးလင်းမြို့နယ်အတွင်းရှိ ကျေးရွာခုနစ်ရွာတွင် ကျေးလက်ဒေသ ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်မည်

**ထီးလင်း ဒီဇင်ဘာ ၃**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသရေရရှိရေး လုပ်ငန်းများကို ကျေးရွာခုနစ်ရွာတွင်ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျေးလက်ဒေသ ရေရရှိရေး လုပ်ငန်းများကို ထီးလင်းမြို့နယ် ဆေးမင်းတောကျေးရွာနှင့် တောမကျေးရွာတို့တွင် လက်တူးတွင်း၊ အုတ်ရေကန်၊ ရေစက်ရုံနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းတို့ကို လည်းကောင်း၊ မြောင်းကြီးကျေးရွာတွင် မြေသားရေကန် တူးဖော်ခြင်းကို လည်းကောင်း၊ ငှက်ပျင်းကျေးရွာတွင် မြေသားရေကန်တိုးချဲ့ တည်ဆောက်ခြင်းကိုလည်းကောင်း၊ မြစ်ကိုင်းကျေးရွာတွင် မြေသားရေကန်တူးဖော်ခြင်းကိုလည်းကောင်း၊ လောင်းဘိုကြီးကျေးရွာတွင် မြေသားရေကန် တိုးချဲ့တည်ဆောက်ခြင်းကိုလည်းကောင်း၊ စို့ပြားကျေးရွာတွင် မြေသားရေကန် တူးဖော်ခြင်းကို လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းများကို ငွေကျပ် ၇၇ ဒသမ ၆၂၀ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ကျေးလက်ဒေသ ရေရရှိရေးလုပ်ငန်းများ ပြီးစီးပါက ဆေးမင်းတော၊ တောမ၊ မြောင်းကြီး၊ ငှက်ပျင်း၊ မြစ်ကိုင်း၊ လောင်းဘိုကြီးနှင့် စို့ပြားကျေးရွာများရှိ အိမ်ခြေ ၈၈၃ အိမ်၊ လူဦးရေ ၄၅၆၂ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် သောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ပြီး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဝန်ထမ်းများက မြေပြင်ကွင်းဆင်းတိုင်းတာမှုများ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အောင်စည်(ပြန်/ဆက်)**

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် ဒီဇင်ဘာ ၃**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှလေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှလေပြင်းများ တိုက်ခတ်စဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင်မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန် - တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်

**တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့် ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား၊ အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။**

**(ဗိုလ်ချုပ်အောင်ဆန်း၏ (၁၁-၂-၁၉၄၇) ရက်နေ့တွင် ပင်လုံမြို့ စော်ဘွားများ ထမင်းစားပွဲတွင် ပြောကြားသော မိန့်ခွန်းမှ ကောက်နုတ်ချက်)**



ရွှေကြက်ယက်၊ ရွှေကြက်ကျာဘုရား

ဓာတ်ပုံ - သန့်ဇော်ဦး

❇ *ရွှေဖုံးမှ*

တတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ဖြစ်ပါကြောင်း၊ ဗဟိုကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက် (၁၆)ချက် ချမှတ်ခဲ့ရာ ဆောင်ရွက်ပြီး (၁၅)ချက်၊ ဆောင်ရွက်ဆဲ (၁)ချက်နှင့် ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက် (၂၁)ချက် ချမှတ်ခဲ့ရာ ဆောင်ရွက်ပြီး (၁၈) ချက်နှင့် ဆောင်ရွက်ဆဲ (၃)ချက်တို့ ဖြစ်ပါကြောင်း၊ အစည်းအဝေး (၂)ကြိမ် ပြုလုပ်ခဲ့ရာ စုစုပေါင်းဆုံးဖြတ်ချက် (၃၇) ချက် ချမှတ်ခဲ့ပြီး ဆောင်ရွက်ပြီး (၃၃)ချက်၊ ဆောင်ရွက်ဆဲ (၄)ချက်တို့ဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ဆောင်ရွက်ဆဲ အချက်များကို သတ်မှတ်ချိန်အတွင်း အမြန်ပြီးစီးအောင် သက်ဆိုင်ရာ ဆပ်ကော်မတီများအလိုက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

“လွတ်လပ်ရေးနေ့အခမ်းအနားများ” ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နှစ်စဉ်နှစ်တိုင်း ကျင်းပပြုလုပ်ခဲ့သော်လည်း ယနေ့ကာလသည် Coronavirus Disease 2019 (COVID–19) ဖြစ်ပွားနေသော အချိန်ကာလဖြစ်သည့်အတွက် သတ်မှတ်ပေးထားသော လုပ်ငန်းတာဝန်များအပြင် “Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ” နှင့် “ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန”တို့က ထုတ်ပြန်ထားသည့် ပြည်သူသို့ ပန်ကြားချက်များ၊ အမိန့်များ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များနှင့် စံလုပ်ငန်းလမ်းညွှန်ချက်များကိုပါ အလေးအနက် ဂရုပြုရမည့် ကိစ္စတစ်ရပ်အနေဖြင့် ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

### စံလုပ်ငန်း လမ်းညွှန်ချက်ရေးဆွဲ

“ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန” အနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ၂၀၂၁ ခုနှစ်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားများကို ကျင်းပရာတွင် COVID–19 ရောဂါ ကူးစက်ဖြစ်ပွားမှုမရှိစေရေးအတွက် “အခမ်းအနား စီစဉ်ဆောင်ရွက်မည့်သူများ လိုက်နာရန် စံလုပ်ငန်းလမ်းညွှန်ချက် (၁၀)ချက်”၊ “လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား”တို့တွင် လိုက်နာဆောင်ရွက်ရမည့် “စံလုပ်ငန်းလမ်းညွှန်ချက် (၆)ချက်” စုစုပေါင်းအချက် (၁၆)ချက်ကို ရေးဆွဲပေးထားပြီးဖြစ်သည့်အတွက် သက်ဆိုင်ရာဆပ်ကော်မတီများနှင့် တာဝန်ရှိသူများအနေဖြင့် အဆိုပါ “စံလုပ်ငန်းလမ်းညွှန်ချက် (၁၆)ချက်” ကို တိတိကျကျ လိုက်နာဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

လတ်တလောဖြစ်ပွားလျက်ရှိသည့် Coronavirus Disease 2019 (COVID–19) ကူးစက်ရောဂါကြောင့် ၂၀၂၁ ခုနှစ်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ကျင်းပမည့် နံနက်ပိုင်းအခမ်းအနားများဖြစ်သည့် “နိုင်ငံတော်အလံတင် စစ်ရေးပြအခမ်းအနား”၊ “နိုင်ငံတော်အလံ အလေးပြုပွဲနှင့် နိုင်ငံတော်သမ္မတ၏ လွတ်လပ်ရေးနေ့ သဝဏ်လွှာ ဖတ်ကြားခြင်းအခမ်းအနား”နှင့် နိုင်ငံတော်သမ္မတ အိမ်တော်၊ သဘင်ဆောင်၌ ကျင်းပမည့် “ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနား”များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ပေးထားသည့် စံလုပ်ငန်းလမ်းညွှန်ချက်များ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့်အညီ ကျင်းပသွားရမည် ဖြစ်ပါကြောင်း။

### ကြိုတင်ပြင်ဆင်ဆောင်ရွက်ထား

အဆိုပါ အခမ်းအနားများသို့ တက်ရောက်မည့် ဧည့်သည်တော်များနှင့် လူထုပရိသတ်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ပေးထားသည့် “စံလုပ်ငန်းလမ်းညွှန်ချက်များ”၊ “အမိန့်နှင့် ညွှန်ကြားချက်များ” နှင့်အညီ တက်ရောက်နိုင်ရေးအတွက် တက်ရောက်မည့် လူဦးရေကို သတ်မှတ်လျှော့ချထားပြီးဖြစ်သည့်အပြင် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန် ပြောကြားလိုပါကြောင်း။

နိုင်ငံတော်သမ္မတအိမ်တော်၌ ညနေပိုင်းတွင် ကျင်းပမည့် “လွတ်လပ်ရေးနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနား” ကို ယခုနှစ်တွင် ကျင်းပခြင်းမပြုတော့ဘဲ လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မီးရှူး၊ မီးပန်းများ ဂုဏ်ပြုပစ်ဖောက်ခြင်းအစီအစဉ်ကို အများပြည်သူ တွေ့မြင်နိုင်သည့် နေရာများတွင် ခမ်းနားထည်ဝါစွာ ဂုဏ်ပြုပစ်ဖောက်သွားမည်ဖြစ်ပါကြောင်း၊ မီးရှူး၊ မီးပန်းများ ပစ်ဖောက်ရာတွင်လည်း အန္တရာယ်ကင်းရှင်းစွာ ပစ်ဖောက်နိုင်ရေးအတွက် စနစ်တကျကြိုတင်စီမံပြီး ဇာတ်တိုက်လေ့ကျင့်ထားရန် ပြောကြားလိုပါကြောင်း။

လက်ရှိဖြစ်ပွားနေသည့် COVID–19 ကူးစက်ရောဂါအခြေအနေကြောင့် စာသင်ကျောင်းများ ပိတ်ထားရသည့်အတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နှစ်စဉ်ကျင်းပနေသည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများ၊ ကဗျာပြိုင်ပွဲများ၊ ဥာဏ်စမ်းပဟေဠိပြိုင်ပွဲများနှင့် အားကစားပြိုင်ပွဲများကို ယခုနှစ်တွင် ကျင်းပခြင်းမပြုလုပ်ရန် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ အကြောင်းကြားထားပြီးဖြစ်ပါကြောင်း။

### ပူးပေါင်းညှိနှိုင်း

လွတ်လပ်ရေးနေ့အခမ်းအနားများ ကျင်းပမည့် နေရာများတွင် ပိုးသတ်ဆေး ကြိုတင်ဖျန်းထားနိုင်ရေး၊ အဆိုပါနေရာအားလုံးတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအနေဖြင့် အခမ်းအနားသို့ တက်ရောက်လာသူများနှင့် ထိတွေ့နိုင်မှုများ ရှိနိုင်သည့်အတွက် ကျန်းမာရေး စစ်ဆေးမှုများ ကြိုတင်ဆောင်ရွက်ထားနိုင်ရေး၊ အခမ်းအနားသို့ တက်ရောက်လာသူများအတွက် နှာခေါင်းစည်း(Mask)များ၊ မျက်နှာအကာ(Face Shield)များနှင့် လက်အိတ် (Glove) များ ဖြန့်ဝေနိုင်ရန် ကြိုတင်စီစဉ်ဆောင်ရွက်ထားရေး၊ အခမ်းအနား ကျင်းပပြုလုပ်မည့်နေရာသို့ မဝင်ရောက်မီ ကိုယ်အပူချိန် တိုင်းတာစစ်ဆေးရန်နှင့် လက်ဆေးကြောသန့်စင်နိုင်ရန် လက်သန့်ဆေးရည် (Hand Sanitizer/Gel) များ ထားရှိနိုင်ရေး၊ အခမ်းအနားသို့ တက်ရောက်မည့်သူများအတွက် နေရာခင်းကျင်းရာတွင်လည်း တစ်ဦးနှင့်တစ်ဦး အကွာအဝေးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် Social Distancing များအတိုင်း နေရာချထားနိုင်ရေးနှင့် အရေးပေါ် ကျန်းမာရေးကိစ္စရပ်များအတွက် လုံလောက်သော ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် အထောက်အကူပြုယာဉ်များကို ကြိုတင်စီမံဆောင်ရွက်ထားနိုင်ရေးတို့ကို သက်ဆိုင်ရာ ဆပ်ကော်မတီများအလိုက် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

“နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီ” အနေဖြင့် နေပြည်တော် မြို့တော်ခန်းမရင်ပြင်၌ နံနက် ၇ နာရီတွင် ကျင်းပမည့် “နိုင်ငံတော်အလံအလေးပြုပွဲနှင့် နိုင်ငံတော်သမ္မတ၏ လွတ်လပ်ရေးနေ့သဝဏ်လွှာ ဖတ်ကြားခြင်း အခမ်းအနား”သို့ တက်ရောက်မည့် အင်အားစာရင်းများကိုလည်း အတည်ပြုချက် ရရှိထားပြီဖြစ်သည့်အတွက် အချိန်မီ ဖိတ်ကြားနိုင်ရေးနှင့် လိုအပ်သည့် ပန်ကြားလွှာများ ထည့်သွင်းဖော်ပြနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် ပြောကြားလိုပါကြောင်း။

“ပြန်ကြားရေးဝန်ကြီးဌာန” အနေဖြင့်လည်း လွတ်လပ်ရေးနေ့မတိုင်မီနှင့် လွတ်လပ်ရေးနေ့တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဖျော်ဖြေရေးအစီအစဉ်များကို သီးခြားထုတ်လွှင့်ပြသနိုင်ရေးအတွက် “သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန” နှင့် “ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန”တို့ ညှိနှိုင်းရိုက်ကူးထုတ်လွှင့်နိုင်ရေး ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ထို့အပြင် လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းများ၊ လွတ်လပ်ရေးနေ့နှင့် သက်ဆိုင်သော မျိုးချစ်စိတ်ဓာတ် ထက်သန်စေသည့် ဇာတ်လမ်းများ၊ သမိုင်းဝင်တေးသီချင်းများ ထုတ်လွှင့်ပြသနိုင်ရေးနှင့် သတင်းစာ၊ ဂျာနယ်များတွင်လည်း ရေးသားဖော်ပြသွားနိုင်ရေးတို့ကို အချိန်မီစီမံဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

### အချိန်မီပြီးစီးအောင်ဆောင်ရွက်

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပို့စကတ်များကိုလည်း အချိန်မီဖြန့်ဝေနိုင်ရေးအတွက် သက်ဆိုင်ရာဆပ်ကော်မတီများအချင်းချင်း ပေါင်းစပ်ညှိနှိုင်းကာ အချိန်မီပြီးစီးအောင် ဝိုင်းဝန်းဆောင်ရွက်သွားကြစေလိုပါကြောင်း၊ ထို့အပြင် ဆပ်ကော်မတီအလိုက် အသုံးစရိတ်များကို သေချာစွာ စိစစ်တွက်ချက်၍ စနစ်တကျ သုံးစွဲသွားရန် ပြောကြားလိုပါကြောင်း။

“လုံခြုံရေးဆပ်ကော်မတီ” အနေဖြင့်လည်း သတ်မှတ်ထားသည့် လုပ်ငန်းတာဝန်များအား လစ်ဟာမှုမရှိအောင် ဘက်စုံထောင့်စုံ သုံးသပ်ဆောင်ရွက်ကာ စနစ်တကျစီမံချက်များ ရေးဆွဲပြီး လုံခြုံရေးအပြည့်အဝရရှိအောင် စစ်ဆေးကြပ်မတ်ဆောင်ရွက်ရန် ပြောကြားလိုပါကြောင်း။

ယနေ့ အစည်းအဝေးသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများအနေဖြင့် ယခင် ကျင်းပခဲ့သည့် ဗဟိုကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများ၊ တွေ့ကြုံနေရသည့် အခက်အခဲများနှင့် လိုအပ်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ အမြဲတမ်းအတွင်းဝန် ဦးဇော်သန်းသင်းက ၂၀၂၁ ခုနှစ်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ၏

*စာမျက်နှာ ၄ သို့*

**“(၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားများကို ကျင်းပရာတွင် COVID-19 ရောဂါ ကူးစက်ဖြစ်ပွားမှု မရှိစေရေးအတွက် “အခမ်းအနား စီစဉ်ဆောင်ရွက်မည့်သူများ လိုက်နာရန် စံလုပ်ငန်းလမ်းညွှန်ချက် (၁၀)ချက်”၊ “လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား”တို့တွင် လိုက်နာဆောင်ရွက်ရမည့် “စံလုပ်ငန်းလမ်းညွှန်ချက် (၆)ချက်” စုစုပေါင်း အချက် (၁၆)ချက်ကို ရေးဆွဲပေးထားပြီးဖြစ်သည့်အတွက် သက်ဆိုင်ရာဆပ်ကော်မတီများနှင့် တာဝန်ရှိသူများအနေဖြင့် အဆိုပါ “စံလုပ်ငန်းလမ်းညွှန်ချက် (၁၆)ချက်” ကို တိတိကျကျ လိုက်နာဆောင်ရွက်”**

*စာမျက်နှာ ၃ မှ*
ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက် (၂၁)ချက်အနက် ဗဟိုကော်မတီက ဆောင်ရွက်ရမည့် ဆုံးဖြတ်ချက် (၆)ချက်နှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းထိုက်ရွှေက "နိုင်ငံတော်အလံတင်နှင့် နိုင်ငံတော်အလံအလေးပြုပွဲ စစ်ရေးပြဆပ်ကော်မတီ"နှင့် စပ်လျဉ်း၍ နံနက်ပိုင်းအခမ်းအနားများတွင် စစ်ရေးပြဆောင်ရွက်မည့် ဂုဏ်ပြုတပ်ဖွဲ့အနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များ၊ စံလုပ်ငန်းလမ်းညွှန်ချက်များအတိုင်း လူဦးရေကန့်သတ်လျှော့ချကာ ဖွဲ့စည်းလေ့ကျင့်ဆောင်ရွက်နေမှု အခြေအနေများ၊ ဇာတ်တိုက်လေ့ကျင့်မှု အခြေအနေများ၊ စစ်ရေးပြအခမ်းအနားတွင် ပါဝင်သည့် အရာရှိ၊ စစ်သည်များအား Swab ယူကာ သီးခြားထားရှိဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

### ပြင်ဆင်ထားမှုအခြေအနေတင်ပြ

ထို့နောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က "နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီ"နှင့် စပ်လျဉ်း၍ ဆပ်ကော်မတီနှင့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းထားရှိမှုနှင့် တာဝန်များ ခွဲဝေချထားမှုအခြေအနေ၊ ဗဟိုကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ နံနက်ပိုင်းအခမ်းအနားများအတွက် လူဦးရေကန့်သတ်လျှော့ချကာ တစ်ဦးနှင့်တစ်ဦး (၈)ပေခွာပြီး နေရာချထားမည့် လျာထားမှုအကွက်ချပုံစံနှင့် အစမ်းဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများ၊ အခမ်းအနားကျင်းပရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေ၊ လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များကို အများပြည်သူမြင်သာအောင် ဆိုင်းဘုတ်ကြီးများ စိုက်ထူသွားမည့် အခြေအနေများ၊ ဖိတ်ကြားရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများနှင့် ရင်ထိုးတံဆိပ်၊ ပန်ကြားလွှာနှင့် ယာဉ်ဝင်/ထွက်ခွင့်ကတ်များ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က "လွတ်လပ်ရေးနေ့ ညှေ့ခံပွဲနှင့် ညစာစားပွဲ ကျင်းပရေးဆပ်ကော်မတီ" နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် သန်းကျော်စိုးက "မီးရှူးမီးပန်းများ ပစ်ဖောက်ရေးဆပ်ကော်မတီ" နှင့် စပ်လျဉ်း၍ ဗဟိုကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ၂၀၂၁ ခုနှစ်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မီးရှူး၊ မီးပန်းများ ပစ်ဖောက်ရာတွင် ယခင်နှစ်ထက် အရေအတွက်နှင့် အချိန်တိုးမြှင့်ပစ်ဖောက်နိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် အများပြည်သူ တွေ့မြင်နိုင်သော နေရာများတွင် ခမ်းနားထည်ဝါစွာ ပစ်ဖောက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

### လုံခြုံရေးအစီအမံများ ရှင်းလင်းတင်ပြ

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် အောင်နိုင်သူနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး စိုးမြင့်ဦးတို့က "လုံခြုံရေးဆပ်ကော်မတီ" နှင့် စပ်လျဉ်း၍ ပေးအပ်ထားသည့်လုပ်ငန်းတာဝန်များအပေါ် ဆောင်ရွက်သွားမည့် လုံခြုံရေးအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် "ပြန်ကြားရေးဆပ်ကော်မတီ" နှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က လွတ်လပ်ရေးနေ့နှင့် လွတ်လပ်ရေးနေ့ အကြိုကာလတွင် နိုင်ငံပိုင် သတင်းစာများ၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့တွင် ထုတ်လွှင့်ဖော်ပြမည့် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်များ၊ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ထုတ်ဝေမည့် သဝဏ်လွှာများ၊ လွတ်လပ်ရေးနေ့ အခမ်းအနားများအား တိုက်ရိုက်ထုတ်လွှင့်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဝင်းမောင်က သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ရိုက်ကူးထားသည့် ယိမ်းအကများနှင့် ပြဇာတ်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက "နိုင်ငံတော်သမ္မတ၏ လွတ်လပ်ရေးနေ့ သဝဏ်လွှာပြုစုရေးဆပ်ကော်မတီ"နှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်းတို့က "ကျန်းမာရေးဆပ်ကော်မတီ" နှင့် စပ်လျဉ်း၍ ၂၀၂၁ ခုနှစ်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျန်းမာရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုအခြေအနေ၊ အစည်းအဝေးဆုံးဖြတ်ချက်များပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ COVID-19 ရောဂါ ကူးစက်ဖြစ်ပွားမှု မရှိစေရေးအတွက် လိုအပ်သည့်ဆေးနှင့် အကာအကွယ်ပစ္စည်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေ၊ အခမ်းအနားကျင်းပမည့် နေရာများတွင် COVID-19 ရောဂါ ကူးစက်ဖြစ်ပွားမှု မရှိစေရေးအတွက် ကြိုတင်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ အခမ်းအနားတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအား ကျန်းမာရေးဆေးစစ်မှု ကြိုတင်ဆောင်ရွက်မည့် အခြေအနေများနှင့် အခမ်းအနားကျင်းပရာတွင် လိုက်နာဆောင်ရွက်ရမည့် စံလုပ်ငန်းလမ်းညွှန်ချက် (၁၆)ချက်အတိုင်း လိုက်နာဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းကူညီ စစ်ဆေးဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က "အားကစားပြိုင်ပွဲများ ကျင်းပရေးဆပ်ကော်မတီ" နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါ်နိုင်သက်ဦးက "စာရင်းစစ်ဆေးရေးဆပ်ကော်မတီ" နှင့်စပ်လျဉ်း၍ ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များနှင့် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

### တာဝန်ခွဲဝေချထားမှုအခြေအနေ တင်ပြ

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးတင်မြင့်က ၂၀၂၁ ခုနှစ်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်သမ္မတအိမ်တော်၊ သဘင်ဆောင်၌ ကျင်းပမည့် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များ၊ စံလုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ အခမ်းအနားသို့ တက်ရောက်မည့် လူအင်အားလျှော့ချထားမှု အခြေအနေ၊ တက်ရောက်မည့် ဧည့်သည်တော်များအား Social Distancing နှင့်အညီ နေရာချထားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် သက်ဆိုင်ရာဌာနများအလိုက် တာဝန်ခွဲဝေချထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက ၂၀၂၁ ခုနှစ်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် သက်ဆိုင်သော အခမ်းအနားများ မကျင်းပမီနှင့် ကျင်းပနေစဉ်အတွင်း လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိစေရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေက ဆပ်ကော်မတီများအလိုက် တင်ပြချက်များ၊ အကြံပြုဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်ကုစားရေး လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၃**

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်ကုစားရေးလုပ်ငန်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၂၀)ကို ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် လုပ်ငန်းကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်သော စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက လုပ်ငန်းကော်မတီအနေဖြင့် ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လျက်ရှိသည့် စီးပွားရေးဆိုင်ရာ သက်ရောက်မှုများနှင့် ပတ်သက်၍ ဆောင်ရွက်ရန် ကိစ္စရပ်များကို ပုံမှန်ညှိနှိုင်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိခဲ့သည့် ကဏ္ဍများမှ စီးပွားရေးလုပ်ငန်းများအတွက် ချေးငွေထုတ်ပေးရေးကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပထမအကြိမ်အဖြစ် လုပ်ငန်းပေါင်း ၃၃၉၄ ခုသို့ ငွေပမာဏ ငွေကျပ် ၁၀၁ ဒသမ ၉၂၈၃ ဘီလီယံကို လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် လုပ်ငန်းပေါင်း ၂၉၃၉ ခုသို့ ချေးငွေကျပ် ၆၄ ဒသမ ၆၆၈၀ ဘီလီယံ ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းကဏ္ဍနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနက တင်ပြလာသည့် ကိစ္စရပ်များအပေါ် ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးစေလိုကြောင်း၊ ကိုဗစ်-၁၉ ကြောင့် စီးပွားရေးအပေါ် သက်ရောက်မှုများနှင့် ပတ်သက်၍ လုပ်ငန်းကော်မတီအနေဖြင့် ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို ကြိုတင်တွက်ဆကာ ညှိနှိုင်းဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်နေသည့် စီးပွားရေးဆိုင်ရာ သက်ရောက်မှုများအပေါ် ဝန်ကြီးဌာနက ပံ့ပိုးဆောင်ရွက်ပေးနေသည့် အခြေအနေများနှင့် ပတ်သက်၍ လည်းကောင်း၊ ထုတ်ပေးထားသည့် ချေးငွေများအပေါ် ထိရောက်မှု ဆန်းစစ်ရေးဆိုင်ရာ ကိစ္စများနှင့် ပတ်သက်၍ လည်းကောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အလုပ်သမားရေးရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကုန်သွယ်မှုဆိုင်ရာ အခြေအနေများ၊ စီးပွားရေးလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ လည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ငွေရေးကြေးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ လည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ပြုစုရေးဆွဲထားသော ကိုဗစ်-၁၉ ဆိုင်ရာ ခရီးသွားလုပ်ငန်းကုစားမှု အစီအစဉ်အရ "ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံသော ဝန်ဆောင်မှုလုပ်ငန်းများ" ဆောင်ရွက်ခြင်းမှတစ်ဆင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းပုံရိပ်မြှင့်တင်ရေး ဆောင်ရွက်မည့် အစီအစဉ်နှင့် ပတ်သက်၍လည်းကောင်း၊ လုပ်ငန်းကော်မတီသို့ ဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီးမှ ပေးပို့တင်ပြလာသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် Geotechnical Site Survey လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ ရေကြောင်းသတိပေးချက်ထုတ်ပြန်

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E&P Myanmar ကုမ္ပဏီသည် ကမ်းလွန်လုပ်ကွက်အမှတ် A–6 တွင် Geotechnical Site Survey လုပ်ငန်းများကို MV FUGRO EQUINOX (Call Sign : C6AJ8) ရေယာဉ်ဖြင့် Point A တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၉ မိနစ် ၁၀ ဒသမ ၈၂၄ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၂ မိနစ် ၄၉ ဒသမ ၃၇၇ စက္ကန့်၊ Point B တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၆ မိနစ် ၁၂ ဒသမ ၁၀၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ် ၄၉ ဒသမ ၃၂၁ စက္ကန့်၊ Point C တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၃၄ မိနစ် ၁၅ ဒသမ ၅၀၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၉ မိနစ် ၂၆ ဒသမ ၄၈၀ စက္ကန့်၊ Point D တွင် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၃၇ မိနစ် ၅၃ ဒသမ ၈၈၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၂ မိနစ် ၄၄ ဒသမ ၆၀၈ စက္ကန့်တို့တွင် (၂၃.၁၂.၂၀၂၀) ရက်နေ့မှ (၃၀.၄.၂၀၂၁) ရက်နေ့အထိ လုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ (၂၃.၁၂.၂၀၂၀) ရက်နေ့မှ (၃၀.၄.၂၀၂၁) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန်အတွက် ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာအပ်ပါသည်။

# ပြည်သူသာလျှင် အဓိက

❖ *ကျောဖုံးမှ*

ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၊ ကျား/မ ရေးရာ တန်းတူညီမျှရေးကွန်ရက်နှင့် အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်တို့မှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂအဖွဲ့အစည်းအသီးသီးမှ ဌာနေကိုယ်စားလှယ်များ၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဝင်များ၊ ပြည်တွင်း၊ ပြည်ပ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မသန်စွမ်းကျောင်းများနှင့် မသန်စွမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက ယခင်နှစ်များက အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်ကောင်စီ နယ်မြေအပါအဝင်တိုင်းဒေသကြီး၊ ပြည်နယ်များ၌ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ခဲ့သော်လည်း ယခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် ယခုကဲ့သို့ Video Conferencing ဖြင့် အခမ်းအနားကို ကျင်းပရခြင်းဖြစ်ပါကြောင်း။

## နှစ်စဉ်ကျင်းပလာ

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာမိသားစုဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ မသန်စွမ်းသူများက လူ့အဖွဲ့အစည်းအပေါ် အကျိုးပြုဆောင်ရွက်နိုင်ခဲ့ခြင်းများကို ကျေးဇူးပြုသည့်အနေဖြင့်သာမက လက်ရှိမသန်စွမ်းသူများသည် လူ့အဖွဲ့အစည်းအတွင်း အများနည်းတူ စွမ်းဆောင်နိုင်စွမ်းရှိခြင်း၊ အသုံးဝင်တန်ဖိုးရှိခြင်းများကို အသိအမှတ်ပြုသည့်အနေဖြင့်ပါ အခမ်းအနားများကို ၁၉၉၄ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပလာခြင်း ဖြစ်ပါကြောင်း။

၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းရေ့ပြေးရလဒ်များအရ မြန်မာနိုင်ငံရှိ မသန်စွမ်းမှုအခြေအနေများကို ဖော်ပြရာတွင် မျက်မှန်တပ်သည့်တိုင်အောင် အမြင်ခက်ခဲခြင်းမှာ ၆ ဒသမ ၃ ရာခိုင်နှုန်း၊ နားကြားကိရိယာတပ်ထားသည့်တိုင် အကြားခက်ခဲခြင်းမှာ ၂ ဒသမ ၄ ရာခိုင်နှုန်း၊ လမ်းလျှောက်နှင့် လှေကားတက်ရာတွင် ခက်ခဲခြင်းမှာ ၅ ဒသမ ၄ ရာခိုင်နှုန်း၊ မှတ်ဉာဏ်နှင့် သင်ယူလေ့လာရာတွင် ခက်ခဲခြင်းမှာ ၄ ဒသမ ၄ ရာခိုင်နှုန်း၊ မိမိကိုယ်ကိုစောင့်ရှောက်ရာတွင် (တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် အဝတ်အစား ဝတ်ဆင်ရာတွင်) ခက်ခဲခြင်းမှာ ၁ ဒသမ ၉ ရာခိုင်နှုန်း၊ အခြားသူများနှင့် ဆက်သွယ်ရာတွင် ခက်ခဲခြင်းမှာ ၁ ဒသမ ၆ ရာခိုင်နှုန်းရှိသည်ကို သိရှိရပါကြောင်း။

## ဆက်လက်ထောက်ပံ့ဆောင်ရွက်

နိုင်ငံတော်အနေဖြင့် အခုကဲ့သို့ ကိုဗစ်-၁၉ ကပ်ရောဂါကြုံတွေ့နေရသည့် အချိန်ကာလအတွင်း ၂၀၃၀ အစီအစဉ်၏ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေးမူနှင့်အညီ အနာကြီးရောဂါသည်များအပါအဝင် မသန်စွမ်းသူအားလုံး အကျုံးဝင်ပါဝင်ခံစားရရှိရန် ရည်ရွယ်၍ COVID-19 Economic Relief Plan (CERP) အရ မသန်စွမ်းသူများ ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေး ပူးပေါင်းကော်မတီ၊ မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် ရင်းနှီးစွာပူးပေါင်းပြီး ထောက်ပံ့ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ဆက်လက်ထောက်ပံ့ဆောင်ရွက်ကြရန်လည်း အလေးအနက်ထား တိုက်တွန်းပြောကြားလိုပါကြောင်း။

မသန်စွမ်းသူများအတွက် အတားအဆီးကင်းသောလူ့အဖွဲ့အစည်းဖြစ်စေရန် Barrier Free Community ဆိုင်ရာ ကနဦးစီမံကိန်းများကို နေပြည်တော် မြို့မဈေးနှင့် ရေပန်းဥယျာဉ်တို့၌ စံနမူနာပြဆောင်ရွက်ထားရှိပြီးဖြစ်၍ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း ဆောင်ရွက်နိုင်ရန် တိုက်တွန်းလိုပါကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၏ခရီးစဉ်ဒေသများတွင်ပါဝင်သော နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပုဂံမြို့တို့ရှိ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သော ဦးစားပေးနေရာများ၌ မသန်စွမ်းသူများအနေဖြင့် အတားအဆီးကင်းမဲ့စွာသွားလာနိုင်ရေး ရှေ့ပြေးစီမံကိန်း(Myanmar Barrier Free Tourism Pilot Project)ကို ၂၀၂၀ ပြည့်နှစ် ဇွန် ၁၄ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ပို၍ကောင်းမွန်သော အစီအစဉ်သစ်များကို ကြုံတွေ့ခံစားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

မသန်စွမ်းမှုကို လူ့အခွင့်အရေးစာချုပ်စာတမ်းများ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာသက်သေထူနိုင်ရန် (၆၁)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း (United Nations Convention on the Rights of Persons with Disabilities- UNCRPD) ကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်က အတည်ပြုချမှတ်ပေးခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသည် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်က မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုလက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံသည် အာရှပစိဖိတ်ဒေသတွင်းနိုင်ငံလည်းဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံလည်းဖြစ်သည့်အတွက် အာရှနှင့် ပစိဖိတ်ဒေသ မသန်စွမ်းသူများဆိုင်ရာ အင်ချွန်းမဟာဗျူဟာ(၂၀၁၃-၂၀၂၂)နှင့် ASEAN Enabling Master Plan (2025) တို့ကို လိုက်နာအကောင်အထည်ဖော်နိုင်ရန် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက်အဖွဲ့အစည်းများ၊ မသန်စွမ်းသူများ၏ အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းလက်တွဲဆောင်ရွက်လျက်ရှိပါကြောင်း။

အင်ချွန်းမဟာဗျူဟာအရ မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းဆိုင်ရာ ကနဦးစီမံကိန်းများကို ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်တို့၌ ဆောင်ရွက်လျက်ရှိရာ ကိုဗစ်ကာလ ပုံစံသစ်အဖြစ် Remote Assessment နှင့် Digitalization နည်းလမ်းများဖြင့် ယခုနှစ်ကုန်အပြီး ကရင်ပြည်နယ်တစ်ခုလုံး လွှမ်းခြုံနိုင်ရေးအတွက် ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း။

## ပိုမိုအောင်မြင်မှုရရှိလာခဲ့

မြန်မာနိုင်ငံအနေဖြင့် အတည်ပြုလက်မှတ်ရေးထိုးခဲ့သော ကွန်ဗင်းရှင်းနှင့်အညီ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ(၂၀၁၅)နှင့် နည်းဥပဒေများ(၂၀၁၇) တို့ကို ပြဋ္ဌာန်းခဲ့သည့်အတွက် မသန်စွမ်းသူများ၏ ဘဝအရည်အသွေးမြှင့်တင်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ပိုမိုအောင်မြင်မှုရရှိလာခဲ့ပါကြောင်း၊ ထင်ရှားသည့် ဆောင်ရွက်မှုများမှာ အမျိုးသားကော်မတီနှင့် လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း၊ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကော်မတီများဖွဲ့စည်းခြင်း၊ လုပ်ငန်းများ အကောင်အထည်ဖော်ရန် ဆပ်ကော်မတီ(၉)ဖြစ်သည့် ကျန်းမာရေးဆပ်ကော်မတီ၊ ပညာရေးဆပ်ကော်မတီ၊ အလုပ်အကိုင်ရေးရာ ဆပ်ကော်မတီ၊ သုတေသန ဆပ်ကော်မတီ၊ စောင့်ကြည့်အကဲဖြတ် ဆပ်ကော်မတီ၊ မသန်စွမ်းအမျိုးသမီးနှင့် ကလေးသူငယ်များရေးရာ ဆပ်ကော်မတီ၊ သဘာဝဘေးနှင့် အခြားအရေးပေါ်အခြေအနေဆိုင်ရာ ဆပ်ကော်မတီ၊ တရားမျှတမှုရရှိနိုင်ရေး ဆပ်ကော်မတီနှင့် သတင်းအချက်အလက် နည်းပညာနှင့် လွယ်ကူစွာသွားလာနေထိုင် အသုံးပြုနိုင်ရေးဆပ်ကော်မတီ ဖွဲ့စည်းခြင်းတို့ဖြစ်ပါကြောင်း။

## အသိအမှတ်ပြု

ASEAN Enabling Master Plan (2025) ကို ထိရောက်အောင် ဆက်လက်ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(၂၀၁၈-၂၀၃၀)၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များနှင့်အညီ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ သဘာဝဘေးနှင့် အခြားအရေးပေါ် အခြေအနေ၊ အလွယ်တကူလက်လှမ်းမီ ရယူအသုံးပြုနိုင်ရေး စသည့်လျာထားအခန်းများပါဝင်သည့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ (၅) နှစ်စီမံကိန်းမူကြမ်းကို ၂၀၂၀ ပြည့်နှစ်အကုန်တွင် အတည်ပြုနိုင်ရန် Technical Core Group က ဦးဆောင်၍ ဆပ်ကော်မတီ (၉)ခုက တာဝန်ရှိသူများနှင့်အတူ မူကြမ်းရေးဆွဲဆောင်ရွက်နေပြီဖြစ်ပြီး ယင်းအတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

အနာဂတ်ကာလတွင် မသန်စွမ်းသူများအတွက် အတားအဆီးကင်းသည့် လူ့အဖွဲ့အစည်းတစ်ရပ် ဖန်တီးဆောင်ရွက်ပေးခြင်းသည် မသန်စွမ်းသူများ၏ဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ပြည့်မီစေခြင်းလည်း ဖြစ်ပါကြောင်း၊ မသန်စွမ်းသူများအတွက် ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ရာတွင် မသန်စွမ်းသူများကိုယ်တိုင်ပူးပေါင်းပါဝင်မှုကိုလည်း အသိအမှတ်ပြုကျေးဇူးတင်ရှိပါကြောင်း။

ယခုနှစ်ကျရောက်သော အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့၏ ဆောင်ပုဒ်ဖြစ်သည့် **"Building Back Better: toward a disability-inclusive, accessible and sustainable post COVID-19 World" "ပိုမိုကောင်းမွန်သည့် COVID-19 အလွန်ကမ္ဘာ တည်ဆောက်ဖို့ မသန်စွမ်းသူများ လက်လှမ်းမီပါဝင်ပြီး ရေရှည်တည်တံ့စေရန် ကြိုးစားစို့"** နှင့်အညီ ကိုဗစ်-၁၉ ကာလအတွင်း မသန်စွမ်းသူများကို ဆက်လက်ထောက်ပံ့နိုင်ရေး၊ မသန်စွမ်းသူများအတွက် အရင်းမပျောက် မတည်ရန်ပုံငွေ(၃) ဘီလီယံဖြင့် မသန်စွမ်းသူများ၏ ဘဝအခြေအနေ မြင့်မားတိုးတက်စေရေး၊ ကိုဗစ်-၁၉ ကာလအတွင်း စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ အကူအညီပေးရေး၊ Case Management လုပ်ငန်းများမှတစ်ဆင့် ကာကွယ်စောင့်ရှောက်ရေးနှင့် UNCRPD ကော်မတီက ပေးပို့လာသော Conclusion Ovservation များကို ထိထိရောက်ရောက် စီမံဆောင်ရွက်နိုင်ရေးတို့အတွက် အသေအချာ အကောင်အထည်ဖော်ဆောင်ရွက်ကြပါဟုတိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့သည့် ၂၀၂၀ ပြည့်နှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်သဝဏ်လွှာကို United Nations Resident and Humanitarian Coordinator, Mr. Ola Almgren က ဖတ်ကြားသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဂုဏ်ပြုစကားပြောကြားပြီး မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်ဥက္ကဋ္ဌ ဦးအောင်ကိုမြင့်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ၂၀၂၀ ပြည့်နှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု ရရှိကြသူများကို ကြေညာသည်။

မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ကို ၁၉၉၄ ခုနှစ်မှစတင်၍ နှစ်စဉ်အစဉ်အလာမပျက် ကျင်းပလျက်ရှိရာ ယခု ၂၀၂၀ ပြည့်နှစ်တွင် (၂၇)ကြိမ် ရှိပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လုပ်ငန်းညှိနှိုင်းရေးအစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လုပ်ငန်းညှိနှိုင်းရေးအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသား ပြန်လည်သ င့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စု ရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ငြိမ်းချမ်းရေး ကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးပြုံးချို(ခ)ဦးငွေးဝင်းအောင်၊ ငြိမ်းချမ်းရေး ကော်မရှင်အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေ၊ ဦးမိုးဇော်ဦးနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တက်ရောက်လာကြသူများက NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ NCA လက်မှတ် မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လုပ်ငန်းညှိနှိုင်းရေးအစည်းအဝေး ဒုတိယနေ့ကို ဒီဇင်ဘာ ၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်း- မျိုးမင်းနိုင်
ဓာတ်ပုံ- ကိုလေး



ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လုပ်ငန်းညှိနှိုင်းရေးအစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

# တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်

ဒေါက်တာ ခင်ချောစုကြည် ၊ ပညာရေးဝန်ကြီးဌာန

**"ရန်ကုန်တက္ကသိုလ်" ဟု ဆိုလိုက်သည်နှင့် ဘွဲ့နှင်းသဘင်ခန်းမ၊ အဓိပတိလမ်း၊ အပန်းဖြေရိပ်သာ၊ ဂျပ်ဆင်၊ သစ်ပုပ်ပင်နှင့်အတူ ခွဲခြားမရသည့်နေရာတစ်ခုမှာ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် (Universities' Central Library-UCL) ပင်ဖြစ်သည်။ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်သည် ရန်ကုန်တက္ကသိုလ်တွင် အထင်ကရ နေရာ ၊ အဓိက အမှတ်အသားတစ်ခုအနေဖြင့်သာ မဟုတ်ဘဲ ပညာရှင်များ၊ ဆရာ ဆရာမများ၊ သုတေသီများ၊ ဘွဲ့ကြို ဘွဲ့လွန် ကျောင်းသူ ကျောင်းသားများနှင့် ဗဟုသုတ ရှာဖွေစုဆောင်းလိုသူများ၏ စာပေလေ့လာဖတ်ရှုစရာ ဘုမ္မိနက်သန်စာပေဘဏ်ကြီးဟု တင်စားဂုဏ်ပြုခေါ်ဆိုထိုက်သည့် နေရာလည်းဖြစ်သည်။**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်သို့ လာရောက်ကြည့်ရှုစစ်ဆေးစဉ်။

အမိရန်ကုန်တက္ကသိုလ်ကြီးကို ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် တည်ထောင်ခဲ့ပြီး အကျယ်အဝန်းမှာ ဧက ၄၀၀ ရှိသည်။ ရေကန်သာနှင့် ရောင်စုံကြာ ဒွန်တွဲနေသကဲ့သို့ တက္ကသိုလ်တစ်ခု၏ ဂုဏ်အင်္ဂါတစ်ရပ်ဖြစ်သော ဘွဲ့နှင်းသဘင်ခန်းမနှင့် စာကြည့်တိုက်တစ်ခု တည်ဆောက်ရန်လည်း စီစဉ်ခဲ့ကြပါသည်။ သုတေသနစာတမ်းများ ပြုစုရာတွင် အထောက်အကူဖြစ်စေရန်နှင့် ရည်ညွှန်းကိုးကားနိုင်သောစာအုပ်များ တစ်စုတစ်စည်းတည်း သိမ်းဆည်းထားနိုင်ရန် ရည်ရွယ်ပြီး ၁၉၂၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်အဆောက်အအုံကို စတင်တည်ထောင်ခဲ့သည်။ ၁၉၂၇ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့တွင် ထိုစဉ်က တက္ကသိုလ်အဓိပတိ ဆာဟာကုတ်ဘတ်တလာ (Sir Harcourt Butler) က အုတ်မြစ်ချကာ စတင်ဆောက်လုပ်ခဲ့သည်။ ရန်ကုန်တက္ကသိုလ် သဟာယအဖွဲ့ဝင်ဖြစ်သူ တမီးလ်နွယ်ဖွား ရောင်းဗဟာဒူး ရာမာနသာ ရဲဒီးယား (Rao Bahadur Ramantha Reddier)က အလှူငွေကျပ် နှစ်သိန်း ပေးအပ်လှူဒါန်းခဲ့ရာ ရန်ကုန်တက္ကသိုလ် အာဏာပိုင်အဖွဲ့က ဂုဏ်ထူးဆောင် ပါရဂူဒေါက်တာဘွဲ့ ချီးမြှင့်ခဲ့ကြောင်းလည်း မှတ်တမ်းများအရ သိရှိရသည်။

စာကြည့်တိုက်ပုံသဏ္ဌာန်မှာ အင်္ဂလိပ်စာလုံး အယ်လ်(L) ပုံဖြစ်ပြီး အရှည်ပေ ၁၃၀၊ အနံ ၄၂ ပေ ကျယ်ဝန်းသည်။ ရန်ကုန်တက္ကသိုလ်ဖွင့်အပြီး ၁၁ နှစ်အကြာ ၁၉၃၁ ခုနှစ်တွင် ယခု အဓိပတိလမ်းနှင့် စစ်ကိုင်းလမ်းထောင့် အဆောက်အအုံနေရာ၌ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ကို စတင်ဖွင့်လှစ်နိုင်ခဲ့သည်။

### နှစ်ပေါင်းကိုးဆယ်ကျော်ရှိနေပြီ

၁၉၆၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ကို ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန လက်အောက်သို့ လွှဲပြောင်းခဲ့ပြီး စာကြည့်တိုက်၏ အမည်ကို တက္ကသိုလ်များဗဟိုစာကြည့်တိုက် (Universities' Central Library-UCL) အဖြစ် ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ ယခု ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့က ရန်ကုန်တက္ကသိုလ်ကြီးမှာ သက်တမ်း နှစ် ၁၀၀ ပြည့်မြောက်ပြီဖြစ်ရာ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်၏ သက်တမ်းမှာလည်း နှစ်ပေါင်းကိုးဆယ်ကျော် ရှိနေပြီဖြစ်သည်။

အမိရန်ကုန်တက္ကသိုလ်ကြီးသည် ၁၉၄၀ ပြည့်နှစ်၊ ၁၉၅၀ ပြည့်နှစ် အချိန်များဆီက အရှေ့တောင်အာရှဒေသနှင့် အာရှတက္ကသိုလ်များအနက် အကောင်းဆုံးသော တက္ကသိုလ်ကြီးအဖြစ် ထင်ရှားကျော်ကြားခဲ့သည်။ ထို့အတူပင် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်သည်လည်း ရှေးဟောင်းပေပုရပိုက်များ၊ ရိုးရာယဉ်ကျေးမှုဆိုင်ရာ အထောက်အထားနှင့် မှတ်တမ်းမှတ်ရာများ စုံလင်စွာစုစည်းတည်ရှိသဖြင့် သမိုင်းနှင့် ယဉ်ကျေးမှုကို အထူးပြုသည့် အရှေ့တောင်အာရှရှိ စာကြည့်တိုက်များတွင် အကောင်းဆုံးတက္ကသိုလ် စာကြည့်တိုက်တစ်ခုအဖြစ် ဂုဏ်သတင်းကျော်စောခဲ့ပါသည်။

သို့သော် စစ်ကြီးမတိုင်မီက ခေတ်အမီဆုံးနှင့် စာအုပ်စာတမ်း အစုံလင်ဆုံးဖြစ်ခဲ့သည့် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်သည် ဒုတိယကမ္ဘာစစ်အတွင်း စစ်ဒဏ်ကိုပြင်းပြင်းထန်ထန်ခံရပြီး တန်ဖိုးမဖြတ်နိုင်အောင် ဆုံးရှုံးခဲ့ရသည်။ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်ဟု ယနေ့မြင်တွေ့နေရသော အဆောက်အအုံသစ်ကို စစ်ပြီးခေတ်တွင် ပြန်လည်တည်ဆောက်ထားခဲ့ခြင်းဖြစ်ပြီး စာအုပ်စာတမ်းများကို ပြန်လည်စုဆောင်းခဲ့ရခြင်းဖြစ်သည်ဟု လေ့လာသိရှိရသည်။

### ထည်ဝါစွာဖြစ်ပေါ်လာ

၁၉၇၃ ခုနှစ်တွင် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် အဆောက်အအုံအသစ်ကို မူလအဆောက်အအုံနှင့် ကပ်လျက်ဆောက်လုပ်ခဲ့ပြီး ၁၉၈၀ ပြည့်နှစ်တွင် အဆောက်အအုံသစ် ပြီးစီးခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် တက္ကသိုလ်များဗဟိုစာကြည့်တိုက်နှင့် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ဟူ၍ စာကြည့်တိုက်နှစ်ခု ပြောင်းလဲဖွင့်လှစ်ခဲ့သည်။ တက္ကသိုလ်များဗဟိုစာကြည့်တိုက် အဆောက်အအုံသစ်၏ဒီဇိုင်းကို ဗိသုကာကြီး စည်သူဦးတင်၏မြေး ဗိသုကာဦးခင်မောင်လွင်က ရေးဆွဲခဲ့သည်။ စာကြည့်တိုက်နှင့် စာအုပ်များ၏ သဘာဝအရ ရာသီဥတုဒဏ်နှင့် သဘာဝဝန်းကျင်ထိခိုက်မှုရန်မှ လုံခြုံစိတ်ချရစေရန် အထူးပြုဆောက်လုပ်ခဲ့သည်ဟု သိရှိရပါသည်။ ၁၉၉၂ ခုနှစ်တွင် သုံးထပ်အဆောက်အအုံ ထပ်မံဆောက်လုပ်ကာ မူလအဆောက်အအုံနှင့် ချိတ်ဆက်လိုက်သည့်အတွက် ယနေ့ကျွန်မတို့ မြင်တွေ့နေရသည့် တက္ကသိုလ်များဗဟိုစာကြည့်တိုက်ကြီးအဖြစ် ခံ့ညားထည်ဝါစွာဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ပထမဆုံး ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်မှူးအဖြစ် စာကြည့်တိုက်ပညာ စတင်လေ့လာခဲ့သည့် ဦးခင်ဇော် (ကလောင်အမည် - ဇေ)က ၁၉၃၀ ပြည့်နှစ်မှ ၁၉၄၅ ခုနှစ်အထိ တာဝန်ယူခဲ့ပြီး ၁၉၄၆ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ ဆရာဦးသိန်းဟန် (ဆရာဇော်ဂျီ) က တာဝန်ယူခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် အခေါ်အဝေါ်ပြောင်းလဲခဲ့သည့် တက္ကသိုလ်များဗဟိုစာကြည့်တိုက်၏ စာကြည့်တိုက်မှူးကြီးများအဖြစ် ၁၉၆၈ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ စည်သူဒေါက်တာသော်ကောင်း၊ ၁၉၉၈ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ဒေါ်တင်ဖုန်းနွယ်၊ ၂၀၀၆ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ တာဝန်ခံစာကြည့်တိုက်မှူး ဒေါ်တင်ဝင်းရည်၊ ၂၀၁၂ ခုနှစ်မှ ၂၀၁၅ အထိ တာဝန်ခံစာကြည့်တိုက်မှူး ဒေါ်စုစု၊ ၂၀၁၅ မှ ၂၀၁၆ အထိ တာဝန်ခံစာကြည့်တိုက်မှူး ဒေါ်နုနုစံ၊ ၂၀၁၆ မှ ၂၀၁၈ အထိ စာကြည့်တိုက်မှူးကြီး ဒေါ်ယုယုတင်၊ ၂၀၁၈ မှ ၂၀၁၉ အထိ တာဝန်ခံစာကြည့်တိုက်မှူး ဒေါက်တာ နီနီနိုင်နှင့် ၂၀၁၉ ခုနှစ်မှ ယနေ့အထိ စာကြည့်တိုက်မှူးကြီး ဒေါက်တာ လှိုင်လှိုင်ကြီးက တာဝန်ယူ ဆောင်ရွက်နေပါသည်။

### ပညာရှာမှီးသူများ

ရန်ကုန်တက္ကသိုလ်တွင် ပညာရှာမှီးသူများကဲ့သို့ပင် ကျွန်မသည်လည်း ရည်ညွှန်းစာအုပ်များ ရှာဖွေငှားရမ်းရန်၊ ပြန်လည်အပ်နှံရန် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်သို့ အခေါက်ခေါက်အခါခါ လိုအပ်သည့်စာအုပ်စာတမ်းများ ရှာဖွေဖတ်ရှုသူများရှိသကဲ့သို့ စာဖတ်ခြင်းကို နှစ်သက်၍ အချိန်ယူကာ စာလာဖတ်သူများလည်း ရှိပါသည်။ ထိုစဉ်အခါကမူ မိမိရှာဖွေလိုသည့် စာအုပ်များကို စာအုပ်အမည်ဖြင့်လည်းကောင်း၊ စာရေးသူအမည်ဖြင့်သော်လည်းကောင်း၊ ဘာသာရပ်အလိုက်သော်လည်းကောင်း ရှာဖွေနိုင်ရန် စီစဉ်ထားသည့် ကက်တလောက်များ ထည့်ထားသော သစ်သားအံဆွဲလေးများ ဆွဲထုတ်ကာ စာအုပ်များကို ရှာဖွေရသည်။ အလိုရှိသည့် စာအုပ်ကိုတွေ့ပါက ကက်တလောက်မှ တိုက်ပိုင်အမှတ်နှင့် မျိုးတူစုနံပါတ်ကိုမှတ်ကာ စာငှားကောင်တာသို့ ပြရသည်။ ယခုအခါ ကွန်ပျူတာဖြင့် စာအုပ်များကို စာရင်းသွင်းထားသည့်အတွက် စာအုပ်စာတမ်းများကို အလွယ်တကူ ရှာဖွေနိုင်ပြီဖြစ်သည်။

*စာမျက်နှာ ၇ သို့*

**"ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်သည်လည်း ရှေးဟောင်းပေပုရပိုက်များ၊ ရိုးရာယဉ်ကျေးမှုဆိုင်ရာ အထောက်အထားနှင့် မှတ်တမ်းမှတ်ရာများ စုံလင်စွာစုစည်းတည်ရှိသဖြင့် သမိုင်းနှင့်ယဉ်ကျေးမှုကို အထူးပြုသည့် အရှေ့တောင်အာရှရှိ စာကြည့်တိုက်များတွင် အကောင်းဆုံးတက္ကသိုလ် စာကြည့်တိုက်တစ်ခုအဖြစ် ဂုဏ်သတင်းကျော်ဇောခဲ့"**




တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်။

# ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ်ဆောင်းပါး



*စာမျက်နှာ ၆ မှ*

တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်တွင် မြန်မာဘာသာဖြင့် ရေးသားထားသည့် စာအုပ်ပေါင်း ၂၃၄၈၀၀ ကျော်၊ အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေထားသည့် စာအုပ်ပေါင်း ၄၂၆၅၀၀ ကျော် ၊ ပေစာ ၁၇၀၀၀ ကျော်နှင့် ပုရပိုက် ၄၀၀၀ ကျော်၊ ကျမ်းစာအုပ်ပေါင်း ၂၉၀၀၀ ကျော်ကို စုဆောင်းထားရှိကြောင်း လေ့လာသိရှိရပါသည်။

**ဝက်ဘ်ဆိုက်မှတစ်ဆင့် ဖတ်ရှုနိုင်**

တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်တွင် စုဆောင်းထားရှိသော အင်္ဂလိပ်၊ မြန်မာ စာအုပ်များ၊ Thesis and Dissertation၊ ပေစာ၊ e-book များနှင့် e-Resource database များကို မိမိတို့နေအိမ်မှ UCL website (www.uclmyanmar.org) တွင် ဖတ်ရှုနိုင်ရန် စီစဉ်ပေးနိုင်ခဲ့သည်။ ရှာဖွေလိုသောစာအုပ်များကို UCL website ရှိ OPAC (Online Public Access Catalogue) တွင် စာရေးသူအမည်၊ စာအုပ်အမည်၊ ပညာရပ်အမည်တို့ဖြင့် အလွယ်တကူပင်ရှာဖွေနိုင်သဖြင့် စာကြည့်တိုက်ဖွင့်ချိန် စောင့်နေစရာမလိုဘဲ သိလိုသမျှ ချက်ချင်းဖတ်ရှုလေ့လာနိုင်ကြသည်။ ထို့အပြင် တက္ကသိုလ် ၂၅ ခုမှ Myanmar, English, Thesis စာအုပ်များကိုလည်း Union Catalogue တွင် ဝင်ရောက်ဖတ်ရှုနိုင်ပြီဖြစ်ပါသည်။

**နှစ်ပတ်ငှားရမ်းနိုင်**

တစ်ချိန်က ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်သည် တက္ကသိုလ်ဆရာ ဆရာမများ၊ တက္ကသိုလ်ကျောင်းသူ ကျောင်းသားများသာ အသုံးပြုခွင့်ရှိခဲ့သော်လည်း ယခုအခါ မည်သူမဆို စာကြည့်တိုက် အသင်းဝင်ခွင့်လျှောက်ထားနိုင်ပြီး စာအုပ်ငှားရမ်းနိုင်ပြီ ဖြစ်သည်။ ဆရာ ဆရာမများအတွက် တစ်ခါငှားလျှင် စာအုပ် ငါးအုပ်၊ အချိန်ကာလ တစ်လ ငှားယူနိုင်ပြီး ကျောင်းသူ ကျောင်းသားများအတွက် စာအုပ် ငါးအုပ်ကို အချိန်ကာလ နှစ်ပတ် ငှားရမ်းနိုင်ပါသည်။

တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် ဖွင့်ချိန်မှာ တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖြစ်သည်။

ယနေ့ နည်းပညာခေတ်တွင် ခေတ်နှင့်လျော်ညီသည့် စာကြည့်တိုက်များဖြစ်ရန် စာအုပ်စာတမ်းအရေအတွက်များရုံ၊ စာအုပ်စာပေအမျိုးအစားစုံရုံမျှဖြင့် မလုံလောက်တော့ဘဲ အခြား ပြည်တွင်းပြည်ပ စာကြည့်တိုက်များနှင့် ချိတ်ဆက်ပြီး စာအုပ်စာတမ်းများ မျှဝေသုံးစွဲဖတ်ရှုနိုင်ရန်၊ စာအုပ်စာတမ်းနှင့် မှတ်တမ်းမှတ်ရာများကို ထိန်းသိမ်းသည့် ခေတ်မီနည်းပညာများ တတ်မြောက်ရန်လည်း လိုအပ်လာပါသည်။ ထို့ပြင် စာကြည့်တိုက်ကို စနစ်တကျ စီမံခန့်ခွဲနိုင်သည့် စာကြည့်တိုက်မှူးများ မွေးထုတ်ပေးသော စာကြည့်တိုက်ပညာရပ်ကိုလည်း အားပေးရမည်ဖြစ်သည်။

**စာကြည့်တိုက်ပညာပါရဂူဘွဲ့ရများ မွေးထုတ်**

၁၉၇၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ စာကြည့်တိုက်နှင့် သုတပညာဌာနကို မိတ်ဆက်နိုင်ခဲ့ပြီး ဘွဲ့လွန်ဒီပလိုမာသင်တန်းများ ဖွင့်လှစ်ခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် (Library & Information Studies Department) အဖြစ် ဖွဲ့စည်းပြီး ၂၀၀၀ ပြည့်နှစ်တွင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်နှင့် မန္တလေး ရတနာပုံတက္ကသိုလ်တို့၌ လည်းကောင်း၊ ရန်ကုန်တက္ကသိုလ်တွင် ၂၀၁၅ ခုနှစ်မှစ၍ လည်းကောင်း ဘွဲ့ကြိုသင်တန်းများ ဖွင့်လှစ်ခဲ့ပါသည်။ ယခုအခါ ရန်ကုန်တက္ကသိုလ်တွင် စာကြည့်တိုက် ပညာပါရဂူဘွဲ့ရများကိုပင် မွေးထုတ်ပေးနေပြီဖြစ်ကြောင်း အားရဖွယ် သိရှိရပါသည်။

**ပညာဘဏ်တိုက်**

အချုပ်ဆိုရသော် စာကြည့်တိုက်ဟူသည် လူမှုအဖွဲ့အစည်း၏ ယဉ်ကျေးမှုဗဟိုဌာနဖြစ်သည့်အပြင် သတင်းအချက်အလက်နှင့် စဉ်ဆက်မပြတ် လေ့လာသင်ယူရာ နေရာလည်း ဖြစ်သည်။ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်သည်လည်း သုတရသ ပြည့်စုံသည့် အနာဂတ်မျိုးဆက် နိုင်ငံ့သားကောင်းများအတွက် ပညာဘဏ်တိုက်အဖြစ် ပံ့ပိုးပေးပြီး ယခင်က ပိုင်ဆိုင်ခဲ့ဖူးသော အကောင်းဆုံးတက္ကသိုလ် စာကြည့်တိုက်တစ်ခုဟူသည့် ဂုဏ်ဒြပ်ကိုပြန်လည်ထိန်းသိမ်းကာ အမိရန်ကုန်တက္ကသိုလ်ကြီးကို ပိုမိုဂုဏ်တင့်တယ်အောင် ထာဝစဉ်စွမ်းဆောင်နိုင်ပါစေရန် ဆန္ဒပြုလိုက်ရပါသည်။ ။

ရည်ညွှန်းကိုးကားချက်။
http://www.uclmyanmar.org/
စာကြည့်တိုက်အသံ (your library, your voice)



**ဆောင်းပါးရှင်၏ ကိုယ်ရေးအကျဉ်း**

- ဒေါက်တာ ခင်ချောစုကြည်သည် ရန်ကုန်တက္ကသိုလ်တွင် ၁၉၉၃ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ရူပဗေဒ ပထမနှစ် ဂုဏ်ထူးတန်းမှ မဟာသိပ္ပံတန်းကို တက်ရောက်ခဲ့သည်။
- ၁၉၉၉ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ ရန်ကုန် နည်းပညာတက္ကသိုလ် ဓာတုအင်ဂျင်နီယာဌာနတွင် ပါရဂူဘွဲ့ကို ဆက်လက်တက်ရောက်ခဲ့ပြီး ပညာရေးဝန်ကြီးဌာန၊ ဒြပ်ပစ္စည်းသိပ္ပံသုတေသနဌာနတွင် တာဝန်ထမ်းဆောင်နေပါသည်။

# တစ်နှစ်လျှင် အင်ဂျင်နီယာ ၃၀၀ မွေးထုတ်ပေးနိုင်မည့် အစိုးရ စက်မှုလက်မှုသိပ္ပံ(ဒလ) တည်ဆောက်လျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၃**

နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဖြစ်သော အဆောက်အအုံ၊ လမ်း၊ တံတား၊ ဆည်မြောင်း၊ တာတမံများ တည်ဆောက်ရာတွင် လိုအပ်သော စက်မှုလက်မှု အတတ်ပညာရှင်များဖြစ်သည့် အင်ဂျင်နီယာများကို ပြည်တွင်း၌ ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရပညာရေးဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနက ဒလမြို့နယ်၌ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းကို တည်ဆောက်ပေးလျက်ရှိသည်။



အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း(ဒလ)မှ ၅၀ ရာခိုင်နှုန်းကျော် ဆောက်လုပ်ပြီးစီးနေသော အဆောက်အအုံတစ်ခု။

အဆိုပါ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းကို ဒလမြို့နယ် သပြေကုန်းကျေးရွာအနီး (၁၁/၁၄)ရပ်ကွက်အတွင်း မြေ ၂၅ ဧကပေါ်၌ ဆောက်လုပ်နေခြင်းဖြစ်ပြီး ဆောက်လုပ်ရေးကုမ္ပဏီ ၁၀ ခုက ဆောက်လုပ်ရေးလုပ်ငန်းပေါင်း ၁၅ ခုကို အကောင်အထည်ဖော် တည်ဆောက်လျက်ရှိရာ ယခုအခါ အဆောက်အအုံအချို့ အကောင်အထည်ပေါ်နေပြီဖြစ်ကြောင်း၊ အဆိုပါကျောင်းကြောင့် ဒေသဖွံ့ဖြိုးလာတော့မည် လည်းဖြစ်၍ ဒေသခံပြည်သူများ ဝမ်းမြောက်လျက်ရှိနေကြောင်း သိရသည်။

အစိုးရစက်မှုလက်မှုသိပ္ပံ တည်ဆောက်ခြင်းအတွက် ခွင့်ပြုရန်ပုံငွေကျပ်သန်းပေါင်း ၄၀၀၀ ကျော် ခွင့်ပြုထားကြောင်း၊ စီမံကိန်းအတွက် လျာထားသည့် အဆိုပါ ငွေကျပ်သန်းပေါင်း ၄၀၀၀ ကို တစ်ကြိမ်တည်းပေးခြင်းမဟုတ်ဘဲ ဘတ်ဂျက်နှစ်အလိုက် ပေးမည်ဖြစ်၍ နှစ်အလိုက် ရသည့် ဘတ်ဂျက်ဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံ တည်ဆောက်ပြီးစီးပါက တစ်နှစ်လျှင် နိုင်ငံတော်အတွက် အင်ဂျင်နီယာ ဦးရေ ၃၀၀ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း ဒလမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၏ ပြောကြားချက်အရ သိရသည်။

အစိုးရစက်မှုလက်မှုသိပ္ပံ(ဒလ)တည်ဆောက်ရေး စီမံကိန်းတွင် အလျား ၁၉၂ ပေ၊ အနံ ၃၈ ပေရှိ RCC သုံးထပ်စာသင်ဆောင်၊ အလျား ပေ ၅၀၊ အနံ ၃၆ ပေရှိ RCC တစ်ထပ် အုပ်ချုပ်မှုဆောင်၊ အလျား ပေ ၆၀၊ အနံ ၄၈ ပေရှိ RCC တစ်ထပ် Kitchen Theatre တစ်ဆောင်၊ အလျား ပေ ၆၀၊ အနံ ပေ ၅၀ ရှိ RCC တစ်ထပ် အထွေထွေသုံးခန်းမဆောင်၊ အလျား ၁၂ ပေ၊ အနံ ၁၅ ပေရှိ RCC တစ်ထပ် မီးစက်ရုံ၊ အရှည် ပေ ၁၈၀၀၊ အကျယ် ၁၆ ပေရှိ ကွန်ကရစ်လမ်း၊ အလျား ၈၈ ပေ၊ အနံ ၄၄ ပေရှိ RCC နှစ်ထပ် သင်ကြားရေးဆောင်၊ အလျား ၁၅၂ ပေ၊ အနံ ၃၄ ပေရှိ သံကူကွန်ကရစ် နှစ်ထပ် ကျောင်းသား ကျောင်းသူ အိပ်ဆောင်၊ အလျား ၇၈ ပေ၊ အနံ ၉၄ ပေရှိ လေးခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာ စသည့် အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများနှင့်အတူ ခြံစည်းရိုး Chain Link ကာရံခြင်း၊ ရေရရှိရေးနှင့် မီးရရှိရေးလုပ်ငန်းများလည်း ပါဝင်ကြောင်း သိရသည်။

"အစိုးရ စက်မှုလက်မှုသိပ္ပံ ဆောက်နေတာ တချို့ဆိုတော်တော်ပြီးနေပြီ။ ကိုယ့်မြို့က ကလေးတွေ ကိုယ့်မြို့မှာပဲ သင်ကြားခွင့်ရတော့မယ်။ ရေရှည်မှာ ကျွန်တော်တို့မြို့လည်း ဖွံ့ဖြိုးလာမယ်၊ ခုလည်း ဒေသခံတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ရနေပါပြီ။ အလွန် ဝမ်းသာပါတယ်"ဟု သပြေကုန်းကျေးရွာသားတစ်ဦးဖြစ်သူ ဦးကြာနီက ပြောသည်။ ဆောက်လုပ်ရေးလုပ်ငန်းများကို ယခုနှစ် ဇွန်လ နောက်ဆုံးပတ်အတွင်းက စတင်ဆောင်ရွက်ကြကြောင်း သိရသည်။

မောင်ယဉ်ဦး (ဒလ)

# ပင်လောင်းမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှုပြုလုပ်

**ပင်လောင်း ဒီဇင်ဘာ ၃**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်း မဖြစ်မနေ တပ်ဆင်ရေး လူထုလှုပ်ရှားမှု စီမံချက်ကို လူစည်ကားရာ နေရာများဖြစ်သည့် ပင်လောင်းမြို့မဈေးနှင့် ပျံကျဈေးတို့၌ ယမန်နေ့က ဆောင်ရွက်ခဲ့သည်။



ဈေးသည်တစ်ဦးအား နှာခေါင်းစည်းနှင့် မျက်နှာအကာကို မဖြစ်မနေတပ်ဆင်ရန် အသိပညာပေးနေစဉ်။

နှာခေါင်းစည်း တပ်ဆင်ရေး လူထုလှုပ်ရှားမှု စီမံချက် ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကုသရေး နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ် စည်ပင်သာယာရေးဌာန၊ မြို့နယ် ပညာရေးဌာန၊ မြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဝင် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ ပူးပေါင်းပါဝင်ကြပြီး မြို့မဈေးအတွင်းနှင့် ပျံကျဈေးတို့မှ ဈေးရောင်းသူများအနေဖြင့် နှာခေါင်းစည်းနှင့် မျက်နှာအကာများကို မဖြစ်မနေ တပ်ဆင်ရောင်းချရေးနှင့် ဈေးဝယ်သူများ အနေဖြင့်လည်း နှာခေါင်းစည်းကို မဖြစ်မနေ တပ်ဆင်၍ လာရောက်ဝယ်ယူရေး အသိပညာပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ကြခြင်းဖြစ်သည်။

ရဲမင်းပိုင် (ပင်လောင်း)

# ကလေးခရိုင် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ ခွဲစိတ်ခန်းသုံးစက်များ လာရောက်လှူဒါန်း

**ကလေး ဒီဇင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ခရိုင် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ ခွဲစိတ်ခန်းသုံး PAPR နှင့် ECG 3 channel စက်ကို ယမန်နေ့က လာရောက်လှူဒါန်းသည်။

ထိုသို့လှူဒါန်းရာတွင် သုခရွှေပြည်ဆေးဆိုင်မှ ခွဲစိတ်ခန်းသုံး PAPR တစ်လုံးကိုလည်းကောင်း၊ Royal City ဆေးဆိုင်နှင့် ကိုဝင်းမင်းထိုက်တို့မှ PAPR တစ်လုံးကိုလည်းကောင်း OSO စက်သုံးဆီဆိုင်မိသားစုမှ ECG 3 Channel စက် တစ်လုံးကိုလည်းကောင်း လာရောက်လှူဒါန်းကြရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရှားမီး(ခ) အေးအေးမူ၊ ကလေးခရိုင် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ချိုနှင့် ကော်မတီမှ တာဝန်ရှိသူများက လက်ခံယူကြသည်။

အဆိုပါ ခွဲစိတ်ခန်းသုံး PAPR တို့ကို ကလေးမြို့ပြည်သူ့ဆေးရုံကြီးမှ အရိုးအကြောအထူးကုဆရာဝန်ကြီး ဒေါက်တာဝင်းထွဋ်ထံသို့လည်းကောင်း၊ ECG 3 channel စက်ကို သမားတော်ကြီးဒေါက်တာမျိုးသင်းထံသို့ လည်းကောင်း ဆက်လက်လွှဲပြောင်းပေးအပ်ကြကြောင်း သိရသည်။

ထန်းဖုန်(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် 6th India- CLMV Business Conclave 2020 သို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၃**

အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် Confederation of Indian Industry (CII) တို့ ပူးပေါင်း၍ ဒီဇင်ဘာ ၃ ရက်မှ ၄ ရက်အထိ ကျင်းပသည့် 6th India- CLMV Business Conclave 2020 ၏ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီတွင် Virtual စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အိန္ဒိယနှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်တို့သည် ယဉ်ကျေးမှုအနုပညာနှင့် ဓလေ့ထုံးတမ်းများ တူညီမှုများစွာရှိပြီး မဟာဗျူဟာမြောက် နိုင်ငံရေးနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်လျက်ရှိကြသော အိမ်နီးချင်းနိုင်ငံများ ဖြစ်ကြပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်သည် အိန္ဒိယနှင့် CLMV နိုင်ငံများအကြား ဒစ်ဂျစ်တယ် စီးပွားရေးပေါင်းစည်းဆောင်ရွက်မှုဆိုင်ရာ မှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့သည့် ထူးခြားသောနှစ်တစ်နှစ်လည်း ဖြစ်ပါကြောင်း။

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် စိန်ခေါ်မှုများစွာ ကြုံတွေ့နေရသော်လည်း မိမိတို့အနေဖြင့် ဒစ်ဂျစ်တယ်စနစ် အသုံးပြု၍ အမြင်များဖလှယ်ခြင်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထို့ပြင် အငယ်စား၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် Start-ups Business များအပေါ် ကိုဗစ်-၁၉ကြောင့် သက်ရောက်မှု လျော့နည်းစေရေး၊ supply chains တစ်လျှောက် အဆင်ပြေချောမွေ့စွာ ကုန်စည်စီးဆင်းစေရေး၊ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းသစ်များ ဆက်လက်ရှာဖွေ ဖော်ထုတ်နိုင်ရေးတို့အတွက် ကောင်းမွန်သော စီးပွားရေးလုပ်ငန်းစဉ်များနှင့် စီးပွားရေးဆိုင်ရာ ကွန်ရက်ချိတ်ဆက်ဆောင်ရွက်မှုများကို ဒစ်ဂျစ်တယ်နည်းပညာ ပလက်ဖောင်းဖြင့် ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

၂၀၁၈-၁၉ ခုနှစ်တွင် အိန္ဒိယနှင့် အာဆီယံနိုင်ငံများအကြား ကုန်စည်ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၉၇ ဘီလီယံနှင့် ဝန်ဆောင်မှုကုန်သွယ်မှုပမာဏ ၄၅ ဘီလီယံအထိ ရှိခဲ့သော်လည်း အိန္ဒိယနှင့် CLMV နိုင်ငံများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမှာ လျော့နည်းနေသေးသဖြင့် တိုးမြှင့်နိုင်ရေး ဆက်လက်ကြိုးပမ်းသွားရန် လိုအပ်ပါကြောင်း။




The Mekong-Ganga Cooperation (MGC) သည် အိန္ဒိယ၊ CLMV နှင့် ထိုင်းနိုင်ငံတို့အကြား ခရီးသွားကဏ္ဍ၊ ယဉ်ကျေးမှု၊ ပညာရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတို့အတွက် ခိုင်မာသော အခြေခံအုတ်မြစ်တစ်ခုလည်း ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး စိန်ခေါ်မှုများကို ဖြေရှင်းနိုင်သည့် ငြိမ်းချမ်း၍ ဖွံ့ဖြိုးတိုးတက်ပြီး ခိုင်မာအားကောင်းသော ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု ဖြစ်ပေါ်လာစေရေး ဆက်လက်လက်တွဲဆောင်ရွက်သွားကြစေလိုပါကြောင်း ပြောကြားသည်။

အခမ်းအနားတွင် လာအိုနိုင်ငံ Ministry of Industry and Commerce ဝန်ကြီး၊ အိန္ဒိယနိုင်ငံ Ministry of External Affairs ၏ Minister of State၊ ကမ္ဘောဒီးယားနိုင်ငံ Ministry of Commerce ၏ Secretary of State၊ အိန္ဒိယနိုင်ငံ Ministry of Commerce, Department for Promotion of Industry and Internal Trade ၏ Secretary၊ Confederation of Indian Industry (CII) ၏ President နှင့် ညွှန်ကြားရေးမှူးချုပ်တို့က မိန့်ခွန်းများ ပြောကြားကြသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး Mr. Saurabh Kumar၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်၊ ပညာရှင်များ၊ လုပ်ငန်းရှင်များနှင့် မိတ်ဖက်နိုင်ငံများမှ ကိုယ်စားလှယ်များက အွန်လိုင်းမှ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံအလိုက် Plenary Session များကို ကျင်းပခဲ့ကြပြီး ဒီဇင်ဘာ ၄ ရက်တွင် ဆက်လက်ကျင်းပမည့် Country Session Myanmar ၌ မြန်မာနိုင်ငံ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ဆွေးနွေးသွားမည် ဖြစ်သည်။

ထို့ပြင် အခမ်းအနားနှင့် ပူးတွဲကျင်းပသည့် အွန်လိုင်းကုန်စည်ပြပွဲ၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်တို့က ပြခန်းနှစ်ခန်းဖြင့် ပဲ၊ နှမ်း၊ ဆန်စပါး၊ သစ်သီးဝလံ၊ ရေထွက်ကုန်ပစ္စည်းများကို အွန်လိုင်းမှ ပါဝင်ပြသခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးထံ World Bank အဖွဲ့က ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရန်၊ သယ်ယူပို့ဆောင်ရန်နှင့် ဖြန့်ဖြူးထိုးနှံရန် ကိစ္စရပ်များအတွက် ချေးငွေထောက်ပံ့ပေးရန် စီစဉ်ထားမှုနှင့်စပ်လျဉ်း၍တင်ပြဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၃**

ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရန်နှင့် ဖြန့်ဖြူးထိုးနှံရန် ကိစ္စရပ်များအတွက်ချေးငွေထောက်ပံ့ပေးရန် စီစဉ်ထားမှုနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးထံ World Bank အဖွဲ့က ဗီဒီယိုကွန်ဖရင့်စနစ် တင်ပြဆွေးနွေးသည်။ **(ယာပုံ)**



**ပါဝင်ပံ့ပိုးပေး**

ရှေးဦးစွာ World Bank အဖွဲ့မှ မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံဆိုင်ရာ Country Director Ms. Mariam Sherman က World Bank အဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍလုပ်ငန်းများတွင် ပါဝင်ပံ့ပိုးပေးလျက်ရှိပြီး ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ အတွက်လည်း ချေးငွေများ ပေးအပ်ခဲ့ပါကြောင်း၊ လက်ရှိတွင် မည်သည့်ကိုဗစ် -၁၉ ကာကွယ်ဆေးကို အသုံးပြုရမည်ဆိုသည်ကို မသိရှိနိုင်သေးသော်လည်း မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရန်၊ သယ်ယူပို့ဆောင်ရန်နှင့် ဖြန့်ဖြူးထိုးနှံရန်အတွက် ချေးငွေများ ထောက်ပံ့ပေးရန် စီစဉ်ထားမှုနှင့် ပတ်သက်၍ တင်ပြသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် Senior Health Specialist ဖြစ်သူ Mr. Paul Jacob Robyn က World Bank အဖွဲ့က မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရန်၊ သယ်ယူပို့ဆောင်ရန်နှင့် ဖြန့်ဖြူးထိုးနှံရန်အတွက် ချေးငွေထောက်ပံ့ပေးရန် လက်ရှိမြန်မာနိုင်ငံအတွက် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ ရန်ပုံငွေ (IDA 19) အောက်မှ ထပ်တိုးရန်ပုံငွေ အမေရိကန်ဒေါ်လာ သန်း ၆၀ လျာထားပါကြောင်း၊ မြန်မာနိုင်ငံသည် COVAX Facility ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးပေါ်ပေါက်လာပါက သက်သာသော ဈေးနှုန်းဖြင့် အချိုးကျဝယ်ယူနိုင်မည့် နိုင်ငံများ အကျုံးဝင်သော နိုင်ငံဖြစ်၍ World Bank မှ ချေးငွေရယူနိုင်မည့် နိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံက ကိုဗစ်- ၁၉ ကာကွယ်ဆေးအား COVAX Facility မှတစ်ဆင့် ဝယ်ယူရာတွင် ရန်ပုံငွေမျှဝေထည့်ဝင်၍ ဝယ်ယူရန် လိုအပ်လျှင် (သို့မဟုတ်) မြန်မာနိုင်ငံလူဦးရေ (၂၀) ရာခိုင်နှုန်းထက်ပိုမိုသော ကာကွယ်ဆေးကို ဝယ်ယူလိုလျှင်သော် World Bank မှ ချေးငွေ လျှောက်ထားနိုင်ပါကြောင်း၊ World Bank ထံမှ ကာကွယ်ဆေးဝယ်ယူရေးအတွက်သာမက ကာကွယ်ဆေး သယ်ယူပို့ဆောင်ရေး၊ ကာကွယ်ဆေးများ အအေးလမ်းကြောင်းမပျက် ထိန်းသိမ်းထားနိုင်ရေး၊ ကာကွယ်ဆေးများ လက်တွေ့ထိုးနှံရေးအတွက် အထွေထွေကုန်ကျစရိတ်များအတွက်ပါ ချေးငွေများ ရယူနိုင်ပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အသိအမှတ်ပြု အမျိုးသားဆေးဝါးကြီးကြပ်ရေးအာဏာပိုင်အဖွဲ့ (၃) ခုမှ အသိအမှတ်ပြုထားသော (သို့မဟုတ်) ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အသိအမှတ်ပြုထောက်ခံသည့်အပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အသိအမှတ်ပြု အမျိုးသား ဆေးဝါးကြီးကြပ်ရေး အာဏာပိုင်အဖွဲ့ (၁) ခုမှ အသိအမှတ်ပြုထားသော ကာကွယ်ဆေးကိုသာ ဝယ်ယူရမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် COVAX Facility မှဖြစ်စေ၊ ကာကွယ်ဆေးထုတ်လုပ်သော ကုမ္ပဏီများမှတစ်ဆင့် ဖြစ်စေ၊ အခြားသော နိုင်ငံတစ်ခုမှ ဖြစ်စေ ကိုဗစ်-၁၉ အတွက် ဆေးများကို ဝယ်ယူနိုင်ပါကြောင်း၊ ကာကွယ်ဆေးဖြန့်ဝေထိုးနှံမည့်အစီအစဉ်၊ ကာကွယ်ဆေးထိုးနှံရန်အတွက် လိုအပ်သည့် ပြင်ဆင်မှုများ အသင့်ဖြစ်မှုအခြေအနေ ဆန်းစစ်ထားရှိမှု (readiness assessment)၊ ဦးစားပေးထိုးနှံပေးသင့်သည့် လူအုပ်စုများ သတ်မှတ်မှု စသည်တို့ကို ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ပါကြောင်းနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူထိုးနှံပေးရန်အတွက် ဆောင်ရွက် ရမည့်အချက်များနှင့် သတ်မှတ်ချက်များအား ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက World Bank အဖွဲ့၏ မြန်မာ နိုင်ငံကျန်းမာရေးကဏ္ဍအတွက် ပံ့ပိုးပေးနေမှုများနှင့် ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများတွင် ပံ့ပိုးပေးနေမှုများအား ကျေးဇူးတင်ရှိပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာမှ ချေးငွေများ ရယူခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတို့နှင့် ဆွေးနွေးညှိနှိုင်းကာ ဆောင်ရွက်လျက်ရှိပြီး ယခု ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများအတွက် နိုင်ငံတကာချေးငွေများ ရယူရန် ကိစ္စရပ်များအား ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီမှ ဆုံးဖြတ်ချက်ပေးအပ်မည် ဖြစ်ပါကြောင်း၊ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ကိုဗစ်- ၁၉ ကာကွယ်ဆေးကို ဝယ်ယူထိုးနှံရန် ပြင်ဆင်ခြင်းလုပ်ငန်းများကို ဝန်ကြီးဌာန၏ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက် အနေဖြင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရှိပြီး Gavi, the Vaccine Alliance အဖွဲ့၊ COVAX facility တို့နှင့်လည်း အမြဲချိတ်ဆက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ COVAX Facility မှ Gavi, the Vaccine Alliance ၏ပံ့ပိုးမှုဖြင့် ရရှိနိုင်မှု၊ နှစ်နိုင်ငံသဘောတူညီချက်ဖြင့် ဝယ်ယူရရှိနိုင်မှုနှင့် ပုဂ္ဂလိက ကာကွယ်ဆေးထုတ်လုပ်သူများထံမှ တိုက်ရိုက်ဝယ်ယူနိုင်မည့် အခြေအနေများကို ဆန်းစစ် သုံးသပ်ထားရှိပါကြောင်း။

**ကာကွယ်ဆေးရရှိမည်**

မိမိတို့နိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို World Bank မှ ချေးငွေများဖြင့် ဝယ်ယူပါက အထူးဈေးနှုန်းဖြင့် သက်သာစွာ ဝယ်ယူနိုင်ရန် Gavi, the Vaccine Alliance အဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၉၂ နိုင်ငံသည် COVAX အစီအစဉ်၌ အကျုံးဝင်သဖြင့် အခမဲ့ (သို့မဟုတ်) အထူးသက်သာသော ဈေးနှုန်းဖြင့် နိုင်ငံအလိုက် လူဦးရေ၏ ၂၀ ရာခိုင်နှုန်းအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးရရှိမည်ဖြစ်ပါကြောင်း၊ ထိုသို့ရရှိရန်အတွက် မိမိတို့နိုင်ငံအနေဖြင့် လိုအပ်သည့်အချက်အလက်များ အားလုံးကို ဒီဇင်ဘာ ၇ ရက်အမီ Gavi, the Vaccine Alliance သို့ ပေးပို့ရန် စီစဉ်ပြီးဖြစ်ပါကြောင်း၊ COVAX အစီအစဉ်ဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးရရှိမည့် အရေအတွက်မှာ နိုင်ငံများနှင့် အချိုးကျမျှဝေရမည်ဖြစ်သဖြင့်လည်းကောင်း၊ လူဦးရေ၏ ၂၀ ရာခိုင်နှုန်းအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး အသုတ်လိုက်ခွဲရမည်ဖြစ်ရာ မည်သည့်ပမာဏကို ပထမအသုတ်၌ စတင်ရရှိမည်ကိုအတိအကျ မသိရှိရသေးသည့်အတွက်လည်းကောင်း မိမိတို့အနေဖြင့် World Bank ချေးငွေမှသုံး၍ ထပ်ဆောင်းဝယ်ယူရန် ကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် World Bank တို့ ဆွေးနွေးပြီးဖြစ်သဖြင့် လိုအပ်သည့် လုပ်ငန်းအဆင့်ဆင့်ကို အမြန်ဆုံးဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း စီမံချက်မှာ တာဝန်ရှိသူများအား World Bank တာဝန်ရှိသူများနှင့် အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက်ဆောင်ရွက်စေမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေး) ဒေါက်တာထွန်းတင်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် (ကုသရေး) ဒေါက်တာ သီတာလှ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် (ပြည်တွင်း ပြည်ပ ဆက်ဆံရေး) ဒေါက်တာကျော်ခိုင်၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း စီမံချက်မန်နေဂျာ ညွှန်ကြားရေးမှူး ဒေါက်တာ ထားထားလင်းနှင့် တာဝန်ရှိသူများ၊ World Bank အဖွဲ့မှ Human Development Program Coordinator Ms. Hnin Hnin Pyne၊ Senior Health Specialist Ms. Tomo Morimoto၊ Senior Health Specialist Dr. Nang Mo Kham၊ Liaison Officer/ Head of Nay Pyi Taw Office Dr. Sithu Pe Thein နှင့် Consultant Mr. Min Thu တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တလက္ခဏာသာမိ မဟာထေရ်မြတ်ကြီး ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် ဒီဇင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့ မြို့သစ်ရပ်ကွက် ကူဖြူကျောင်းတိုက် ဦးစီးပဓာနနာယက၊ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တလက္ခဏာသာမိ မဟာထေရ်မြတ်ကြီးသည် သက်တော် (၈၉)နှစ်၊ သိက္ခာတော် (၆၉)ဝါအရ ၁၃၈၂-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်၊ နိုဝင်ဘာ ၃၀ ရက် တနင်္လာနေ့ ည ၁၀ နာရီ ၃ မိနစ်အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်းနှင့် အန္တိမအဂ္ဂိစျာပန သာဓုကီဠန အခမ်းအနားကို ဒီဇင်ဘာ ၄ ရက်နေ့ သောကြာနေ့တွင် အဆိုပါကျောင်းတိုက်၌ ဆင်ယင်ကျင်းပသွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

## နိုင်ငံတော်သြဝါဒါစရိယ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့ မြို့သစ်ရပ်ကွက် ကူဖြူကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တလက္ခဏာသာမိ ၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် မကျီးစုရွာ ခမည်းတော် ဦးပျိုင်+မယ်တော် ဒေါ်မယ်တော် တို့မှ ၁၂၉၄ ခုနှစ်၊ နယုန်လဆန်း (၅)ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင် တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် မကျီးစုရွာကျောင်းဆရာတော် ဘဒ္ဒန္တဝိဇယကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ၁၃၀၅ ခုနှစ်တွင် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၁၃ ခုနှစ်၊ နတ်တော်လဆန်း (၇)ရက်နေ့တွင် မြောင်မြို့နယ် မကျီးစုရွာကျောင်း ခဏ္ဍသိမ်၌ ရွှေကူကျောင်းဆရာတော် ဘဒ္ဒန္တတိဿကို ဥပဇ္ဈာယ်ပြုလျက် ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း

ဆရာတော်သည် မြောင်မြို့နယ် မကျီးစုရွာကျောင်းဆရာတော် ဦးဝိဇယ၊ ဦးဣန္ဒာစာရ၊ ခင်မွန်သိင်္ဂါရုံရွှေကျောင်းဆရာတော် ဦးစန္ဒောဘာသ၊ ချောင်းဦးမြို့ ဓမ္မာရုံကျောင်းဆရာတော် ဦးမာနိတ၊ တိုက်အုပ်ဆရာတော် ဦးပဏ္ဍဝ၊ ဦးဝရသာမိ၊ မန္တလေးမြို့ မစိုးရိမ်တိုက် ပဌာန်းဆရာတော် ဦးဝိသုဒ္ဓ၊ ဦးဝိစိတ္တာဘိဝံသ၊ ဦးကောလေး၊ မိုးကောင်းတိုက် ဝါးတန်းစာချကျောင်းဆရာတော် ဦးဉာဏာဘိဝံသ၊ မြောင်မြို့ မြင်တင်ကျောင်းဆရာတော် ဦးကလျာဏ၊ ရွှေသိမ်တော် တောကျောင်းဆရာတော် ဦးစိတ္တရ စသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများ သင်ယူ ဆည်းပူးတော်မူခဲ့ပြီး ဓမ္မာစရိယတန်း သီလက္ခန် တစ်ကျမ်းကို အောင်မြင်တော်မူခဲ့ပါသည်။

### သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ကူဖြူကျောင်းတိုက်တွင် ရဟန်း၊ သာမဏေများကို အခြေခံမှစ၍ ဝိနည်း၊ သဒ္ဒါ၊ သင်္ဂဟ စသော လောကုတ္တရာ စာပေများကို သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ ဘုရား၊ တန်ဆောင်း၊ ဇရပ်၊ ကျောင်း၊ ကန်များကို အသစ်ပြုပြင်မွမ်းမံ တည်ဆောက်ခြင်း၊ နှစ်စဉ်နှစ်တိုင်း မြောင်မြို့နယ် ကူဖြူကျောင်းတိုက်အတွင်း မဟာစည်ကမ္မဋ္ဌာန်း ဝိပဿနာတရားစခန်းပွဲများကို ဦးဆောင်၍ ဖွင့်လှစ်ခဲ့ခြင်းများ ဆောင်ရွက်တော်မူသည့်အပြင် ယနေ့အထိ နိုင်ငံတော်သြဝါဒါစရိယ တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၈၉)နှစ်၊ သိက္ခာတော် (၆၉)ဝါအရ ၁၃၈၂-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်၊ နိုဝင်ဘာ ၃၀ ရက်နေ့ တနင်္လာနေ့ ည ၁၀ နာရီ ၃ မိနစ်အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်းနှင့် အန္တိမအဂ္ဂိစျာပန သာဓုကီဠန အခမ်းအနားကို ဒီဇင်ဘာ ၄ ရက်နေ့၊ သောကြာနေ့တွင် အဆိုပါကျောင်းတိုက်၌ ဆင်ယင်ကျင်းပသွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။ **သတင်းစဉ်**

တိုင်းဒေသကြီး/ပြည်နယ်အလိုက် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးချေးငွေ
JICA Two Step Loan ထုတ်ချေးထားမှုအခြေအနေ
(၂၁-၇-၂၀၁၇) မှ (၃၁-၁၀-၂၀၂၀) ရက်နေ့အထိ

(ကျပ်သိန်းပေါင်း)




ဓာတ်မြစ် : မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးချေးငွေ
MEB Two Step Loan ထုတ်ချေးထားမှုအခြေအနေ
(၂၄-၄-၂၀၁၈) မှ (၃၁-၁၀-၂၀၂၀) ရက်နေ့အထိ

(ကျပ်သိန်းပေါင်း)




ဓာတ်မြစ် : မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

# COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

**နေပြည်တော် ဒီဇင်ဘာ ၃**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID - 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီ မှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန် မြို့၊ ဆေးသုတေသန ဦးစီးဌာနတွင် ဆေးသုတေသန ဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

**သတင်းစဉ်**

# ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသဘော်သားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် ဒီဇင်ဘာ ၃**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် မကာအိုဒေသတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၄၈ ဦးအား ဟောင်ကောင်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ စီစဉ်သည့် တတိယကြိမ်မြောက် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေး လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေ ၅ နာရီ မိနစ် ၂၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

### ပြန်လည်ရောက်ရှိ



ထို့ပြင် စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့်မြန်မာသဘော်သား ၁၄၇ ဦးအား စင်ကာပူမြို့ မြန်မာသံရုံးနှင့် မြန်မာနိုင်ငံ ပင်လယ်ကူးသဘော်သားများအဖွဲ့ချုပ် (MSESF) တို့မှ ပူးပေါင်းစီစဉ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ည ၈ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသဘော်သားများနှင့် မြန်မာ နိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ နိုင်ငံများရှိ မြန်မာသံရုံးများ၊ သဘော်ကုမ္ပဏီများ/ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်၏ ၂၀၂၀ ပြည့်နှစ်၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃

ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ (ယာပုံ)



အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ယနေ့ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့၏ ဆောင်ပုဒ်မှာ "ပိုမိုကောင်းမွန်သည့် ကိုဗစ်-၁၉ အလွန်ကမ္ဘာ တည်ဆောက်ဖို့ မသန်စွမ်းသူများ လက်လှမ်းမီပါဝင်ပြီး ရေရှည်တည်တံ့စေရန် ကြိုးစားစို့" ဖြစ်ပါကြောင်း၊ ယနေ့နံနက်ပိုင်းတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးဆောင်သည့် နိုင်ငံတော်အဆင့် အခမ်းအနားတစ်ရပ်ကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့ပြီး ဖြစ်ပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသော်လည်း ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် အခမ်းအနားကျင်းပနိုင်သည့်အတွက် ဝန်ကြီးဌာနက ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မသန်စွမ်းသူများသည် လူ့အဖွဲ့အစည်းဝင် လူသားများဖြစ်ပြီး တန်ဖိုးရှိသော နိုင်ငံသားများပင်ဖြစ်ပါကြောင်း၊ ၂၀၁၉ ကြားဖြတ်သန်းခေါင်စာရင်း ရွေ့ပြောင်း ရလဒ်များအရ နိုင်ငံတော်လူဦးရေ၏ ၁၂ ဒသမ ၈ ရာခိုင်နှုန်း ၅၉ သိန်းကျော်ခန့်သည် မသန်စွမ်းသူများဖြစ်ပါကြောင်း။

ယခုကဲ့သို့ များပြားလှသည့် မသန်စွမ်းလူဦးရေအရ နိုင်ငံတော်ဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အသုံးဝင်သော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာစေရန် ဆောင်ရွက်ရန်လိုပါကြောင်း၊ နိုင်ငံတော်၏ ဦးဆောင်လမ်းညွှန်မှုနှင့်အတူ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်တို့ကို ဆောင်ရွက်သည့်နေရာတွင် မည်သူမျှ နောက်ကျ မကျန်ရစ်စေရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိရာတွင် မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်က တတ်နိုင်သည့်ဘက်မှ ပါဝင်ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းကို လွန်စွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ယနေ့ နိုင်ငံတော်အတွင်း ကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ကပ်ရောဂါကို မသန်စွမ်းသူ နိုင်ငံသူ နိုင်ငံသားများအပါအဝင် နိုင်ငံသားအားလုံး စည်းကမ်းများနှင့်အညီ ကျော်လွှားနိုင်ရန် လိုအပ်ပါကြောင်း၊ ကိုဗစ်-၁၉ အလွန်ကာလ မသန်စွမ်းသူများ၏ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်တို့ကိုလည်း ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် မသန်စွမ်းအသင်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ပိုမိုတိုးမြှင့်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ မသန်စွမ်းသူများအပြင် မသန်စွမ်းသူများ၏ မိဘနှင့် မိသားစုဝင်များ အနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ကြေညာထားသည့် လမ်းညွှန်ချက်တို့ကို လိုက်နာဆောင်ရွက်ကြစေလိုပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေး၊ ကျန်းမာရေးနှင့် ဘဝရပ်တည်မှုခက်ခဲနေကြသည့် မသန်စွမ်းသူများအတွက် နိုင်ငံတော်မှ CERP အစီအစဉ်အရ မသန်စွမ်းသူ တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် မသန်စွမ်းသူ နှစ်သိန်းကို ပံ့ပိုးပေးနိုင်ခဲ့ပြီး ဆက်လက်ထောက်ပံ့နိုင်ရေးကို ဦးစီးဌာနဘတ်ဂျက်အသစ်တွင် ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ညီမျှခြင်းမြန်မာနှင့် ICRC တို့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

အစီအစဉ် ဒုတိယပိုင်းအဖြစ် ကိုယ်အင်္ဂါမသန်စွမ်းသူများနှင့် မသန်စွမ်းအခွင့်အရေး၊ အမြင်အာရုံ မသန်စွမ်းသူများနှင့် မသန်စွမ်းအခွင့်အရေး၊ အကြားအာရုံ မသန်စွမ်းသူများနှင့် မသန်စွမ်းအခွင့်အရေး၊ ဉာဏ်ရည်မသန်စွမ်းသူများနှင့် မသန်စွမ်းအခွင့်အရေးတို့ကို Video Clip ဖြင့်ပြသပြီး မသန်စွမ်းခေါင်းဆောင်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်တွင်းခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ရန် ဦးစားပေးခရီးစဉ်များ ကြိုတင်ပြင်ဆင်နေ

ရန်ကုန် ဒီဇင်ဘာ ၃

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် မတ်လမှစ၍ ခရီးသွားလုပ်ငန်းများ ရပ်ဆိုင်းခဲ့ရပြီး ယခုလဆန်းပိုင်းမှစ၍ ပြည်တွင်းခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက လေကြောင်းခရီးစဉ် လေယာဉ်စင်းလုံးငှားခရီးစဉ်ကို ဦးစားပေးစီစဉ်နေပြီး ညီနောင်မိတ်ဖက် ခရီးသွားအသင်းအဖွဲ့များနှင့် ညှိနှိုင်းပြင်ဆင်နေကြောင်း ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်သန်းဝင်းထံမှ သိရသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ဦးစားပေးဆောင်ရွက်မည့် ခရီးစဉ်များမှာ ဘယ်မျှမရပ် အပျော်စီးလေယာဉ်ခရီးစဉ်ကို ဒီဇင်ဘာလဆန်းတွင်လည်းကောင်း၊ မြစ်တွင်းသွားသင်္ဘောခရီးစဉ်ကို ဒီဇင်ဘာလ ဒုတိယအပတ်တွင်လည်းကောင်း၊ ကုန်းတွင်းယာဉ်တန်းနှင့် အဏ္ဏဝါ ခရီးသွားခရီးစဉ်ကို ဒီဇင်ဘာလ နောက်ဆုံးပတ်တွင်လည်းကောင်း စီစဉ်ထားရှိပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့က သတ်မှတ်ထားသော စံသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်သွားရန် ဒီဇင်ဘာ ၂ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာထားသည်။

"Charter flight ဈေးနှုန်းမေးထားတာ သိရတော့ပါမယ်။ ဈေးနှုန်းသိရမှပဲ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းနဲ့ ခရီးစဉ်ရေးဆွဲပြီး ထွက်ပေးမှာပါ။ ဝန်ကြီးဌာနကတော့ ခွင့်ပြုပေးမှာပါ။ လေကြောင်းစင်းလုံးငှား ခရီးစဉ်ပဲ စဖြစ်မှာပါ။ ခရီးစဉ်ဒေသတွေနဲ့ ပေလီတို့လို ကမ်းခြေခရီးစဉ်လည်း ဈေးနှုန်းပေါ်မူတည်ပြီး ခွင့်ပြုသွားမှာပါ" ဟု ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်သန်းဝင်းက ပြောသည်။

ထို့အပြင် ဟိုတယ်များကိုလည်း ပြန်လည်ဖွင့်လှစ်ခွင့်ပြုထားပြီး လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်များကို Home Stay မြို့နယ်များမှအပ ဆိုင်ထိုင်စားခွင့်ပြုထားပြီး ပြီးခဲ့သည့်အပတ်က နေပြည်တော်ဝန်းကျင် ခရီးစဉ်ဒေသများသို့ နိုင်ငံခြားသားခရီးသွားများ လည်ပတ်နိုင်ရန် ယင်းဝန်ကြီးဌာနက စီစဉ်နေကြောင်း သိရသည်။

သန့်ဇင်ဝင်း

## လယ်ယာသုံးစက်ကိရိယာများ ဖြန့်ဖြူးရောင်းချရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် ဒီဇင်ဘာ ၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် လယ်ယာသုံးစက်ကိရိယာများ ဖြန့်ဖြူးရောင်းချနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဗဟိုသမဝါယမအသင်းမှ တာဝန်ရှိသူများ၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်သမဝါယမ ဦးစီးဌာနများမှ ဌာနမှူးများ၊ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ ပြည်နယ်သမဝါယမ အသင်းစုချုပ်များ၊ မြို့နယ်သမဝါယမအသင်းစုများမှ တာဝန်ရှိသူများ စုံညီစွာတက်ရောက်သည်။ ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားရာ၌ သမဝါယမအသင်းသားတောင်သူများ လိုအပ်လျက်ရှိသော လယ်ယာသုံးစက်ကိရိယာများကို ဈေးနှုန်းအသက်သာဆုံးနှင့် ကာလရှည် အရစ်ကျရောင်းချပေးမည်ဖြစ်ကြောင်း၊ ဝယ်ယူရာတွင် အသင်းသားများ၏ လက်ဝယ်အရောက် Running Condition နှင့်အညီ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အခက်အခဲများအပေါ် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကိုဗစ် - ၁၉ ကာလအတွင်း ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ New Normal Life ပုံစံနှင့် လုပ်ငန်းများကို လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

သတင်းစဉ်

## မန်းရေနံမြေဒေသခံများအတွက် မွေးမြူရေးနှင့် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုသင်တန်း MPRL E&P ပံ့ပိုး

မင်းဘူး ဒီဇင်ဘာ ၃

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် MPRL E & P ကုမ္ပဏီသည် မန်းရေနံမြေဒေသခံများအတွက် မွေးမြူရေးဆိုင်ရာ ကျွမ်းကျင်လုပ်သားရင်းမြစ် လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်ရည်ရွယ်၍ မင်းဘူး (စကု)မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့်ပူးပေါင်းကာ အခြေခံ မွေးမြူရေးနှင့် တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှုအတတ်ပညာသင်တန်းကို မန်းရေနံမြေ ထိစပ်ကျေးရွာတစ်ရွာဖြစ်သည့် အောက်ကျောင်းကျေးရွာတွင် ယမန်နေ့က ဖွင့်လှစ်ပို့ချသည်။



အဆိုပါသင်တန်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကြိုတင်ကာကွယ်ရေး အစီအမံများဖြင့် ဒီဇင်ဘာ ၂ ရက်မှ ၄ ရက်အထိ သုံးရက်တာ ပို့ချသွားမည်ဖြစ်သည်။ သင်တန်းတွင် မင်းဘူး (စကု) မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာအောင်မြင့်နှင့် ဒုတိယဦးစီးမှူး ဒေါက်တာ အိအိဆွေအောင်တို့က ကျွဲနွား၊ ဆိတ်၊ ဝက်နှင့် တိုင်းရင်းကြက်မွေးမြူထုတ်လုပ်နည်း၊ တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှုနှင့် မေထုန်မဲ့သားစပ်နည်း စသည့် မွေးမြူရေးဆိုင်ရာ ဘာသာရပ်များကို သင်ကြားပို့ချလျက်ရှိသည်။

သင်တန်းသို့ မန်းရေနံမြေ ထိစပ်ကျေးရွာ ၁၀ ရွာမှ သင်တန်းသား ၂၆ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းပြီးစီးအောင်မြင်ပါက ဒေသတွင်း အရင်းအမြစ်များကိုအသုံးပြု၍ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျ လုပ်ကိုင်နိုင်ရုံသာမက ကုန်ကျစရိတ် လျှော့ချနိုင်ခြင်းနှင့် ဒေသခံများအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ စဉ်ဆက်မပြတ်တိုးတက်ဖြစ်ထွန်းရေးကို အထောက်အကူပြုနိုင်မည် ဖြစ်သည်။

သတင်းစဉ်

## City Taxi မှတ်ပုံတင်ခြင်းကို ယာယီဆက်လက်ရပ်ဆိုင်းထားမည်

ရန်ကုန် ဒီဇင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့က City Taxi မှတ်ပုံတင်သက်တမ်းတိုးခြင်းလုပ်ငန်းကို ပြည်တွင်း၌ ကိုဗစ်- ၁၉ ရောဂါ စတင်ဖြစ်ပွားသည့် မတ်လမှစတင်၍ ယာယီရပ်နားထားရာ City Taxi မှတ်ပုံတင်သက်တမ်းတိုးပေးရမည့်ယာဉ်မှာ ယခုအခါ ၄၀၀၀၀ ကျော်ရှိပြီး ကိုဗစ် – ၁၉ ရောဂါကူးစက်မှုမြင့်တက်နေသည့်အတွက် သက်တမ်းတိုး လုပ်ငန်းဆောင်ရွက်ခြင်းကို ယာယီဆက်လက်ရပ်နားထားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်၏ ပြောကြားချက်အရ သိရသည်။

City Taxi မှတ်ပုံတင်သက်တမ်းတိုးခြင်းလုပ်ငန်းကို ရန်ကုန်တိုင်းဒေသကြီး တစ်ခုတည်း၌သာ ဆောင်ရွက်ပေးလျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလကုန်အထိစာရင်းများအရ ရန်ကုန်အမည်ပေါက် City Taxi အငှားယာဉ်အစီးရေ ၆၅၆၂၀ ရှိပြီး မှတ်ပုံတင်လုပ်ငန်း ရပ်ဆိုင်းထားသည့်ကာလအတွင်း သက်တမ်းပြည့်သည့်ယာဉ် ၄၀၀၀၀ ကျော်ရှိသည်။ မှတ်ပုံတင်ခြင်းလိုင်စင်အနီမှ အနက်ပြောင်းသည့်ယာဉ်၊ အိုဟောင်းအပ်နှံသည့်ယာဉ်၊ အခြားအကြောင်းများကြောင့် အငှားယာဉ်မဟုတ်သည့်ယာဉ်များလည်း ပါဝင်ကြောင်း သိရသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ယာဉ်များမှတ်ပုံတင်ခြင်း၊ ယာဉ်မောင်းများကို မှတ်ပုံတင်ထုတ်ပေးခြင်းတို့ လုပ်ဆောင်လျက်ရှိရာ City Taxi မှတ်ပုံတင်သက်တမ်းတိုးခြင်းလုပ်ငန်း ရပ်ဆိုင်းထားမှုကို ပြန်လည်ဖွင့်လှစ်ပေးရန် ပြောဆိုမှုများရှိပြီး ပြန်လည်စတင်ပါက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ချမှတ်ထားသည့် စည်းကမ်းများ၊ လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ဆက်လက်ပြောကြားသည်။

အောင်သူရ

# ၂၀၂၁ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကျင်းပမည့်ကာလ လျာထား

**ရန်ကုန် ဒီဇင်ဘာ ၃**
မြန်မာနေရှင်နယ်လိဂ်သည် ၂၀၂၁ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို ဧပြီလမှ စက်တင်ဘာလအတွင်း ကျင်းပရန် လျာထားကြောင်း သိရသည်။

လာမည့်ရာသီ MNL အမှတ်ပေးပြိုင်ပွဲကျင်းပခြင်း အပါအဝင် ပြည်တွင်းလိဂ်ပြိုင်ပွဲများ ကျင်းပနိုင်ရေးအတွက် မြန်မာနေရှင်နယ် လိဂ်ကော်မတီ အစည်းအဝေးကို ဒီဇင်ဘာ ၃ ရက်က အွန်လိုင်းမှတစ်ဆင့် ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ် ကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဒုဥက္ကဋ္ဌများ ဖြစ်သည့် ဒေါက်တာစိုင်းဆမ်ထွန်းနှင့် ဦးပြည့်ဖြိုးတေဇ၊ MNL နှင့် MNL – 2 ကလပ်အသင်းပိုင်ရှင်များနှင့် ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

၂၀၂၁ ရာသီကို ကိုဗစ်–၁၉ ရောဂါအခြေအနေကြောင့် အစောဆုံး ဧပြီလမှသာ စတင်ရန် စီစဉ်ထားခြင်းဖြစ်ပြီး အသင်းဖျက်သိမ်းမှုများလည်း ရှိနေသောကြောင့် MNL အမှတ်ပေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းအရေအတွက်ပါ လျော့ကျသွားဖွယ်ရှိနေသည်။

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ကျင်းပနေသည့်ကာလတွင် ဖွဲ့ကပင်နှင့် ချင်းယူနိုက်တက်အသင်း၊ ပြိုင်ပွဲ ပြီးဆုံးချိန်တွင် မကွေးအသင်းတို့ ဖျက်သိမ်းသွားသလို လက်ရှိကာလတွင်လည်း အသင်းအချို့ ဖျက်သိမ်းရန် စီစဉ်နေသောကြောင့် မြန်မာနေရှင်နယ်လိဂ်အနေဖြင့် ၂၀၂၁ ရာသီတွင် ဝင်ရောက်ယှဉ်ပြိုင်မည့်အသင်း အရေအတွက်၊ ပြိုင်ပွဲကျင်းပမည့် ပုံစံတို့ကို ဇန်နဝါရီလဆန်းပိုင်းတွင် ထပ်မံပြုလုပ်မည့် လိဂ်ကော်မတီ အစည်းအဝေး၌ ထုတ်ပြန်မည်ဖြစ်သည်။ ထို့ပြင် MNL–2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲနှင့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ကျင်းပမည့်ပုံစံကိုလည်း ဆွေးနွေးခဲ့ပြီး လာမည့်ရာသီတွင်မူ လူငယ်လိဂ်ကို ယူ–၂၁ ပြိုင်ပွဲတစ်ခုသာ ကျင်းပရန် ဆုံးဖြတ်ခဲ့သည်။

ကိုဗစ်–၁၉ ရောဂါကြောင့် ၂၀၂၀ ရာသီတွင် ပြည်တွင်းလိဂ်ပြိုင်ပွဲအများစု ဖျက်သိမ်းခဲ့ရပြီး MNL အမှတ်ပေးပြိုင်ပွဲကိုသာ ပြီးဆုံးအောင် ကျင်းပနိုင်ခဲ့သည်။ MNL အမှတ်ပေးပြိုင်ပွဲကို ကပ်ရောဂါကြောင့် မတ် ၂၄ ရက်မှ စတင်ရပ်နားခဲ့ရပြီး ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များအတိုင်း ဩဂုတ် ၂၂ ရက်မှ အောက်တိုဘာ ၁ ရက်အထိ ပြန်လည် ကျင်းပခဲ့သည်။

**ညီမြတ်သော်တာ**



လိဂ်ကော်မတီအစည်းအဝေးကို အွန်လိုင်းမှတစ်ဆင့်ကျင်းပစဉ်။ ဓာတ်ပုံ – MFF

# နိုင်ငံတကာအဆင့်မီ ဖူဆယ်အားကစားရုံတည်ဆောက်မှု ၇၀ ရာခိုင်နှုန်း ပြီးစီးနေ

**ရန်ကုန် ဒီဇင်ဘာ ၃**
ပြည်တွင်း ပြည်ပ ပြိုင်ပွဲများ ကျင်းပနိုင်မည့် နိုင်ငံတကာအဆင့်မီ ဖူဆယ်အားကစားရုံ တည်ဆောက်မှုမှာ ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ **(အောက်ပုံ)** မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) ၏ ပံ့ပိုးမှုဖြင့် နိုင်ငံတကာအဆင့်မီ ဖူဆယ်အားကစားရုံကို ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်း သုဝဏ္ဏဘောလုံးကွင်းဧရိယာအတွင်း တည်ဆောက်နေခြင်းဖြစ်သည်။



မြန်မာနိုင်ငံတွင် ဖူဆယ်အားကစားရုံ ရှားပါးသည့်အပြင် ရန်ကုန်မြို့တွင် ဖူဆယ်အားကစားနည်းအတွက် အားကစားရုံ မရှိသောကြောင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ပြည်တွင်းပြိုင်ပွဲများ တိုးမြှင့်ကျင်းပနိုင်ရန်၊ နိုင်ငံတကာ ဖူဆယ်ပြိုင်ပွဲများ လက်ခံကျင်းပနိုင်ရန်နှင့် ဖူဆယ်အားကစားလောက ပိုမိုဖွံ့ဖြိုးလာစေရန် ကြိုးပမ်းလျက်ရှိပြီး ပရိသတ် ၂၀၀၀ ဆံ့ ဖူဆယ်အားကစားရုံကို အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

ယင်းအားကစားရုံကို ပြီးခဲ့သည့်နှစ်က စတင်တည်ဆောက်ခဲ့ပြီး ကိုဗစ် – ၁၉ ရောဂါအခြေအနေကြောင့် လုပ်ငန်းကြန့်ကြာမှုများ ရှိခဲ့သော်လည်း ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကာ ကျန်ရှိသည့် ၃၀ ရာခိုင်နှုန်းကို ၂၀၂၁ ခုနှစ် နှစ်ဆန်းပိုင်းတွင် အပြီးတည်ဆောက်သွားမည်ဖြစ်သည်။ အဆိုပါ အားကစားရုံကို တာဝန်ယူတည်ဆောက်နေသည့် ကုမ္ပဏီက ၂၀၂၁ ခုနှစ် မတ်လမကုန်မီ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ထံ လွှဲပြောင်းပေးအပ်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ယင်းဖူဆယ်ရုံပြီးစီးသွားပါက ပြည်တွင်းဖူဆယ်ပြိုင်ပွဲများ တိုးမြှင့်ကျင်းပမည့်အပြင် နိုင်ငံတကာပြိုင်ပွဲကိုလည်း အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယခင်က ပြည်တွင်းဖူဆယ်ပြိုင်ပွဲများ ကျင်းပပါက အမျိုးသားအားကစားပြိုင်ပွဲ ရုံ–၁ သုဝဏ္ဏနှင့် အမျိုးသားအားကစားပြိုင်ပွဲရုံ – ၂ လှိုင်တို့ကို အသုံးပြုခဲ့ရသည်။

ယခု တည်ဆောက်နေသည့် ဖူဆယ်အားကစားရုံမှာ မတ်လကုန်နောက်ဆုံး ပြီးစီးမည်ဖြစ်သောကြောင့် လာမည့်နှစ်တွင် ဖူဆယ်လိဂ်အပါအဝင် အခြားပြိုင်ပွဲများ ကျင်းပပါက ယင်းအားကစားရုံသစ်တွင် ကျင်းပနိုင်မည်ဖြစ်သည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ – MFF**

# မြစ်ကြီးနားနှင့် မြဝတီမြို့တို့တွင် မူးယစ်ဆေးဝါးများနှင့်လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၃**
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂ ရက် ညနေက မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် ဆွမ်ပရာဘွမ်လမ်းပေါ်တွင် မယိန်းနမ် (ခ) ဟန်နီမော် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅၀ ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ နံနက်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မြဝတီမြို့ အမှတ်(၄)ရပ်ကွက်နေ မင်းကိုကိုထွန်း (ခ) မင်းမင်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ ကို လည်းကောင်း၊ ကွင်းဆက်အရ အဆိုပါ နေအိမ်သို့ ရောက်ရှိလာသည့် ခန့်မင်းသူ (ခ) ဖိုးဒါးနှင့် စောချစ်ထူး (ခ) စောကူချောတို့အား စစ်ဆေးရှာဖွေရာ ခန့်မင်းသူ (ခ) ဖိုးဒါးထံတွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၃၂၀၊ ၉ မမ ပစ္စတိုတစ်လက်၊ ယင်းကျည်အိမ်တစ်ခုနှင့် ကျည်ခြောက်တောင့်တို့ကိုလည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# ချန်ပီယံလိဂ် ပွဲစဉ်(၅) မန်ယူတို့ အိမ်ကွင်းတွင် ပီအက်စ်ဂျီကို ရှုံးနိမ့်

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ၃၂ သင်းအဆင့် အုပ်စုပွဲစဉ်(၅)မှ ဒုတိယနေ့ ပွဲစဉ်များကို ဒီဇင်ဘာ ၃ ရက် နံနက်တွင် ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု(ဇ)မှ မန်ယူနှင့် ပီအက်စ်ဂျီ ပွဲစဉ်တွင် အိုးထရက်ဖို့ဒ်ကွင်း၌ ပီအက်စ်ဂျီအသင်း သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် အိမ်ရှင်မန်ယူအသင်းသည် ၄–၂–၃–၁ ကစားကွက်ဖြင့် ကာဗာနီကိုအထောင်တိုက်စစ်တွင် အသုံးပြုခဲ့ပြီး ဧည့်သည် ပီအက်စ်ဂျီသည် ၄–၃–၃ တိုက်စစ်ပုံစံဖြင့် နေမာ၊ မ့်ပြင်စီကိန်းနှင့် အမ်ဘတ်ပီတို့အတွဲ ပွဲထွက်လာသည်။ ပထမပိုင်း ပွဲချိန် ခြောက်မိနစ်တွင် တိုက်စစ်မှူးနေမာက ပီအက်စ်ဂျီအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ကာ မန်ယူအတွက် ချေပဂိုးကို ပွဲချိန် ၃၂မိနစ်တွင် ရက်ရှ်ဖို့ဒ်က သွင်းယူပေးခဲ့သည်။ ပထမပိုင်းအပြီးတွင် တစ်ဖက်တစ်ဂိုးစီဖြင့် ပြီးဆုံးခဲ့ပြီး ဒုတိယပိုင်း ၆၉မိနစ်တွင် မာကွင်ဟိုစ်က ပီအက်စ်ဂျီအတွက် ဒုတိယဦးဆောင်ဂိုး သွင်းယူခဲ့သည်။ ပွဲချိန် မိနစ် ၇၀ တွင် မန်ယူကွင်းလယ်ကစားသမား ဖရက်ဒ် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံရ၍ မန်ယူအသင်း တစ်ယောက်လျော့ဖြင့် အရေးနိမ့်ခဲ့ရာ ပီအက်စ်ဂျီအတွက် အနိုင်သေချာမည့်ဂိုးကို သာမန်ပွဲကစားချိန် မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပို တစ်မိနစ်တွင် နေမာက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းပွဲစဉ်တွင် မန်ယူအသင်းသည် ဂိုးကန်သွင်းခွင့် ၁၂ ကြိမ် ပြုလုပ်နိုင်ပြီး ငါးကြိမ်ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ ပီအက်စ်ဂျီသည် ၁၃ ကြိမ် ဂိုးကန်သွင်းခွင့်ရခဲ့ရာ ခြောက်ကြိမ်ဂိုးပေါက် ခြိမ်းခြောက်နိုင်ခဲ့သည်။ ယနေ့ပွဲတွင် အိမ်ကွင်း၌ ရှုံးနိမ့်ခဲ့သည့် မန်ယူအသင်းနှင့် နည်းပြဆိုးရှားလ်အတွက် ဖိအားများဖြင့် ရင်ဆိုင်ခဲ့ရသည်။

အုပ်စု(ဇ)မှ ပွဲစဉ်တစ်ပွဲဖြစ်သော အစ္စတန်ဘူလ်နှင့် လိုက်ပ်ဇစ်ပွဲစဉ်တွင် လေးဂိုး–သုံးဂိုးဖြင့် အဝေးကွင်း၌ လိုက်ပ်ဇစ်အသင်းအနိုင်ရရှိခဲ့သည်။ အုပ်စု(ဇ)သည် လက်ကျန်ပွဲစဉ်တစ်ပွဲအတွက် ပြိုင်ဆိုင်မှုပြင်းထန်နေပြီး နောက်တစ်ဆင့်တက်ရောက်ရန်အသင်း အဖြေမပေါ်သေးပေ။ ပွဲစဉ်(၅)ယှဉ်ပြိုင်အပြီး မန်ယူ၊ ပီအက်စ်ဂျီနှင့် လိုက်ပ်ဇစ်တို့မှာ ရမှတ် ကိုးမှတ်စီ တူညီနေကာ အစ္စတန်ဘူလ်က သုံးမှတ်သာရရှိထားသည်။ နောက်ဆုံးပွဲစဉ်(၆)ကို ပီအက်စ်ဂျီအသင်းသည် အိမ်ကွင်း၌ အစ္စတန်ဘူလ်ကို ဧည့်ခံယှဉ်ပြိုင်ရမည်ဖြစ်ရာ အိမ်ကွင်းအားသာချက်နှင့် ခြေစွမ်းအရ အနိုင်ရရှိရန်သေချာသလောက်ရှိနေပြီး မန်ယူအသင်းသည် အဝေးကွင်း၌ လိုက်ပ်ဇစ်အသင်းကို ယှဉ်ပြိုင်ရမည်ဖြစ်ရာ နည်းပြဆိုးလ်ရှားအတွက် ဂျာမန်မြေသည် အိပ်မက်ဆိုးတစ်ခုပင်ဖြစ်သည်။

ချန်ပီယံလိဂ် ပွဲစဉ်(၅)အခြားပွဲစဉ်ရလဒ်များအဖြစ် ခရက်စ်နိုဒါက ရန်းနက်စ်ကို တစ်ဂိုး–ဂိုးမရှိ၊ ဒေါ့မွန်နှင့်လာဇီယိုတို့ တစ်ဖက် တစ်ဂိုးစီ၊ ကလပ်ဘရုဂကဇင်းနစ်ကို သုံးဂိုး–ဂိုးမရှိ၊ ဘာစီလိုနာက ဖာရန်စီဗာရိုစ်ကို သုံးဂိုး–ဂိုးမရှိ၊ ဂျူဗင်တပ်စ်က ဒိုင်နမိုကိယ်ဗ်ကို သုံးဂိုး–ဂိုးမရှိနှင့် ချယ်ဆီးက ဆီဗီလာကို အဝေးကွင်းတွင် လေးဂိုး–ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

**သီဟ**

❍ *ကျောဖုံးမှ*

ပြိုင်ပွဲဝင်ကစားသမား ၆၀ ကျော်၊ ၇၀ ကျော် အသီးသီးရှိကြပြီး အာရှနိုင်ငံများမှ ၄၃ နိုင်ငံ ပါဝင်ကာ ကစားသမား ၃၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲကို ဒီဇင်ဘာ ၄ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ယှဉ်ပြိုင်သူများ တစ်ဦးချင်းအနေဖြင့် ပထမအဆင့် ပတ်လည်ပွဲတွင် ယှဉ်ပြိုင်ရမည့် ကကွက်နှစ်ပုဒ်၊ ဒုတိယအဆင့်ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့လျှင် ယှဉ်ပြိုင်ရမည့် ကကွက်နှစ်ပုဒ်၊တတိယအဆင့် နောက်ဆုံးဖိုင်နယ်သို့တက်ရောက်ခဲ့လျှင် ယှဉ်ပြိုင်ရမည့်ကကွက် နှစ်ပုဒ် စုစုပေါင်း ကကွက်ခြောက်ပုဒ်စီ၏ Video Link များကို အောက်တိုဘာ ၃၀ ရက်က Asia Taekwondo Union သို့ ကြိုတင်ပေးပို့ထားသည်။

ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်သွားကြသော ကစားသမားများ၏ ယှဉ်ပြိုင်မှုများကို ဒီဇင်ဘာ ၄ ရက်တွင် You Tube ၌ Live လွှင့်ပြီး ဆုရစာရင်းများ တိုက်ရိုက်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

❒ *ကျောဖုံးမှ*

အုပ်စုအဆင့် ပွဲစဉ်များမပြီးဆုံးမီ နောက်တစ်ဆင့်သို့ တက်ရောက်ထားနိုင်ခဲ့သည်။ သို့သော်လည်း ဂျူဗင်တပ်စ်အသင်းနှင့် ဘာစီလိုနာအသင်းတို့ ချန်ပီယံလိဂ်အုပ်စုအဆင့် နောက်ဆုံးပွဲကို လာမည့်သီတင်းပတ်တွင် ဘာစီလိုနာအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ပြီး မည်သည့်အသင်းက အုပ်စုဗိုလ်အဖြစ် နောက်တစ်ဆင့်တက်ရောက်သွားမလဲ စိတ်ဝင်စားဖွယ်ရာပင်။

ဂျူဗင်တပ်စ်အသင်းက ဒိုင်နမိုကိယ်ဗ်အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် ကွင်းလယ်ဒိုင်အဖြစ် တာဝန်ယူကိုင်တွယ်ခဲ့သော စတီဖန်နီဖရာပတ်သည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပထမဆုံးအကြိမ် တာဝန်ယူကိုင်တွယ်သည့် အမျိုးသမီးကွင်းလယ်ဒိုင်တစ်ဦးအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ဂျူဗင်တပ်စ်အသင်းသည် လာမည့်ပွဲစဉ်အဖြစ် ဒီဇင်ဘာ ၅ ရက်၌ စီးရီးအေ ပွဲစဉ် (၁၀) တွင် တိုရီနိုအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ လက်ရှိတွင် ဂျူဗင်တပ်စ်အသင်းသည် စီးရီးအေ ကိုးပွဲကစားပြီးချိန်တွင် ရမှတ် ၁၇ မှတ်ဖြင့် အဆင့် (၄) နေရာတွင် ရပ်တည်နေသည့်အသင်းဖြစ်သည်။

**အောင်ဇော်**

# ကသာမြို့တွင် ဆိုင်ကယ်ခိုးမှု ကျူးလွန်သူကို ဖမ်းဆီးရမိ

**ကသာ ဒီဇင်ဘာ ၃**
စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် ဆိုင်ကယ်ခိုးယူသူအား ဖမ်းမိခဲ့ရာ ယခင်ခိုးယူထားသော ဆိုင်ကယ်သုံးစီးကိုပါသိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂ ရက် ညနေ ၆ နာရီခန့်တွင် ကသာမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ဇော်မင်းထွန်း ဦးစီးသောအဖွဲ့သည် ကြွက်ပု (ခ) စိုးမိုးအောင် ဆိုသူအား အမှုကွင်းဆက်နှင့်ပတ်သက်၍ ခေါ်ယူစစ်ဆေးခဲ့ရာ ယခင်ခိုးယူထားသော ဆိုင်ကယ်သုံးစီးအား ပြန်လည် သိမ်းဆည်းနိုင်ခဲ့ပြီး စုစုပေါင်းဆိုင်ကယ်လေးစီး သိမ်းဆည်း နိုင်ခဲ့သဖြင့် ၎င်းအား ကသာမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# အစ္စရေးတို့၏ အခြေချနေထိုင်မှုများကို ပြင်းပြင်းထန်ထန်အရေးယူပေးရန် ပါလက်စတိုင်းဝန်ကြီးချုပ် တောင်းဆို

**ရမ်မလာ ဒီဇင်ဘာ ၃**

အစ္စရေးတို့၏ အခြေချနေထိုင်မှုများကို သပိတ်မှောက်ကာ အစ္စရေးအပေါ် ပိုမိုအရေးယူပေးကြရန် အလှူရှင်နိုင်ငံများကို ပါလက်စတိုင်းဝန်ကြီးချုပ် မိုဟာမက်အစ် ရှ်ထေးက နိုဝင်ဘာ ၂ ရက်တွင် တောင်းဆိုခဲ့သည်။

ပါလက်စတိုင်း နယ်မြေများတွင် အစ္စရေးတို့အခြေချနေထိုင်မှုများ တိုးချဲ့ချင်သည့် မူဝါဒကြောင့် လက်ရှိအခြေအနေမှာ ယိုယွင်းပျက်စီးလျက်ရှိကြောင်း အပြည်ပြည်ဆိုင်ရာ အလှူရှင်များနှင့် အွန်လိုင်းမှတွေ့ဆုံသည့် ဆွေးနွေးပွဲတွင် ၎င်းကပြောကြားခဲ့သည်။ အစ္စရေးဘက်မှ မူဝါဒများကြောင့် ပါလက်စတိုင်း နယ်မြေများကျူးလာကာ အခြေချနေထိုင်မှုကြောင့်ပေါ်ပေါက်လာသည့် ပဋိပက္ခများမှာလည်း ပိုမိုအားကောင်းလာသည်။

ထို့ပြင် အရင်းအမြစ်များ သုံးစွဲမှုမှာလည်း တဖြည်းဖြည်း လျော့ကျလာသည်ဟု ပါလက်စတိုင်းဝန်ကြီးချုပ်ရုံးမှ သတင်းထုတ်ပြန်သည်။ အလှူရှင်နိုင်ငံများနှင့် အစည်းအဝေးတွင် နော်ဝေနိုင်ငံက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပေးပြီး အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အလှူရှင် နိုင်ငံများ စုစုပေါင်း ၄၀ ဝန်းကျင် တက်ရောက်ကြသည်။

ယင်းအစည်းအဝေးတွင် ကုလသမဂ္ဂနှင့် ကမ္ဘာ့ဘဏ်တို့လည်း ပါဝင်ကြသည်။ အဆိုပါ အစည်းအဝေးမှာ ပါလက်စတိုင်းနယ်မြေများတွင် ဘဏ္ဍာရေးနှင့် နိုင်ငံရေး တိုးတက်မှုများကို ဆွေးနွေးခဲ့ကြပြီး အလှူရှင်များ ညီလာခံအတွက် ပြင်ဆင်မှုများလည်း ပြုလုပ်ခဲ့သည်။

ယင်းညီလာခံကို အော်စလိုမြို့တွင် လာမည့်နှစ်ဖေဖော်ဝါရီလတွင် ကျင်းပမည်ဖြစ်သည်။ ပါလက်စတိုင်း၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ရည်မှန်းချက်မှာ နိုင်ငံရေးနှင့် အမျိုးသားရေးရည်မှန်းချက်များနှင့် မခြားဘဲရှိကြောင်း ပါလက်စတိုင်းဝန်ကြီးချုပ်က ပြောသည်။ **ဆင်ဟွာ**


ပါလက်စတိုင်းဝန်ကြီးချုပ် မိုဟာမက်အစ်ရှ်ထေးကို ဇွန် ၂၀ ရက်က ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင် တွေ့ရစဉ်။

# တောင်ကိုရီးယားနိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်ခြောက်ဦး ကိုဗစ်-၁၉ ကူးစက်ခံရ

**ဆိုးလ် ဒီဇင်ဘာ ၃**

တောင်ကိုရီးယားနိုင်ငံသား ခြောက်ဦး၊ ၎င်းတို့နှင့် ဆက်နွယ်သည့် အရပ်သားနှစ်ဦး ကိုဗစ်-၁၉ ထပ်မံ ကူးစက်ခံထားရသည်ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း တောင်ကိုရီးယားရှိ အမေရိကန်တပ်ဖွဲ့က ဒီဇင်ဘာ ၃ ရက်တွင် ပြောကြားခဲ့သည်။

အမေရိကန်တပ်ဖွဲ့ဝင်များသည် ပြီးခဲ့သည့် နိုဝင်ဘာ ၁၇ ရက်နှင့် ဒီဇင်ဘာ ၁ ရက်အတွင်း တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိခဲ့ပြီးနောက် ကိုဗစ်-၁၉ ကူးစက်ခံခဲ့ရကြောင်း တောင်ကိုရီးယားရှိ အမေရိကန်တပ်ဖွဲ့၏ ထုတ်ပြန်ချက်တွင် အတည်ပြုဖော်ပြထားသည်။



အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးအား ကိုဗစ်-၁၉ စစ်ဆေးရန် နှာခေါင်းတို့ဖတ်ရယူစဉ်။

ရောဂါကူးစက်ခံရသူများအနက် တပ်ဖွဲ့ဝင်သုံးဦးမှာ နိုဝင်ဘာ ၁၇ ရက်၊ ၁၉ ရက်နှင့် ဒီဇင်ဘာ ၁ရက်တို့တွင် အမေရိကန်အစိုးရ လေယာဉ်ဖြင့် အမေရိကန်ပြည်ထောင်စုမှ ထွက်ခွာလာပြီး အိုဆန်လေတပ်အခြေစိုက်စခန်းသို့ ရောက်ရှိခဲ့သည်။ အိုဆန်လေတပ်စခန်းသည် ဆိုးလ်မြို့တောင်ဘက်မှ ၇၀ ကီလိုမီတာအကွာ၌ တည်ရှိသည်။

တပ်ဖွဲ့ဝင် သုံးဦးနှင့် မှီခိုနှစ်ဦးမှာ နိုဝင်ဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် နိုင်ငံတကာ လေကြောင်းလိုင်း လေယာဉ်ဖြင့် ဆိုးလ်မြို့အနောက်ပိုင်း အင်ချွန်း နိုင်ငံတကာလေဆိပ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ရောဂါကူးစက်ခံရသည့် အတည်ပြုလူနာများကို အမေရိကန်ကြည်းတပ်ဖွဲ့ ဂယ်ရီဆန်ဟမ်ဖရေးစ်စစ်စခန်းနှင့် အိုဆန်လေတပ်စခန်းတို့ရှိ သတ်မှတ်ထားသည့် ကန့်သတ်စောင့်ကြည့်အဆောက်အအုံများသို့ ရွှေ့ပြောင်းခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# လပေါင်းများစွာ ရပ်နားထားခဲ့ရသည့် ဘိုးရင်း-၇၃၇ မက်စ်လေယာဉ်များ ပျံသန်းပြေးဆွဲမှု ပြန်လည်စတင်

**ဟူစတန် ဒီဇင်ဘာ ၃**

ပြီးခဲ့သည့်နှစ်က ခရီးသည်များအား အသက်ဆုံးရှုံးစေခဲ့သည့် လေယာဉ်မတော်တဆ ပျက်ကျမှုဖြစ်ပွားခဲ့ပြီးနောက် လပေါင်း ၂၀ ကြာအောင် ရပ်နားထားခဲ့ရသည့် ဘိုးရင်း - ၇၃၇ မက်စ်လေယာဉ်များ ပျံသန်းပြေးဆွဲမှု ပြန်လည်စတင်နေပြီဖြစ်ကြောင်း သိရသည်။

ဘိုးရင်း- ၇၃၇ မက်စ်၏ ပထမဆုံး ခရီးသည်တင်လေယာဉ် ပျံသန်းမှုကို ဒီဇင်ဘာ ၂ ရက်တွင် စတင်ခဲ့သည်။ လေယာဉ်၏ ဘေးကင်းလုံခြုံမှုနှင့် ပတ်သက်သည့် ယုံကြည်စိတ်ချရမှုကို ထုတ်ဖော်ပြသရန် သတင်းသမားများ ပါဝင်သည့် အဖွဲ့တစ်ဖွဲ့ကို တင်ဆောင်လျက် တက္ကဆက်ပြည်နယ် ဒါးလက်စ်မှ အိုကလာဟိုးမားပြည်နယ် တယ်လ်ဆာသို့ ၄၅ မိနစ်ကြာသည့် ခရီးစဉ်ကို ပျံသန်းထွက်ခွာခဲ့သည်။



ဒါးလက်စ်ရှိ နိုင်ငံတကာလေဆိပ်၌ ဘိုးရင်း-၇၃၇ မက်စ်လေယာဉ်တစ်စင်း ရပ်နားထားစဉ်။

ပြီးခဲ့သည့်လက အမေရိကန် ဖက်ဒရယ် လေကြောင်းအာဏာပိုင်အဖွဲ့သည် ဘိုးရင်း-၇၃၇ မက်စ်လေယာဉ်များကို စီးပွားရေးအရ ပြန်လည် ဆောင်ရွက်နိုင်စေရန် လမ်းဖွင့်ပေးသည့်အနေဖြင့် အဆိုပါလေယာဉ်များအား ပျံသန်းပြေးဆွဲခွင့် ရပ်နားထားသည့် အမိန့်ထုတ်ပြန်ချက်ကို ဖယ်ရှားပေးလိုက်ကြောင်း သိရသည်။

၂၀၁၉ ခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံနှင့် အီသီယိုပီးယားနိုင်ငံတို့တွင် ဘိုးရင်း၏မက်စ်လေယာဉ်နှစ်စင်း မတော်တဆပျက်ကျမှုကြောင့် လူ ၃၄၆ ဦး သေဆုံးခဲ့ရပြီးနောက် မတ်လမှစတင်ကာ မက်စ်လေယာဉ်များ ပျံသန်းပြေးဆွဲခွင့် ပိတ်ပင်ခံခဲ့ရသည်။

**ဆင်ဟွာ**

# အမေရိကန်နှင့် ဆက်ဆံရေးတိုးတက်လာစေမည့် အစီအစဉ် အီးယူအဆိုပြု

**ဘရပ်ဆဲလ် ဒီဇင်ဘာ ၃**

ဥရောပသမဂ္ဂ (အီးယူ )သည် အမေရိကန်နှင့် ဆက်ဆံရေးတိုးတက်စေရေးအတွက် ပြည့်စုံသောအစီအစဉ်တစ်ရပ်ကို ဒီဇင်ဘာ ၂ ရက်တွင် ဖော်ပြခဲ့သည်။ လက်ရှိ အမေရိကန်အစိုးရ၏ လက်ထက်တွင် အမေရိကန်နှင့် အီးယူတို့၏ ဆက်ဆံရေးမှာ ဆိုးဆိုးရွားရွား ထိခိုက်ခဲ့ရသည်ဟု အီးယူအဖွဲ့ကြီးက ယုံကြည်သည်။

ယင်းအစီအစဉ်ကို တစ်ကမ္ဘာလုံးဆိုင်ရာပြောင်းလဲမှုအတွက် အီးယူ-အမေရိကန်အစီအစဉ်သစ်ဟု အမည်ပေးထားသည်။ လက်ရှိ အမေရိကန်တွင် ခေါင်းဆောင်းပိုင်းအပြောင်းအလဲနှင့်အတူ ကိုဗစ်-၁၉ အလွန် ကာလကမ္ဘာ့အခြေအနေအတွက် ပိုမို အင်အားစိုက်ထုတ်ရမည်ဖြစ်သည်။ တစ်ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအတွက် ပုံစံသစ်ပြုလုပ်ရန် အခွင့်အရေးရှိကြောင်း ကြေညာချက်ထုတ်ပြန်ထားသည်။

ယခု အီးယူမှ အဆိုပြုထားသည့်အစီအစဉ်သစ်တွင် ကိုဗစ်-၁၉ တိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်ဖြေရှင်းနိုင်ရေးနှင့် ကုန်သွယ်ရေးအငြင်းပွားမှုအတွက် အဖြေရှာရေးအစရှိသည်တို့ ပါဝင်သည်။ ကုန်သွယ်ရေးကို အဆင်ပြေချောမွေ့စွာ လုပ်ဆောင်နိုင်ရေးအတွက် အီးယူ-အမေရိကန် ကုန်သွယ်ရေးနှင့် နည်းပညာကောင်စီကို တည်ထောင်ရန်တို့လည်း ပါဝင်သည်။

**ဆင်ဟွာ**

# ၂၀၂၁ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေး ပြန်လည်ကောင်းမွန်လာနိုင်မည်ဟု ခန့်မှန်းထား

**ပါရီ ဒီဇင်ဘာ ၃**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် ကမ္ဘာ့စီးပွားရေးသည် လာမည့် ၂၀၂၁ ခုနှစ်တွင် ပြန်လည်ကောင်းမွန်လာနိုင်ကြောင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်း ( OCED) က ပြောကြားခဲ့သည်။

ကမ္ဘာ့စီးပွားရေးသည် ၂၀၂၀ ပြည့်နှစ်တွင် ၄ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းမည်ဟု ခန့်မှန်းထားခဲ့ရာမှာ ၂၀၂၁ ခုနှစ်တွင် ပြန်လည်နာလန်ထူလာပြီး ၄ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာနိုင်ကြောင်း အိုစီအီးဒီက ကမ္ဘာ့စီးပွားရေးအလားအလာ ခန့်မှန်းချက်တွင် ဖော်ပြထားသည်။ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထွက်ပေါ်လာတော့မည်ဖြစ်သည့်အတွက် အထူးသဖြင့် တရုတ်နိုင်ငံ၏ စီးပွားရေး ၈ ရာခိုင်နှုန်း တိုးတက်လာနိုင်သည်ဟု ခန့်မှန်းထားသည်။

သို့သော် တရုတ်နိုင်ငံ၊ တောင်ကိုရီးယားနှင့် နိုင်ငံအချို့သာလျှင် ကပ်ရောဂါ မကျရောက်မီက ရှိခဲ့သည့် စီးပွားရေးအနေအထားသို့ ပြန်လည်ရောက်ရှိနိုင်မည်ဟု ထုတ်ပြန်ချက်တွင်ဆိုထားသည်။ ဂျပန်နိုင်ငံ၏ စီးပွားရေးမှာ ယခုနှစ်တွင် ၅ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းနိုင်ကြောင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်းက ခန့်မှန်းထားသည်။

လာမည့် ၂၀၂၁ ခုနှစ်တွင် တိုကျိုအိုလံပစ်နှင့် မသန်စွမ်းအားကစားပြိုင်ပွဲများ ကျင်းပရန်ရှိသည့်အတွက် စီးပွားရေးဆိုင်ရာ တွန်းအားရရှိခဲ့သည့်တိုင်အောင် ဂျပန်နိုင်ငံ၏ စီးပွားရေး တိုးတက်မှုနှုန်း ၂ ဒသမ ၃ ရာခိုင်နှုန်းသာရှိလိမ့်မည်ဖြစ်ကြောင်း ခန့်မှန်းတွက်ချက်ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**

# ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမတိုင်မီ ပြည်သူ သန်း ၁၀၀ခန့်ကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် အမေရိကန် မျှော်လင့်

**ဝါရှင်တန် ဒီဇင်ဘာ ၃**

အမေရိကန်ပြည်ထောင်စုသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ မတိုင်မီ ပြည်သူ သန်း ၁၀၀ ခန့်ကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးနိုင်ရန် မျှော်လင့်ထားကြောင်း၊ အဆိုပါ ပမာဏသည် နိုင်ငံအတွင်းရှိ သက်ကြီး လူဦးရေ ၄၀ ရာခိုင်နှုန်းခန့် ရှိကြောင်း ထိပ်တန်းအရာရှိ တစ်ဦးက ဒီဇင်ဘာ ၂ ရက်တွင် ပြောကြားလိုက်သည်။

ဖိုက်ဇာ-ဘိုင်အိုအင်န်တက်ချ်နှင့် မော်ဒါနာတို့၏ ကိုဗစ်-၁၉ ကာကွယ်ဆေးများကို အတည်ပြုလိုက်ချိန်တွင် ကာကွယ်ဆေး ထိုးနှံပေးမည့် အဆိုပါလုပ်ဆောင်ချက်ကို သီတင်းပတ်များအတွင်း စတင်သင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဒီဇင်ဘာလလယ်မှ ဖေဖော်ဝါရီလကုန် ကြားကာလတွင် မိမိတို့အနေဖြင့် လူပေါင်း သန်း ၁၀၀ ခန့်ကို ကာကွယ်ဆေးထိုးနှံပေးနိုင်လိမ့်မည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးတိုးတက် ထုတ်လုပ်ဖြန့်ဖြူးရေး လွယ်ကူချောမွေ့စေရန် အမေရိကန်အစိုးရအဖွဲ့က ကမကထပြုလုပ်ပေးသည့် ပြည်သူ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အော်ပရေးရှင်း ဝက်ပ်စပိဒ်)၏ သိပ္ပံ နည်းကျ လက်တွေ့အကြံပေး မွန်းဆက်ဖ်ဆလောင်းက သတင်းထောက်များကို ပြောကြားလိုက်သည်။

ယခုလို ကာကွယ်ဆေးထိုးနှံပေးခြင်းတွင် အသက်ကြီးပိုင်းများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များ အပါအဝင် တကယ့်အန္တရာယ်နှင့် ရင်ဆိုင်နေရသော လူဦးရေကို ခြုံငုံမိစေမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကာကွယ်ဆေးနှစ်မျိုး ထုတ်လုပ်မှုသည် ပိုမိုတွင်ကျယ်လာမည်ဖြစ်ကာ ဒီဇင်ဘာ ၃၀ တွင် လူဦးရေ သန်း ၂၀ ၊ ဇန်နဝါရီလတွင် လူဦးရေ သန်း ၃၀ နှင့် ဖေဖော်ဝါရီလတွင် လူဦးရေ သန်း ၅၀ အထိ ထိုးနှံပေးမည်ဖြစ်သည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးမည့် ပမာဏတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး စမ်းသပ်မှု နောက်ဆုံးအဆင့် ရောက်နေသော ဂျွန်ဆင်နှင့် ဂျွန်ဆင်နှင့် အက်စ်ထရာဇနီကာ-အောက်စဖို့ဒ်တို့မှ ထုတ်လုပ်မည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများ မပါဝင်သေးကြောင်း သိရသည်။

ဒီဇင်ဘာ ၁၅ ရက်တွင် ကာကွယ်ဆေး ထိုးနှံမှု ပထမအသုတ် စတင်နိုင်မည်ဖြစ်ကြောင်း အော်ပရေးရှင်း ဝက်ပ်စပိဒ်၏ သိပ္ပံ နည်းကျ လက်တွေ့အကြံပေး မွန်းဆက်ဖ်ဆလောင်းက ထပ်လောင်းပြောကြားလိုက်သည်။

ဆင်ဟွာ



အမေရိကန်ပြည်ထောင်စု အီလီနွိုက်ပြည်နယ် အီဗန်စတန်မြို့လယ်တွင် ပါးစပ်နှာခေါင်းစည်း တပ်ဆင်သွားလာနေသူများကို တွေ့ရစဉ်။

# ကိုဗစ်-၁၉ ရောဂါကူးစက်မှုတိုးလာချိန်တွင် အခက်အခဲဆုံးအချိန်နှင့် ရင်ဆိုင်နေရကြောင်း အမေရိကန်ကူးစက်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန အကြီးအကဲပြော

**ဝါရှင်တန် ဒီဇင်ဘာ ၃**

ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ဖြစ်ပွားနေစဉ်အတွင်း အမေရိကန်ပြည်ထောင်စုသည် အခက်ခဲဆုံးအချိန်များနှင့် ရင်ဆိုင်နေရသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဆေးရုံတက်ရောက်၍ ဆေးကုသမှုခံယူသူအရေအတွက် များလာသောကြောင့် နိုင်ငံတစ်ဝန်းရှိ ဆေးရုံများလည်း ဝန်ပိနေကြောင်း အမေရိကန် ကူးစက်ရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ဒီဇင်ဘာ ၂ ရက်က ထုတ်ပြန်ဖော်ပြလိုက်သည်။





အမေရိကန်ကူးစက်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန ညွှန်ကြားရေးမှူး ရောဘတ်ရက်ဒ်ဖီးလ်ကိုတွေ့ရစဉ်။

လက်ရှိ အခြေအနေအရ ဒီဇင်ဘာ၊ ဇန်နဝါရီနှင့် ဖေဖော်ဝါရီလတို့သည် အခက်ခဲဆုံးအချိန်များဖြစ်လာမည်ဖြစ်ကြောင်း၊ အဆိုပါအချိန်များသည် ပြည်သူ့ကျန်းမာရေးသမိုင်းတွင် အခက်ခဲဆုံးအချိန်များဖြစ်လာမည်ဟု မိမိအနေဖြင့် ယုံကြည်ကြောင်း အမေရိကန်ကူးစက်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန ညွှန်ကြားရေးမှူး ရောဘတ်ရက်ဒ်ဖီးလ်က ကုန်သွယ်ရေးအဖွဲ့ချုပ်နှင့် ပြုလုပ်သည့် အွန်လိုင်းအသုံးပြု အစည်းအဝေးတွင် ပြောကြားလိုက်သည်။

နိုင်ငံ၏ အချို့နေရာများတွင် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို အစောပိုင်းက အလေးထားဆောင်ရွက်ခဲ့ကြောင်းနှင့် ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးဘက်ဆိုင်ရာအသုံးအဆောင်ပစ္စည်းများကို ကူးစက်မှုမြင့်မားသည့်နေရာများသို့ ပို့ဆောင်ပေးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သို့သော်လည်း လတ်တလောတွင် အမေရိကန်နိုင်ငံတစ်ဝန်း ကူးစက်မှု အလွန်တိုးနေသောကြောင့် ဆေးရုံတက်ရောက် ကုသရသော လူနာအရေအတွက်သည်လည်း မြင့်မားလာကြောင်း အမေရိကန် ကူးစက်ရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန ညွှန်ကြားရေးမှူး ရောဘတ်ရက်ဒ်ဖီးလ်က ဆက်လက်ပြောကြားလိုက်သည်။

အမေရိကန်နိုင်ငံတွင် ဒီဇင်ဘာ ၂ ရက်က ဆေးရုံတက်ရောက် ကုသမှုခံယူနေသော ကိုဗစ်-၁၉ လူနာအရေအတွက်သည် ၁၀၀၂၂၆ ဦးရှိပြီး အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားကတည်းက ပထမဆုံးအကြိမ်အဖြစ် ဆေးရုံတက်ရောက်သူ ဦးရေ တစ်သိန်းကျော် ရောက်ရှိလာခြင်းဖြစ်ကြောင်း ကိုဗစ်-၁၉ ခြေရာခံ စီမံကိန်း၏ ထုတ်ပြန်ချက်အရ သိရသည်။

အမေရိကန်နိုင်ငံ တစ်ဝန်းရှိ ဆေးရုံပေါင်း ၉၀ ရာခိုင်နှုန်းကျော်သည် လူနာများဖြင့် ပြည့်နေ၍ အနီရောင်ဇုန်ထဲသို့ ရောက်ရှိနေကြောင်း ညွှန်ကြားရေးမှူးက ထပ်မံပြောကြားလိုက်သည်။ ဖေဖော်ဝါရီ မတိုင်မီ ကံဆိုးစွာဖြင့် အမေရိကန်နိုင်ငံသား ၄၅၀၀၀၀ ခန့် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် သေဆုံးရန် နီးကပ်နေသည်ဟု ထင်မြင်မိကြောင်း ၎င်းက ဖြည့်စွက်ပြောကြားသည်။

အမေရိကန်နိုင်ငံသည် ကိုဗစ်-၁၉ ကူးစက်ခံရမှု ၁၃ ဒသမ ၉ သန်းနှင့်အတူ သေဆုံးသူ ၂၇၃၀၀၀ ဖြင့် ကမ္ဘာပေါ်တွင် ကပ်ရောဂါ အဆိုးဆုံး ခံစားနေရသည့် နိုင်ငံအဖြစ် ဆက်လက် တည်ရှိလျက်ရှိကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်၏ ထုတ်ပြန်ချက်အရ သိရသည်။

ဆင်ဟွာ

# လာအိုနိုင်ငံ၌ ကိုဗစ်-၁၉ စစ်ဆေးမှုပေါင်း ၈၀၁၈၈ ခု ပြုလုပ်ခဲ့ပြီး ပိုးတွေ့လူနာ ၃၉ ဦးရှိ

**ဗီယန်ကျင်း ဒီဇင်ဘာ ၃**

လာအိုနိုင်ငံတွင် ကိုဗစ်-၁၉ စစ်ဆေးမှု ၈၀၁၈၈ ခုပြုလုပ်ခဲ့ရာ ကိုဗစ်-၁၉ ပိုးတွေ့ရှိသူ ၃၉ ဦးရှိကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာနက မကြာသေးမီက ထုတ်ပြန် ကြေညာလိုက်သည်။

လာအိုကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကူးစက်ရောဂါထိန်းချုပ်ရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဆီဆာဗက်သ်ဆုသာနီရာဖေးက မြို့တော် ဗီယန်ကျင်းတွင် ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင်ယခုလို ပြောကြားလိုက်ခြင်းဖြစ်သည်။ လာအိုနိုင်ငံသည် ဇန်နဝါရီလမှစတင်ကာ နေ့စဉ် ကိုဗစ်-၁၉ စစ်ဆေးမှုများ ပြုလုပ်လျက်ရှိရာ ယခုအချိန်တွင် ကိုဗစ်-၁၉ စစ်ဆေးမှု ၈၀၁၈၈ ခုအထိ ရောက်ရှိလာပြီဖြစ်သည်။

ပြီးဆုံးခဲ့သော ကိုဗစ်-၁၉ စစ်ဆေးမှုများအနက် ကိုဗစ်-၁၉ ပိုးတွေ့ရှိသူ ၃၉ ဦးရှိခဲ့ကာ ဆေးကုသမှုခံယူပြီးနောက် ကိုဗစ်-၁၉ ရောဂါပျောက်ကင်းသွားပြီး ဆေးရုံမှ ဆင်းခွင့်ရသူ ၂၆ ဦးရှိသည်။ အခြား ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားနေသူ ၁၃ ဦးမှာ လာအိုနိုင်ငံ မြို့တော် ဗီယန်ကျင်းရှိ မစ်တာဖဲ့ဘ် ခုတင် ၁၅၀ ဆံ့ ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသည်။

နိုင်ငံတစ်ဝန်းရှိ သက်ဆိုင်ရာအာဏာပိုင်များနှင့် ပြည်သူများသည် ကိုဗစ်-၁၉ ကာကွယ်ရေးဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ကူးစက်ရောဂါထိန်းချုပ်ရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆက်လက်ပြောကြားလိုက်သည်။

လာအိုအစိုးရချမှတ်ထားသော ကိုဗစ်-၁၉ ကာကွယ်တားဆီးရေး စည်းမျဉ်းစည်းကမ်းများကို လူတိုင်းလိုက်နာဆောင်ရွက်ရေးသည် အရေးကြီးဆုံးအချက်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားလိုက်သည်။ လာအိုနိုင်ငံသည် ၎င်း၏ ပထမဆုံး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာကို မတ်လ ၂၄ ရက်က တွေ့ရှိခဲ့ကြောင်း အတည်ပြုခဲ့သည်။

ဆင်ဟွာ

# ရုရှားနိုင်ငံတွင် ဒီဇင်ဘာ ၂ ရက်က ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ ၂၅၃၄၅ ဦး ထပ်တိုးလာ

**မော်စကို ဒီဇင်ဘာ ၃**

ရုရှားနိုင်ငံတွင် ဒီဇင်ဘာ ၂ ရက်က ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ ၂၅၃၄၅ ဦး ထပ်တိုးလာမှုနှင့်အတူ စုစုပေါင်း နိုင်ငံအတွင်း ကိုဗစ် -၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၃၄၇၄၀၁ ဦး ရှိလာကြောင်း ကိုဗစ်-၁၉ တုံ့ပြန်ရေးဌာနက ဒီဇင်ဘာ ၂ ရက်တွင် ထုတ်ပြန်ဖော်ပြလိုက်သည်။

ဒီဇင်ဘာ ၂ ရက်က ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် နောက်ထပ်သေဆုံးသူ ၅၈၉ ဦးရှိကြောင်း အတည်ပြုဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် သေဆုံးသူပေါင်းမှာ ၄၁၀၅၃ ဦးရှိလာခဲ့သည်။

ထို့အပြင် ဒီဇင်ဘာ ၂ ရက်က နိုင်ငံအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါမှ နောက်ထပ် ပြန်လည်သက်သာကောင်းမွန်လာသူ ၂၆၈၈၂ ဦး ရှိကြောင်းဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကပ်ရောဂါမှ ပြန်လည်သက်သာကောင်းမွန်လာသူ ၁၈၃၀၃၄၉ ဦး ရှိလာခဲ့ကြောင်း သိရသည်။

မော်စကိုမြို့သည် ရုရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှု အပြင်းထန်ဆုံး ခံစားရသည့်မြို့တစ်မြို့ဖြစ်ပြီး ဒီဇင်ဘာ ၂ ရက်က နောက်ထပ် ကိုဗစ်-၁၉ ကပ်ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ ၅၁၉၁ ဦးရှိတိုးလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ ၆၁၇၄၃၉ ဦး ရှိလာခဲ့သည်။

ရုရှားနိုင်ငံသည် လတ်တလောတွင် ကိုဗစ်-၁၉ ကူးစက်မှုတွင် ကမ္ဘာ့စတုတ္ထမြောက် အများဆုံးနိုင်ငံဖြစ်သည်။ ရုရှားနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးမှုပေါင်း ၇၇ ဒသမ ၂ သန်း ကျော်ပြုလုပ်ပြီးဖြစ်သည်။

ဆင်ဟွာ



ရုရှားနိုင်ငံ မော်စကိုမြို့ရှိ လမ်းတစ်ခုပေါ်တွင် ပါးစပ်နှာခေါင်းစည်းတပ်ဆင်ထားသူများ သွားလာနေသည်ကိုတွေ့ရစဉ်။

# ကာကွယ်ဆေးရရှိရေးမှာ ဖွံ့ဖြိုးဆဲနိုင်ငံတွေ နောက်ကောက်မကျစေချင်

## ကလျာမိုးမြင့်

**ကိုဗစ်– ၁၉ ကပ်ရောဂါဆိုးရဲ့ ထိုးနှက်ရိုက်ခတ်မှုဒဏ်တွေကို ကမ္ဘာ့နိုင်ငံအများအပြားက ပြည်သူတွေ အလူးအလဲ ရင်ဆိုင်ခံစားခဲ့ရပြီးတဲ့နောက်မှာတော့ ရောဂါကိုအဆုံးသတ်စေမယ့် ကာကွယ်ဆေးတွေကို သိပ္ပံပညာရှင်တွေက တီထွင်ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ အောင်မြင်စွာထုတ်လုပ်ထားတဲ့ ဖိုက်ဇာ၊ မော်ဒန်နာ၊ အက်စထရာဇနီကာ စတဲ့ ကိုဗစ်–၁၉ ကာကွယ်ဆေးတွေကို လာမယ့်နှစ်အစောပိုင်းမှာ လူထုအတွင်း ဖြန့်ချိနိုင်တော့မှာဖြစ်ပါတယ်။**

### ခြားနားချက်များ

ထုတ်လုပ်လိုက်တဲ့ ကာကွယ်ဆေးတွေမှာ အဓိကအားဖြင့် ဘယ်လိုခြားနားချက်တွေရှိတယ်ဆိုတာကို ကျွမ်းကျင်သူပညာရှင်တွေက ရှင်းပြဖို့ အားလုံးက စိတ်ဝင်တစားရှိနေသလို ကာကွယ်ဆေးတွေအမျိုးမျိုးရှိတဲ့အထဲမှာမှ ဘယ်ကာကွယ်ဆေးက ဝင်ငွေနည်းပါးတဲ့ နိုင်ငံတွေဆီ အရင်ဆုံး ရောက်ရှိမလဲဆိုတာကိုလည်း သိချင်နေကြပါတယ်။

လာမယ့် ၂၀၂၁ခုနှစ် အစောပိုင်းမှာ ကိုဗစ်–၁၉ ကာကွယ်ဆေးကို နိုင်ငံနဲ့အဝန်း ဖြန့်ချိနိုင်ဖို့ ကမ္ဘာတစ်ဝန်းမှာရှိကြတဲ့ ဆေးဝါးကုမ္ပဏီတွေက သူ့ထက်ငါ အပြိုင်အဆိုင် ထုတ်လုပ်နိုင်ဖို့ ကြိုးပမ်းနေကြတဲ့အချိန် ဝင်ငွေကောင်းတဲ့နိုင်ငံတွေအနေနဲ့ ကာကွယ်ဆေးမရမှာကို စိုးရိမ်ကြောင့်ကြဖို့ မလိုအပ်ပေမယ့် ဝင်ငွေနည်းပါးတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေကတော့ အများနည်းတူ ကာကွယ်ဆေးရရှိရေးမှာ နောက်ကောက်ကျ ကျန်ခဲ့မှာကို စိုးရိမ်နေကြပါတယ်။

### ဝယ်ထားပြီးဖြစ်

နိုင်ငံတွေအများအပြားဟာ ဈေးကွက်အတွက် အတည်ပြုထောက်ခံချက်ရရှိဖို့ လိုအပ်နေသေးတဲ့ ကာကွယ်ဆေး ဖ‌ဘီလီယံကျော်အထိ ဝယ်ထားပြီးပြီဖြစ်သလို နိုဝင်ဘာ ၂၀ ရက်ကတည်းက ဝင်ငွေမြင့်တဲ့နိုင်ငံတွေဟာ တိုက်ရိုက်သဘောတူညီမှု ပြုလုပ်ထားပြီးပြီဖြစ်တယ်လို့ Duke တက္ကသိုလ်က သုတေသနပညာရှင်တွေက ပြောပါတယ်။

လူထုလက်ထဲရောက်ရှိဖို့ ရှေ့ဆုံးကနေ နေရာယူထားတဲ့ ကာကွယ်ဆေးတွေကို စူးစမ်းလေ့လာခဲ့ပြီး ဒီကာကွယ်ဆေးတွေကို ကမ္ဘာ့လူဦးရေရဲ့ ၂၂ ရာခိုင်နှုန်းဆီရောက်ရှိစေဖို့ သို့မဟုတ် ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ နေထိုင်ကြတဲ့ ပြည်သူ ၁ ဒသမ ၃ သန်းဆီရောက်ရှိဖို့ ကြိုးပမ်းမှုတွေ အောင်မြင်နိုင်မလားဆိုတာကို ကျွမ်းကျင်သူ ပညာရှင်တွေကို မေးမြန်းခဲ့ပါတယ်။



### အခက်အခဲအတားအဆီးများ

ဖွံ့ဖြိုးဆဲနိုင်ငံတွေဆီ ကိုဗစ်–၁၉ ကာကွယ်ဆေးတွေ ရောက်ရှိဖို့ ခက်ခဲစေနိုင်တဲ့ အဆီးအတားတွေရှိပါတယ်။ ဒီလိုရောက်ရှိဖို့ လုပ်ဆောင်ရာမှာ ပထမဆုံးတွေ့ရတဲ့ စိန်ခေါ်မှုကတော့ ဆေးဝါးအထောက်အပံ့ ဘယ်လောက်အတိုင်းအတာအထိလိုအပ်မယ်ဆိုတာပါပဲ။ ကာကွယ်ဆေးကို အမှန်တကယ် လုံလုံလောက်လောက်ထုတ်လုပ်နိုင်ရေးဟာ အကြီးမားဆုံးအခက်အခဲတွေထဲက တစ်ခုလို့ဆိုနိုင်ပါတယ်။

ကုမ္ပဏီတွေအနေနဲ့ ဉာဏဆိုင်ရာ မူပိုင်ခွင့်အပေါ်မှာ ၄င်းတို့ချုပ်ကိုင်ထားတာကို မစွန့်လွှတ်မချင်း၊ နောက်ထပ်တခြား ကုမ္ပဏီတွေနဲ့ ကာကွယ်ဆေးထုတ်လုပ်သူတွေကို ကာကွယ်ဆေးထုတ်လုပ်ဖို့ အခွင့်အရေးမပေးမချင်း ကျွန်ုပ်တို့အနေနဲ့ ကိုဗစ်–၁၉ ကာကွယ်ဆေးကို မြန်မြန်ဆန်ဆန်နဲ့ လိုသလောက် ရရှိဦးမှာ မဟုတ်ဘူးဆိုတာ သေချာတယ်လို့ သုတေသနပညာရှင်တစ်ဦးဖြစ်တဲ့ အန်နာ မာရီရော့က ဆိုပါတယ်။

### တန်းတူရရှိဖို့ အရေးကြီး

ကာကွယ်ဆေးကို နိုင်ငံတိုင်းက အချိန်နဲ့တစ်ပြေးညီ တန်းတူရရှိကြစေဖို့ သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးက အာရုံစိုက်ဖို့ လိုအပ်မှာဖြစ်တယ်လို့ ကျွမ်းကျင်သူတွေက ထောက်ပြကြပါတယ်။ ကပ်ရောဂါကို တိုက်ဖျက်တဲ့နေရာမှာ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ရလဒ်ကောင်းတွေ ထွက်ပေါ်လာဖို့ဆိုရင် ဆင်းရဲတဲ့နိုင်ငံတွေရော၊ ချမ်းသာကြွယ်ဝတဲ့ နိုင်ငံတွေပါ ကာကွယ်ဆေးကို တစ်ချိန်တည်းမှာ တန်းတူရရှိဖို့ လိုအပ်မှာဖြစ်ပါတယ်။

နိုင်ငံတချို့တစ်ဝက်လောက်သာ ကာကွယ်ဆေး ရရှိရုံနဲ့တော့ ကိုဗစ်–၁၉ ကို တိုက်ဖျက်နိုင်တယ်လို့ ပြောလို့မရပါဘူး။ နိုင်ငံတွေအားလုံးကာကွယ်ဆေးကို အတူတကွ လက်ခံရရှိကြမှသာ ကပ်ရောဂါဆိုးကြီးကို တစ်ကမ္ဘာလုံးကျော်လွှားနိုင်ပြီဟော့လို့ လက်မထောင်နိုင်မှာဖြစ်ပါတယ်။ ဆေးပညာရှင်တွေ ကာကွယ်ဆေးထုတ်လုပ်နိုင်အောင် ကြိုးစားအားထုတ်ခဲ့ရတဲ့ အဓိကရည်မှန်းချက်ကလည်း ဒါပါပဲ။

### အဆုံးသတ်ဖို့ လမ်းမမြင်

ဝင်ငွေမြင့်မားတဲ့နိုင်ငံတွေအတွက်တော့ ၂၀၂၁ ခုနှစ်ရဲ့ ပထမနှစ်ဝက်လောက်မှာ ကိုဗစ်–၁၉ ကာကွယ်ဆေး လုံလုံလောက်လောက် ရနိုင်ဖွယ်ရှိပေမယ့်လည်း ဝင်ငွေနည်းပါးတဲ့ နိုင်ငံတွေဟာ အဲဒီအချိန်မှာ စောင့်ဆိုင်းနေကြရဦးမှာဖြစ်ပါတယ်။ ပြည်သူလူထုဆီ ကာကွယ်ဆေးရောက်ဖို့ နှောင့်နှေးကြန့်ကြာနိုင်တဲ့ ကိစ္စကလည်း စိုးရိမ်စရာအကြောင်းအရာတစ်ခုပါပဲ။ ဝင်ငွေကောင်းတဲ့နိုင်ငံတွေမှာ ကာကွယ်ဆေးထိုးခြင်း လုပ်ဆောင်နေပြီဆိုတဲ့အချိန် ကမ္ဘာတစ်ဝန်းက တခြားသောလူမှုအဖွဲ့အစည်းတွေဆီမှာ ကိုဗစ်–၁၉ ရောဂါက သံသရာလည်နေဦးမယ်ဆိုရင်တော့ ကပ်ရောဂါကြီးက အဆုံးသတ်ဖို့ လမ်းစမမြင်တော့ပါဘူး။

ရောဂါကူးစက်မှုနဲ့ပတ်သက်တဲ့ သတင်းအမှားတွေ၊ နဲ့ ကာကွယ်ဆေး အလားအလာနဲ့ပတ်သက်တဲ့ သတင်းအတုတွေဟာ လူထုကို အယုံကြည်မဲ့လာစေတာကြောင့် ပြည်သူတွေ ကာကွယ်ဆေးထိုးရမှာကို ကြောက်ရွံ့သွားစေနိုင်တဲ့အတွက် နိုင်ငံတိုင်းက အထူးသတိထားတိုက်ဖျက်ရမယ့် ကိစ္စတွေဖြစ်ပါတယ်။

### ပုံမှန်အပူချိန်မှာထားနိုင်

ဆင်းရဲတဲ့နိုင်ငံတွေဆီ ကာကွယ်ဆေးဖြန့်ဝေတဲ့နေရာမှာ ကျယ်ကျယ်ပြန့်ပြန့်နဲ့ ထိထိရောက်ရောက် ဖြန့်ဝေနိုင်မယ့်အပိုင်းကနေကြည့်ရင် အောက်စဖို့ဒ်နဲ့ အက်စထရာဇနီကာ ကာကွယ်ဆေးတွေက တခြား ကာကွယ်ဆေးတွေထက် အလေးသာနေတယ်လို့ သိရပါတယ်။ အကြောင်းကတော့ အက်စထရာ ဇနီကာဆေးကို အအေးခန်းရဲ့ပုံမှန်အပူချိန်မှာ ထားရှိနိုင်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

ဖိုက်ဇာနဲ့ မော်ဒန်နာကာကွယ်ဆေးတွေမှာတော့ ဈေးနှုန်းအနည်းငယ်ကွာခြားပေမယ့် အခြေခံအားဖြင့် ဆေးတစ်ခါထိုးဖို့ ကုန်ကျစရိတ်ကြီးမြင့်မှုက ဝင်ငွေနည်းပါးတဲ့နိုင်ငံတွေနဲ့ ဝင်ငွေအလယ် အလတ်ရှိတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေဆီ ရောက်ရှိဖို့ အတားအဆီးဖြစ်စေတဲ့ အကြောင်းတစ်ခု ဖြစ်လျက်ရှိပါတယ်။ ပြီးတော့ ဒီဆေးနှစ်မျိုးကို ပို့ဆောင်တဲ့နေရာမှာဆိုရင်လည်း အာနိသင်မပျက်အောင်ထားရှိဖို့ကလည်း ပိုပြီးခက်ခဲနိုင်တယ်လို့ သိရပါတယ်။ ။

**ကိုးကား–အေအက်ဖ်ပီ၊ စီအင်န်အင်န်**

> **“ဆင်းရဲတဲ့ နိုင်ငံတွေဆီ ကာကွယ်ဆေးဖြန့်ဝေတဲ့နေရာမှာ ကျယ်ကျယ်ပြန့်ပြန့်နဲ့ ထိထိရောက်ရောက် ဖြန့်ဝေနိုင်မယ့်အပိုင်းကနေကြည့်ရင် အောက်စဖို့ဒ်နဲ့ အက်စထရာဇနီကာ ကာကွယ်ဆေးတွေက တခြား ကာကွယ်ဆေးတွေထက် အလေးသာနေ”**

## နိုင်ငံတကာသတင်းတိုထွာ

### အီဂျစ်နိုင်ငံတွင် သက်တမ်းလွန် အဆောက်အအုံပြိုကျပြီး ခြောက်ဦးထက် မနည်းသေဆုံး

**ကိုင်ရို ဒီဇင်ဘာ ၃**

အီဂျစ်နိုင်ငံ မြောက်ပိုင်းကမ်းရိုးတန်းမြို့တော်တစ်ခုဖြစ်သည့် အလက်ဇန်ဒရီယာမြို့၌ အဆောက်အအုံပြိုကျမှုဖြစ်ပွားခဲ့ရာ ခြောက်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း လုံခြုံရေးဆိုင်ရာ သတင်းရင်းမြစ်တစ်ခုတွင် ပြောကြားလိုက်သည်။

အဆိုပါ မတော်တဆမှုသည် ဒီဇင်ဘာ ၂ ရက် နှောင်းပိုင်း၌ မိုဟာရမ်ဘက်ဒေသရှိ လေးထပ်အဆောက်အအုံတွင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အရာရှိတစ်ဦးက ဆင်ဟွာသို့ ပြောကြားလိုက်သည်။ ကယ်ဆယ်ရေးအဖွဲ့များသည် အမျိုးသားအလောင်း သုံးလောင်းနှင့် အမျိုးသမီးအလောင်း သုံးလောင်းကို ရှာဖွေတွေ့ရှိခဲ့သည်။ ပျောက်ဆုံးနေသော လူကိုးဦးကို ရှာဖွေကယ်ဆယ်မှုများကို ဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။ အခင်းဖြစ်ပွားရာနေရာသို့ လူနာတင်ယာဉ်လေးစီး ရောက်ရှိလာခဲ့ပြီး သေဆုံးသူများကို ရင်ခွဲရုံသို့ ပြောင်းရွှေ့ပေးလိုက်သည်။

အဆိုပါအဆောက်အအုံသည် ပြိုကျမည့်အန္တရာယ်ရှိသောကြောင့် လွန်ခဲ့သည့် နှစ်နှစ်ကတည်းက ပြောင်းရွှေ့မှုလုပ်ဆောင်ရန် အကြောင်းကြားစာ တစ်စောင်ရရှိခဲ့သည်။ သို့သော်လည်း အဆောက်အအုံအတွင်း နေထိုင်သူများက ပြောင်းရွှေ့ရန် ငြင်းဆန်ခဲ့ကြောင်း အဆိုပါအရာရှိက ဆက်လက်ပြောကြားသည်။

**ဆင်ဟွာ**

### အီရန်နျူကလီးယား သိပ္ပံပညာရှင် မိုဆန်ဖက်ကရီဇာဒက် အဝေးထိန်းလက်နက်ဖြင့် လုပ်ကြံခံခဲ့ရ

**တီဟီရန် ဒီဇင်ဘာ ၃**

အီရန်ထိပ်တန်း နျူကလီးယား သိပ္ပံပညာရှင် မိုဆန်ဖက်ကရီဇာဒက် လုပ်ကြံ ခံခဲ့ရမှုတွင် အစ္စရေးနှင့် ပြည်ပြေးအတိုက်အခံအုပ်စုတစ်စုက အဝေးထိန်းလက်နက်ဖြင့် ဖက်ကရီဇာဒက်ကို ပစ်ခတ်လုပ်ကြံခဲ့သည်ဟု အီရန်က ယုံကြည်လျက်ရှိကြောင်း သိရသည်။

ဖက်ကရီဇာဒက် စီးနင်းလာသည့် မော်တော်ယာဉ်သည် နိုဝင်ဘာ ၂၈ ရက်က မြို့တော် တီဟီရန်အရှေ့ပိုင်းတွင် ပစ်ခတ်ခံခဲ့ရသည်။ လုပ်ကြံသူသည် ဖက်ကရီဇာဒက်ကို သတ်ဖြတ်ရန် အီလက်ထရောနစ်ကိရိယာကို အသုံးပြုခဲ့ကြောင်း လုံခြုံရေးအကြီးအကဲ အလီရှမ်ခါနီက ပြောကြားခဲ့သည်။

မိုဆန် ဖက်ကရီဇာဒက်၏ ဈာပနအခမ်းအနားတွင် အလီရှမ်ခါနီ မိန့်ခွန်းပြောကြားခဲ့သည်။ အစ္စရေးနိုင်ငံက ဖက်ကရီဇာဒက်သည် နျူကလီးယားလက်နက်များ တည်ဆောက်ထုတ်လုပ်မှုတွင် လျှို့ဝှက်စွာ အကူအညီပေးအပ်နေသည်ဟု စွပ်စွဲထားသည်။

သို့ရာတွင် နျူကလီးယားသိပ္ပံပညာရှင်အား လုပ်ကြံမှုတွင် အစ္စရေး ပါဝင်ပတ်သက်နေသည်ဆိုသော စွပ်စွဲချက်များနှင့်ပတ်သက်၍ အစ္စရေးက လူသိရှင်ကြား တုံ့ပြန်ပြောဆိုမှု ပြုလုပ်ခဲ့ခြင်း မရှိကြောင်း သိရသည်။ ၂၀၀၀ ပြည့်နှစ် အစောပိုင်းကာလတွင် ဖက်ကရီဇာဒက်သည် အီရန်၏ နျူကလီးယားအစီအစဉ်တွင် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့သူဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ပြည်သူတွေရဲ့ နည်းပညာအရည်အချင်းတွေ မြှင့်တင်ပေးဖို့လို



ပြည်သူတွေရဲ့ အရည်အချင်းတွေ၊ နည်းပညာ အရည်အချင်းတွေ မြှင့်တင်ပေးဖို့ လိုပါတယ်။ မိုဘိုင်းဖုန်းတွေကို လက်တွေ့ကျကျနဲ့ ကိုယ့်စီးပွားရေး တိုးတက်ဖို့အတွက်၊ ကိုယ့်ရဲ့မိသားစုအတွက် ဘယ်လိုသုံးရမလဲဆိုတာကို နားလည်နိုင်ဖို့ကို ပံ့ပိုးပေးမှာဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ ဒီလိုချိတ်ဆက်တဲ့အခါမှာ အစိုးရနဲ့ပြည်သူတွေကြား ချိတ်ဆက်တာမှာ၊ အစိုးရဌာနတွေနဲ့ ပြည်သူတွေအကြား ချိတ်ဆက်တာမျိုးတွေလည်း ပိုမိုပြီးတော့ လုပ်လာပါမယ်။ ပြောရမယ်ဆိုရင် ဥပမာလိုင်စင်တွေ သွားယူတာဆိုရင် ကိုယ်တိုင်မသွားရအောင် တချို့ကိုယ်တိုင်သွားပြီးတော့ လုပ်ရတဲ့ကိစ္စတွေ ကိုယ်တိုင်မသွားဘဲနဲ့ အွန်လိုင်းကနေ လုပ်နိုင်အောင် စသဖြင့်ပေါ့။ ဒါတွေလည်း ပညာပေးအစီအစဉ်တွေမှာ ပါနေမှာပါ။ ဒါတွေနဲ့ပဲ စီးပွားရေးကို တိုးတက်အောင် လုပ်တာလားဆိုတော့ မဟုတ်ပါဘူး။ ကျွန်မတို့မှာ နိုင်ငံတော် စီမံကိန်းကြီးတွေလည်း အများကြီး စီစဉ်ထားတာရှိပါတယ်။ ဥပမာဆိုရင် နောက်လ ဒီဇင်ဘာလမှာ ကိုရီးယား– မြန်မာ စက်မှုဇုန်ကို လှည်းကူးမြို့နယ်မှာ စပြီး အုတ်မြစ်ချပါမယ်။ နောက် မကြာမီကာလမှာ မြန်မာ– စင်ကာပူ စက်မှုဥယျာဉ်ပေါ့။ အဲဒါကလည်း လှည်းကူး မြို့နယ်မှာပါပဲ။ ဒါကိုလည်း စပြီးတော့ အကောင်အထည်ဖော်ပါမယ်။ နောက်ပြီးတော့ ဒဂုံမြို့သစ်ဘက်မှာဆိုရင်လည်း Smart and Eco City Project ပေါ့။ မြို့သစ်စီမံကိန်းတစ်ခုလို့ပဲ ပြောရမှာပေါ့။ နည်းပညာတိုးတက်မှုနဲ့ပြည့်ဝတဲ့ မြို့စီမံကိန်းတစ်ခုကို စပြီး အကောင်အထည်ဖော်ဖို့ ရှိပါတယ်။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၀–၁၁–၂၀၂၀ ရက်နေ့တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၄၁၈ ဦး တွေ့ရှိ

## COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၃–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၂၂,၇၁၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁,၄၁၈) ဦး တွေ့ရှိ**ရပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၃–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၃၂၆) ခု | (၁၇၃) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၆၉၂) ခု | (၅၀) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၄၅၆) ခု | (၄၁) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၄၆၂) ခု | (၁၃) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မုဆယ်) | (၂၆၄) ခု | (၁) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၇၄၂) ခု | (၈) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၅၇) ခု | (၃၇) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၂၈) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၆၆) ခု | (၃၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၂၅၂) ခု | (၃၃၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၆,၆၇၄) ခု | (၇၂၂) ဦး |
| စုစုပေါင်း | (၂၂,၇၁၉) ခု | (၁,၄၁၈) ဦး |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

မြန်မာနိုင်ငံတွင် COVID–19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ
(၃–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၂၂,၇၁၉) ဦး | (၁,၂၂၅,၁၃၄) ဦး |
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၄၁၈) ဦး | (၉၅,၀၁၈) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၁၄၇) ဦး | (၇၃,၇၄၈) ဦး |
| သေဆုံးလူနာ | (၃၀) ဦး | (၂,၀၂၈) ဦး |

- ယနေ့ သေဆုံးသူ (၃၀) ဦးမှာ ပြည်သူ့ဆေးရုံများ၊ COVID–19 ရောဂါ ကုသရေးဌာနများနှင့် တပ်မတော်ဆေးရုံများမှ ဖြစ်ပြီး ၎င်းတို့အနက် ရောဂါအခံရှိသူ (၂၄) ဦးပါဝင်ပါသည်။
- တိုင်းဒေသကြီး / ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါ ကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၁၄၇) ဦးတွင် –
  - ပြည်သူ့ဆေးရုံများ – (၄၄၀) ဦး
  - COVID–19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) – (၇၀၇) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲ အတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၈၄၁) ဦးတွင်–
  - Hotel Quarantine – (၃၀၅) ဦး
  - Facility Quarantine – (၁၀၀) ဦး
  - Community Based Facility Quarantine – (၁,၃၆၇) ဦး
  - Anosmia Center – (၆၉) ဦး

  ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာ ဆက်လက်ကန့်သတ်ထားရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်

## ထက်လျှံ

**မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်အသွင်ပြောင်းမှုတွင် အဓိကအရေးပါသော အခန်းကဏ္ဍမှာပါဝင်နေသည့် ဒစ်ဂျစ်တယ် ငွေပေးချေမှုစနစ်ကို အသုံးပြုပြီး ဝန်ဆောင်မှုများ မြန်ဆန်လာအောင် ဆောင်ရွက်နိုင်ရန်အတွက် ဗဟုသုတမျှဝေပေးမည့် ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒီဇင်ဘာ ၃ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့ရာ ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

**အစီအစဉ်မှူး** ။ ။ မြန်မာနိုင်ငံရဲ့ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုတွင် အရေးပါတဲ့ကဏ္ဍမှာပါဝင်နေတဲ့ ဒစ်ဂျစ်တယ်စနစ်နဲ့ ငွေပေးချေမှုကို စီးပွားရေးလုပ်ငန်းတွေနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေမှာ ဘယ်လိုအသုံးပြုပြီး ဆောင်ရွက်နိုင်သလဲဆိုတဲ့ အကြောင်းအရာတွေကို မျှဝေပေးသွားမယ့် ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာအစီအစဉ်ကနေ ကြိုဆိုပါတယ်။

ဒီနေ့အစီအစဉ်မှာ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူးချုပ် ဦးဝင်းထက်မောင်မောင်နဲ့ ဖန်တီးရာမှ စွန့်ဦးတီထွင်လုပ်ငန်းများနည်းပြ ဦးစိုးသီဟတို့က ပါဝင်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပထမဦးဆုံး မေးခွန်းအနေနဲ့ **မြန်မာနိုင်ငံရဲ့ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှုမှာ ဒစ်ဂျစ်တယ် ငွေပေးချေမှုက အဓိကအရေးပါတဲ့ အခန်းကဏ္ဍမှာ ပါဝင်နေတဲ့အတွက် ဒစ်ဂျစ်တယ်စနစ်နဲ့ စီးပွားရေးလုပ်ငန်းတွေမှာ ငွေပေးချေမယ်ဆိုရင် အဓိက အရေးပါပုံတွေက ဘယ်လိုမျိုးတွေရှိနေမလဲ** ဆိုတာကို ဦးဝင်းထက်မောင်မောင်က မျှဝေပေးပါဦး။

**ဦးဝင်းထက်မောင်မောင်** ။ ။ ပထမဆုံး ပြောချင်တာက မြန်မာနိုင်ငံအနေနဲ့ဒစ်ဂျစ်တယ် Payment တွေကို စတင်ပြီး သုံးလာတာ မကြာသေးဘူး။ အရင်တုန်းက Cash Base Transitions ကို နှစ်တော်တော်ကြာ သွားခဲ့ပါတယ်။ ယနေ့တိုင်လည်း ဘဏ်တွေမရှိတဲ့နေရာတွေမှာ Cash Base Transitions နဲ့ သွားလာနေတာက လက်ရှိအထိကို ရှိနေပါတယ်။

ငွေစက္ကူကိုသုံးတဲ့ အလေ့အထတွေက အရင်ကနေလုပ်လာတာ အခုထိကို လုံးဝမပျောက်မပျက်သေးဘဲ ကျန်နေသေးတဲ့ စနစ်တစ်ခုရှိပါတယ်။ နောက်တစ်ခုက တစ်နေရာနဲ့ တစ်နေရာကို ငွေလွှဲတဲ့နေရာတွေမှာ ဘဏ်ကိုမသုံးဘဲ အခြားကြားခံငွေလွှဲတဲ့စနစ်ကို အသုံးပြုမှုတွေက အများကြီးရှိနေပါသေးတယ်။

ဒီဟာတွေကို တောက်လျှောက်သုံးခဲ့တဲ့အခါမှာ အဓိက ပြဿနာအနေနဲ့ ငွေထုပ်ကြီးသယ်ပြီး ဘဏ်တွေကို သွားပေးရတယ်။ ငွေလွှဲပေးတဲ့နေရာတွေကို သယ်သွားပေးရတယ်။ ပြီးရင် ငွေကို Cash Counting ဆိုတာကို ဦးစားပေးပြီး လုပ်ပေးရတယ်။ ငွေပမာဏနည်းတယ်ဆိုရင် ပြဿနာမရှိပေမယ့်၊ ငွေပမာဏ သိန်းရာချီ၊ ထောင်ချီ ဖြစ်လာခဲ့ရင် Cash Counting က အများကြီး ပြဿနာရှိနိုင်ပါတယ်။

နောက်တစ်ခုက ဒီငွေတွေကို သယ်သွားတဲ့အခါ လမ်းမှာကြုံတွေ့နိုင်တဲ့ Risk တွေပေါ့နော်။ ဒီငွေစက္ကူ လျော့နည်းတဲ့ ကိစ္စရပ်တွေအပြင် လမ်းမှာ ခါးပြတိုက်ခံရတယ်၊ လုခံရတယ်ဆိုတဲ့ ပြဿနာတွေ အများကြီး ရှိနိုင်ပါတယ်။ ဒါတွေအားလုံးကို Digital Economy မှာ Digital Payment ကိုသုံးပြီး လွယ်ကူလျင်မြန်တိကျပြီး စိတ်ချရတဲ့စနစ်တစ်ခုအနေနဲ့ အသုံးပြုနိုင်တယ်လို့ ကျွန်တော်ပြောချင်ပါတယ်။




ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာ အမေး၊ အဖြေ အစီအစဉ်တွင် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူးချုပ် ဦးဝင်းထက်မောင်မောင်နှင့် ဖန်တီးရာမှ စွန့်ဦးတီထွင်လုပ်ငန်းများနည်းပြ ဦးစိုးသီဟ တို့ ပါဝင်ဖြေကြားဆွေးနွေးစဉ်။

နောက်တစ်ခုက ဒစ်ဂျစ်တယ်စနစ်ကို သုံးခြင်းဖြင့် ကျွန်တော်ပြောသွားခဲ့တဲ့ အခက်အခဲတွေ အများကြီးကို Digital Payment ကနေပြီး Solution တစ်ခုအနေနဲ့ ဖြေရှင်းနိုင်တယ်ဆိုတဲ့အခါ ခုနကပြောတဲ့ Payment ပုံစံမှာရော၊ အရောင်းအဝယ်မှာပါ၊ ငွေကြေးဆုံးရှုံးမှုနဲ့ ပတ်သက်တဲ့ပြဿနာတွေ အများကြီး လျော့နည်းလာမယ့်အပြင် ဘဏ်ကိုသွားရတဲ့အချိန်တွေ သက်သာလာမယ်။ ငွေကြေးဆုံးရှုံးမှုတွေ လျော့ကျလာမယ်။ ဒီအချိန်တွေကနေ တခြားလုပ်ငန်းအတွက် အချိန်တွေ ပိုထွက်လာမယ်။ နောက်တစ်ခုက သယ်ယူစရိတ်တွေ အပါအဝင် စရိတ်စကတွေကို လျှော့ချနိုင်မယ်။ နောက်အရေးကြီးတဲ့အချက်က နေရာဒေသမရွေး Digital Payment ကိုသုံးပြီး ငွေပေးချေမှုတွေ ပြုလုပ်လာနိုင်တယ်ဆိုတဲ့ အားသာချက်တွေ အများကြီးရှိတဲ့အခါ Digital Payment က ဒစ်ဂျစ်တယ်စီးပွားရေးအတွက် ကို အများကြီး အထောက်အပံ့ဖြစ်တယ်လို့ ကျွန်တော် ပြောချင်ပါတယ်။

**အစီအစဉ်မှူး ။ ။ အခုလက်ရှိမှာ မြန်မာနိုင်ငံရဲ့ ဒစ်ဂျစ်တယ် ငွေပေးချေမှုအနေအထားတွေက ဘယ်လိုပုံစံမျိုးတွေ ဖြစ်နေလဲဆိုတာကို သုံးသပ်ပြောကြားပေးပါဦး။**

**ဦးစိုးသီဟ** ။ ။ အခုအနေအထားဆိုရင် မြန်မာနိုင်ငံမှာ ၇၀ ရာခိုင်နှုန်းလောက်က ဘဏ်အကောင့်မရှိသေးဘူး။ Unbanked Populations ဖြစ်ပါတယ်။ ငွေပေးချေကတ်တွေ သုံးတာကလည်း ၁၀ ရာခိုင်နှုန်းအောက်မှာ ရှိနေပါတယ်။ ငွေစက္ကူအပြင် တခြား ဒစ်ဂျစ်တယ်နည်းစနစ်နဲ့ ဘယ်လိုငွေပေးချေလို့ရလဲဆိုတော့ ဘဏ်အကောင့်ရှိတယ်ဆိုရင် Mobile Banking စနစ်တွေနဲ့ သုံးလို့ရပါတယ်။

ဘဏ်အကောင့်ရှိတယ်ဆိုရင်လည်း ဘဏ်ကတ်စနစ်ဖြစ်တဲ့ MPU လို ကတ်စနစ်တွေ သုံးလို့ရပါတယ်။ အခုနောက်ပိုင်းမှာ အရှိန်အဟုန်နဲ့ ဖြစ်ပေါ်လာတဲ့ Digital Payment, Digital Wallet တွေ ကို အသုံးပြုလို့ရပါတယ်။ ဒစ်ဂျစ်တယ် ငွေပေးချေစနစ်က တခြားနိုင်ငံနဲ့ ယှဉ်မယ်ဆိုရင် နည်းနေပေမယ့် ဒီနှစ်ပိုင်းအတွင်းမှာ အရှိန်အဟုန်နဲ့ အများကြီး တိုးတက်လာပါတယ်။ အထူးသဖြင့် ကိုဗစ်ကာလမှာ Digital Payment ဘက်ကို ပိုမိုအသုံးပြုလာတာ တွေ့ရှိရပါတယ်။ e-Commerce လုပ်ငန်းတွေဆိုရင် ကိုဗစ်ကာလမှာ သုံးဆလောက်အထိ တက်လာတယ်လို့ ကျွန်တော်တို့ ကြားသိရပါတယ်။

ဒီလိုမျိုး e-Commerce နဲ့ အရောင်းအဝယ်လုပ်တဲ့အခါမှာ ဒစ်ဂျစ်တယ်စနစ်ကို သုံးလာတဲ့ရာခိုင်နှုန်းတွေက တက်လာပါတယ်။ အခုအနေအထားအရ အများကြီး ဖြစ်ထွန်းလာဖို့ လိုပါသေးတယ်။ အဓိက အကြောင်းအရင်းတွေကို ကျွန်တော့်အနေနဲ့ သုံးသပ်ကြည့်တဲ့အခါ အလေ့အကျင့်နဲ့ အလေ့အထ မရှိသေးတာ၊ နောက်တစ်ခု ကိုယ်က ဒစ်ဂျစ်တယ်ငွေပေးချေစနစ်ကိုသုံးမယ်၊ ဒါပေမယ့် ဆိုင်တွေက လက်မခံရင် ဘယ်လိုလုပ်မလဲ သို့မဟုတ် ဆိုင်တွေက လက်ခံတယ်၊ သုံးတဲ့အချိန်မှာ အဆင်မပြေမှုဖြစ်တယ်ဆိုရင် ဘယ်လိုလုပ်မလဲ ဒီလိုစိုးရိမ်မှုလေးတွေ ရှိပါတယ်။

ဒါပေမယ့် ၂၀၁၉ ခုနှစ်နဲ့ ၂၀၂၀ ပြည့်နှစ် နှစ်ပိုင်းတွေမှာ ဒါတွေက သိသိသာသာကို တိုးတက်လာတာ တွေ့ရှိရပါတယ်။ အလေ့အကျင့် မရှိသေးတာကို ဘယ်လိုလုပ်ဆောင်လို့ရလဲ၊ ဒါကို သုံးစွဲသူတွေအနေနဲ့ Digital Payment Account တွေ ဖွင့်ကြည့်ပြီး သုံးကြည့်ဖို့နဲ့ အများကြီးလွယ်ကူတယ်ဆိုတာကို ကျွန်တော် ပြောချင်ပါတယ်။

**အစီအစဉ်မှူး ။ ။ ဒစ်ဂျစ်တယ်စနစ်နဲ့ ငွေပေးချေမှု အသုံးပြုဖို့အတွက် အကောင့်တစ်ခု ဖွင့်မယ်ဆိုရင် အဆင့်ဆင့် ဘယ်လိုမျိုးဖွင့်ရသလဲဆိုတာကို ဗဟုသုတအနေနဲ့ မျှဝေပေးပါဦး။**

**ဦးစိုးသီဟ** ။ ။ Mobile Payment Account တစ်ခုဖွင့်ဖို့ဆိုရင် ဘဏ်အကောင့်ရှိစရာလိုလားဆိုတော့ မလိုပါဘူး။ ဘဏ်ကို သွားစရာလိုလားဆိုရင် မလိုပါဘူး။ ကိုယ့်ရဲ့ ဖုန်းထဲမှာပဲ Application သုံးပြီး အဲဒီထဲကနေ အကောင့်ကို ဖုန်းနဲ့လွယ်လွယ်ကူကူ မိနစ်ပိုင်းအတွင်း ဖွင့်လို့ရပါတယ်။

ဒီလိုဖွင့်တဲ့အခါ ကိုယ့်ရဲ့ ဖုန်းနံပါတ်က အဓိက ဖြစ်ပါတယ်။ အဲဒီလို ဖုန်းနံပါတ်နဲ့ ဖွင့်ပြီးသွားရင် တခြားလိုအပ်တဲ့ အချက်အလက်တွေက ကိုယ့်ရဲ့ နာမည်၊ မှတ်ပုံတင်နံပါတ်၊ နေရပ်လိပ်စာ ဒါတွေအပြင် နောက်ထပ်လိုတာတွေက ကိုယ့်မှတ်ပုံတင်ရဲ့ အရှေ့နဲ့အနောက်ကို ဖုန်းကင်မရာနဲ့ ဓာတ်ပုံရိုက်ပြီးပေးလိုက်လို့ ရပါတယ်။ ပြီးတော့မှ ကိုယ့်ရဲ့မျက်နှာနဲ့ မှတ်ပုံတင်ကို ဓာတ်ပုံတွဲရိုက်ပြီး တင်ပေးရပါတယ်။ အဓိက မှတ်ပုံတင်အချက်အလက်တင်ပေးရတာသည် စည်းမျဉ်းစည်းကမ်းနဲ့ ကိုက်ညီအောင်ရယ်၊ လုံခြုံရေးအတွက်ကြောင့်ပါ။ ဒီဟာတွေ တင်ပေးလိုက်တယ်ဆိုရင် စစ်ဆေးတယ်။ စစ်ဆေးပြီးသွားရင် ပိုပြီးသုံးလို့ရတဲ့ Limit တွေကို သူတို့က မြှင့်တင်ပေးလိုက်ပါတယ်။

နောက်ပိုင်းမှာ ဘဏ်အကောင့်နဲ့ ချိတ်ဆက်ပြီး ကန့်သတ်ထားတဲ့ ငွေကြေးပမာဏ ဘယ်လောက်လောက်ကို ဒီအကောင့်ထဲမှာ သိမ်းထားလို့ရမယ်၊ တစ်ရက်ကို သုံးစွဲလို့ရမယ့် ငွေကြေးပမာဏ Limit တွေကို တင်ပေးပါတယ်။ ဒါက နောက်ပိုင်းဘဏ်အကောင့်နဲ့ ချိတ်ဆက်ပြီး တင်လို့ ရပါတယ်။

ကိုယ့်ရဲ့အကောင့်ထဲမှာ ပိုက်ဆံမရှိသေးဘူး။ ဒါပေမယ့် တခြားသူက ငွေလွှဲတာတွေကိုစပြီး လက်ခံနေလို့ ရနေပါပြီ။ ဒါပေမယ့် ကိုယ့်အကောင့်ထဲမှာလည်း ပိုက်ဆံထည့်ပြီး သုံးစွဲချင်တယ်ဆိုရင် ပိုက်ဆံထည့်လို့ရပါတယ်။ အဲဒီလို ထည့်ဖို့ဆိုရင် နည်းလမ်းအများကြီးရှိပါတယ်။ အေးဂျင့်တွေကနေတစ်ဆင့် ထည့်လို့ရပါတယ်။ ခုနတုန်းက Application ထဲမှာပဲ ကိုယ့်ရဲ့ အနီးအနားမှာ ဘယ်အေးဂျင့်တွေရှိလဲဆိုတာကို ရှာဖွေလို့ရပါတယ်။ အေးဂျင့်တွေဆိုတဲ့အခါမှာလည်း တကယ်တော့ အခုကုန်စုံဆိုင်တွေရှိမယ်၊ ဖုန်းဆိုင်တွေရှိမယ် အစရှိသဖြင့် ဒီလိုမျိုးဆိုင်တွေက အေးဂျင့်ယူပြီး ငွေသွင်း/ ငွေထုတ်ကို ဝန်ဆောင်မှုပေးနေပါတယ်။ ကိုယ့်အနီးအနားမှာပဲ ဒီအေးဂျင့်တွေကို Application က တစ်ဆင့် ရှာဖွေလို့ရပါတယ်။

တခြားနည်းတွေက ကိုယ့်ရဲ့ ဘဏ်အကောင့်ရှိတယ်ဆိုရင်လည်း ဘဏ်အကောင့်နဲ့ ချိတ်ဆက်လို့ရပါတယ်။ တခြား MPU စနစ်ရှိတဲ့ ဘဏ်ကတ်တွေကို သုံးပြီး ကိုယ့်ရဲ့ အကောင့်ထဲမှာကို ငွေဖြည့်လို့ရပါပြီ။ ဒါဆိုရင် ဒီ Mobile Wallet က စတင်သုံးစွဲလို့ရပြီ ဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ ဒစ်ဂျစ်တယ် ငွေပေးချေမှုက ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှုမှာ အရေးပါတဲ့ကဏ္ဍမှာ ပါဝင်နေတယ်ဆိုတော့ ဒစ်ဂျစ်တယ်စနစ်နဲ့ ငွေပေးချေအသုံးပြုမယ်ဆိုရင် ရရှိလာတဲ့ ဝန်ဆောင်မှုတွေက ဘယ်လိုမျိုး အချိန်တိုအတွင်းမှာ လျင်မြန်အောင် ဆောင်ရွက်နိုင်သလဲဆိုတာကို ရှင်းပြပေးပါဦး။**

**ဦးဝင်းထက်မောင်မောင်** ။ ။ ခုနက ကိုစိုးသီဟ ပြောသွားသလိုပဲ Mobile Account တစ်ခုဖွင့်ရတာ လွယ်ကူပါတယ်။ လွယ်ကူတဲ့အခါမှာ သုံးစွဲဖို့အတွက်ကိုလည်း Mobile Account ထဲမှာ ဘာတွေသုံးလို့ရတယ်ဆိုတာက အများကြီးရှိပါတယ်။ အဓိကအားဖြင့် QR Code စနစ်ကိုသုံးပြီး ငွေတွေပေးလို့ရတယ်၊ လွှဲလို့ရတယ်၊ လက်ခံလို့ရတယ် သို့မဟုတ် ဖုန်းနံပါတ်ကို အသုံးပြုပြီး ငွေလွှဲတာ၊ ငွေလက်ခံတာ လုပ်လို့ရတယ်။ ဒါက ကိုယ့်ရဲ့ မိတ်ဆွေအချင်းချင်း သို့မဟုတ် ပေးစရာရှိ၊ ရစရာရှိဆိုတဲ့ ငွေတွေနဲ့ ပတ်သက်ပြီး Mobile Account ထဲမှာ သုံးလို့ရပါတယ်။

နောက်တစ်ခုက Online Payment အနေနဲ့ ပေးလို့ရတာတွေက အများကြီးပါ။ အဓိကအားဖြင့် Online Payment ထဲမှာ တော်တော်များများက Service တွေရော၊ Product တွေရော အကုန်လုံးဝယ်လို့ရပါတယ်။ Service ဆိုရင် IT နဲ့ ပတ်သက်တာတွေ၊ အစားအသောက်နဲ့ ပတ်သက်တာတွေ၊ Online Shopping နဲ့ ပတ်သက်တာတွေ၊ ဖုန်းဘေလ် ဖြည့်သွင်းတာတွေ ဒါတွေအကုန်လုံးကို သုံးလို့ရပါတယ်။

*စာမျက်နှာ ၁၇ သို့*

**“ Payment ပုံစံမှာရော၊ အရောင်းအဝယ်မှာပါ၊ ငွေကြေးဆုံးရှုံးမှုနဲ့ ပတ်သက်တဲ့ ပြဿနာတွေ အများကြီးလျော့နည်းလာမယ့်အပြင် ဘဏ်ကိုသွားရတဲ့အချိန်တွေ သက်သာလာမယ်။ ငွေကြေးဆုံးရှုံးမှုတွေ လျော့ကျလာမယ်။ ဒီအချိန်တွေကနေ တခြားလုပ်ငန်းအတွက် အချိန်တွေပိုထွက်လာမယ်။ နောက်တစ်ခုက သယ်ယူစရိတ်တွေအပါအဝင် စရိတ်စကတွေကို လျှော့ချနိုင်မယ်၊ နောက်အရေးကြီးတဲ့အချက်က နေရာဒေသမရွေး Digital Payment ကိုသုံးပြီး ငွေပေးချေမှုတွေ ပြုလုပ်လာနိုင်တယ်ဆိုတဲ့ အားသာချက်တွေ အများကြီးရှိတဲ့အခါ Digital Payment က ဒစ်ဂျစ်တယ်စီးပွားရေးအတွက်ကို အများကြီး အထောက်အပံ့ဖြစ် ”**

*စာမျက်နှာ ၁၆ မှ*

ဒါ့အပြင် ပညာရေးမှာဆိုရင် ကျောင်းတွေနဲ့ပတ်သက်တဲ့ သင်တန်းကြေးတွေ ပေးသွင်းလို့ရမယ်။ အခုနောက်ပိုင်းခေတ်စားလာတဲ့ အာမခံလုပ်ငန်းနဲ့ပတ်သက်တဲ့ ပရီမီယံကြေးတွေ ပေးသွင်းလို့ရမယ်။ နောက်ပြီး ငွေကြေးနဲ့သက်ဆိုင်တဲ့ Payment တွေ လုပ်လို့ရမယ်။ နောက်တစ်ခုက ခရီးသွားလာတဲ့အခါ လေယာဉ်နဲ့ပတ်သက်တဲ့ လေယာဉ်လက်မှတ်တွေ၊ ဘတ်စ်ကားလက်မှတ်တွေ၊ ဒါတွေအကုန်လုံးကို ဒီအထဲကနေပြီး တစ်ခါတည်း ဘယ်မှသွားစရာမလိုဘဲနဲ့ ကိုယ့်အိမ်မှာပဲ Mobile Account ကို အသုံးပြုလို့ရပါတယ်။

အခုနောက်ပိုင်း Bill Payment အနေနဲ့ဆိုရင် အင်တာနက်၊ ဖုန်းနဲ့ ရုပ်သံလိုင်းဝန်ဆောင်ခ Bill တွေကို ပေးလို့ရပါတယ်။ အစိုးရအနေနဲ့ Digital Payment ကို သက်ဆိုင်ရာဝန်ကြီးဌာနတွေကနေတစ်ဆင့် ဖြည်းဖြည်းချင်းပြောင်းနေတယ်ဆိုတာ တွေ့ရပါတယ်။ အထူးသဖြင့် လက်ရှိ လျှပ်စစ်မီတာခဆောင်ရာမှာ Mobile Payment ကို အသုံးပြုပြီး ပေးဆောင်လို့ ရပါတယ်။ YCDC ကို ပေးရတဲ့အခွန်အခတွေကို ပေးဆောင်လို့ရပါတယ်။

၂၀၂၀ ပြည့်နှစ် အောက်တိုဘာလကစပြီး လစာဝင်ငွေ သို့မဟုတ် ကိုယ့်ရဲ့ကိုယ်ပိုင်ဝင်ငွေ နဲ့ ပတ်သက်တဲ့ ဝင်ငွေအခွန်ဆောင်တာတွေကို အွန်လိုင်းပေါ်ကနေ ပေးဆောင်လို့ရပြီ။ နောက်ကုမ္ပဏီနဲ့ ပတ်သက်တဲ့ အခွန်တွေကိုလည်း ပေးဆောင်လို့ရနေပြီ ဖြစ်ပါတယ်။ မိုဘိုင်းလ်တင်မကဘဲ M Banking, I Banking အဲဒါမျိုးတွေ အများကြီးရှိနေတဲ့အခါ Banking Sector မှာလည်း ကုမ္ပဏီအချင်းချင်း ငွေလွှဲတာအပြင် ကုမ္ပဏီမှာရှိတဲ့ ဝန်ထမ်းတွေရဲ့လစာတွေကို စာရင်းတစ်ချက် တွက်လိုက်ပြီး Online Banking ကနေ ပေးလိုက်ခြင်းဖြင့် ဝန်ထမ်းဆယ်ဂဏန်းပဲရှိရှိ၊ ရာဂဏန်းပဲရှိရှိ One Click နှိပ်လိုက်ရုံနဲ့ Salary Payment တွေက အကုန်လုံးကို ရောက်သွားမှာ ဖြစ်ပါတယ်။

အခုပြောသွားတာက ဘယ်လို အသုံးပြုရတယ်ဆိုတာကို ပြောသွားတာပါ။ အဲဒီမှာ Security အပိုင်းအနေနဲ့ သူ့ရဲ့ဘဏ်က တာဝန်ယူပြီး လုပ်ထားတဲ့အပိုင်းတွေ အများကြီးရှိပါတယ်။ တချို့ဆိုရင် One Time Pass Code တွေ ပို့တာရှိတယ်။ Online Banking ဆိုရင် ဘဏ်တွေက ထုတ်ပေးတဲ့ Device တွေရှိတယ်။ အဲဒီ Device မှာ နံပါတ်တွေကို ရိုက်ထည့်ပြီး ကိုယ့်ရဲ့ဘဏ်အကောင့်ကနေ အခြားဘဏ်အကောင့်ကိုဖြစ်ဖြစ်၊ လစာပေးတာပဲဖြစ်ဖြစ် ဒါတွေကို Security အဆင့်ဆင့်ဖြတ်ပြီး Payment တွေက နောက်ဆုံးမှ ထွက်သွားပါတယ်။

ခုနက အကောင့်ဖွင့်တယ်ဆိုတာ လွယ်ကူသလိုမျိုးပဲ အကောင့်ထဲမှာ ဖွင့်ပြီးရင် သက်ဆိုင်ရာ Payment အလိုက် ပူးပေါင်းထားတဲ့ Service ဝန်ဆောင်မှုတွေ၊ Product တွေ အကုန်လုံးကိုလည်း လုပ်လို့ရပါတယ်။ လွန်ခဲ့တဲ့ ၁ / ၂ နှစ်နဲ့ယှဉ်ရင် မိုဘိုင်းလ်အကောင့်ထဲကို ဝင်လာတဲ့ ကုန်သည်တွေက အများကြီးရှိလာသလိုမျိုးပဲ နောက်ပိုင်းမှာ ဒီဟာက ဘယ်လောက်အထိ အသုံးဝင်တယ်၊ လွယ်ကူတယ်၊ မြန်ဆန်တယ်ဆိုတာကိုသိသွားရင် အခြားကုန်သည်တွေ၊ စီးပွားရေးလုပ်ငန်းတွေ အကုန်လုံးက တော်တော်များများပါလာမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

**ဦးစိုးသီဟ** ။ ။ ကိုဝင်းထက်ရေ အခုပဲ ကျွန်တော်တို့ တစ်ယောက်နဲ့ တစ်ယောက်အကြားမှာ မိုဘိုင်းလ်ငွေပေးချေတာသုံးပြီး ကျွန်တော်တို့အချင်းချင်း ငွေလွှဲကြည့်ရအောင်၊ အခုဆိုရင် ကျွန်တော် အကောင့်ထဲဝင်ပြီး လွှဲပေးမယ်။ ကျွန်တော် အစ်ကို့ဆီက QR Code တောင်းလို့ရတယ် သို့မဟုတ် ဖုန်းနံပါတ်သိတယ်ဆိုရင်လည်း ဖုန်းနံပါတ်ရိုက်ထည့်ပြီး လုပ်ဆောင်လို့ ရပါတယ်။ ဒါဆိုအခု ဖုန်းနံပါတ်ရိုက်ထည့်ပြီး ကျွန်တော်လွှဲချင်တဲ့ ပမာဏကိုထည့်ပြီး ကျွန်တော့်ရဲ့ လျှို့ဝှက်ကုတ်နံပါတ်ကို ရိုက်ထည့်ပြီး လွှဲလိုက်ပါပြီ ခင်ဗျာ။

**ဦးဝင်းထက်မောင်မောင်** ။ ။ ဟုတ်ကဲ့ ချက်ချင်း ရောက်ပါတယ် ကိုစိုးသီဟ။ Mobile Payment က အတော့်ကို မြန်ဆန်ပါတယ်။ လူတစ်ဦးနဲ့ တစ်ဦး တွေ့စရာမလိုဘဲနဲ့ ငွေလက်ခံလို့ ရတယ်၊ ငွေလွှဲလို့ရတဲ့အပြင် ခုနကပြောသလို စက္ကန့်ပိုင်းအတွင်းမှာ ငွေလက်ခံတာတွေ လုပ်လို့ရတဲ့အတွက်ကြောင့် အများကြီးအဆင်ပြေပါတယ်။ အထူးသဖြင့် ကိုဗစ်ကာလမှာ ဒီဟာက တော်တော်အသုံးဝင်တယ်၊ နောက်ပိုင်းကျရင် ပိုပြီး သုံးစေချင်ပါတယ်။ အလွန်အသုံးဝင်ပါတယ်။

**ဦးစိုးသီဟ** ။ ။ သူငယ်ချင်း မိတ်ဆွေတွေကြားထဲမှာ ငွေအလွှဲအပြောင်း အများကြီး လွယ်ကူသွားတယ်။ မိသားစုထဲမှာမုန့်ဖိုးပေးတာ၊ သီတင်းကျွတ်ကန်တော့တာကအစ Mobile Payment ရဲ့ အခန်းကဏ္ဍက ပိုပြီးတွင်ကျယ်လာတယ်။ ကိုဝင်းထက်ရေ အစိုးရနဲ့ ပြည်သူလူထုကြားမှာ ဒီလိုမျိုး Mobile Payment နဲ့ ပတ်သက်ပြီး ဥပမာတစ်ခုလောက် ကျွန်တော်တို့ကို ပြောပြပေးပါဦး။

**ဦးဝင်းထက်မောင်မောင်** ။ ။ အစိုးရနဲ့ ပြည်သူကြားမှာ Mobile Payment အသုံးပြုပြီး ငွေလွှဲတယ်ဆိုတာ အရင်တုန်းက မကြားဖူးပါဘူး။ တော်တော်များများက ငွေသားနဲ့ ဘဏ်ကိုသွားပြီး လုပ်ကြတာများပါတယ်။ ဒါပေမယ့် အခုကိုဗစ်ကာလအတွင်းမှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ကိုယ်ဝန်ဆောင်တွေကို ငွေထောက်ပံ့တဲ့အစီအစဉ်တစ်ခုကို လုပ်ခဲ့ပါတယ်။ ဒါကို ဥပမာအနေနဲ့ နည်းနည်းပြောပြချင်ပါတယ်။

ကိုဗစ်ကာလမှာ ကိုယ်ဝန်ဆောင်အမျိုးသမီးတွေကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကနေပြီး ငွေကျပ် ၃၀၀၀၀ ထောက်ပံ့ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ စာရင်းကောက်တဲ့အခါ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၄ / ၅ ခုလောက်မပါဘဲနဲ့ကို လူဦးရေက သိန်းနဲ့ချီပြီး ရှိပါတယ်။ ဒီလိုမျိုး အခြေအနေမှာ ငွေသားနဲ့ ထုတ်ပေးဖို့က ကိုဗစ်ကာလနဲ့ဆိုရင် ဘဏ်မှာသွားပြီး တန်းစီရမယ်၊ ငွေထုတ်ရမယ် ဒါတွေက ကျန်းမာရေးနဲ့ပတ်သက်လို့ မသင့်တော်တဲ့ ကိစ္စတွေ ဖြစ်ပါတယ်။

ဒီတော့ ဝန်ကြီးဌာနက ဘဏ်တွေရော၊ Mobile Payment Operator တွေ အကုန်လုံးကို ခေါ်လိုက်ပြီး သူတို့ကို စာရင်းအရင်ကောက်ပါတယ်။ အစိုးရဝန်ကြီးဌာနကလည်း နောက်ပိုင်းတော်တော်လေး အဆင့်မြင့်လာပါတယ်။ “ငွေဗိုက်” လို့ခေါ်တဲ့ Application တစ်ခုကို ရေးလိုက်ပါတယ်။ ကိုယ်ဝန်ဆောင်တွေက ဒီထဲမှာ အချက်အလက်တွေကို ဖြည့်သွင်းပြီး စာရင်းပေးရပါတယ်။ ကိုယ်ဝန် ဘယ်လောက်ရှိပြီ၊ နေရပ်လိပ်စာ၊ နာမည်၊ အသက် စတဲ့ လိုအပ်တဲ့အချက်အလက်တွေ အကုန်လုံးကို ထည့်ပေးရပါတယ်။ အဲဒါကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အဆင့်ဆင့်ပြန်ပြီး စိစစ်ပါတယ်။ စိစစ်ပြီးတဲ့အခါမှာ Payment အနေနဲ့ ပေးတာက တော်တော်လေးကို စိတ်ဝင်စားဖို့ ကောင်းပါတယ်။

Payment က အရင်ကဆိုရင် ငွေသားနဲ့ပေးတာ တစ်မျိုးတည်းရှိပါတယ်။ အခု ဘာတွေ့ရလဲဆိုတော့ ဖုန်းနံပါတ်ကို အသုံးပြုပြီး ငွေလွှဲတဲ့စနစ်ကို သုံးပါတယ်။ ဘဏ်တွေကလုပ်တဲ့ Payment ကို အစိုးရဝန်ကြီးဌာနက ပေါင်းပြီးလုပ်ပါတယ်။ နောက်တစ်ခုက ဝေးလံခေါင်သီတဲ့ ဒေသတွေမှာ ငွေသားနဲ့ ထုတ်မယ်ဆိုရင် အသေးစား ငွေရေးကြေးရေးကုမ္ပဏီတွေကို တစ်ဆင့်ခံပြီး ပေးပါတယ်။ ဒါပေမယ့် အခုဒီစနစ်တွေနဲ့ ငွေထုတ်ပြီးသွားတာက ကိုယ်ဝန်ဆောင် ၂၅၀၀၀၀ ကို ထုတ်ပေးပြီးသွားပြီ။ အဲဒီအထဲမှာ အများစုက မိုဘိုင်းလ်ဖုန်းကိုသုံးပြီး ငွေလက်ခံတယ်၊ ဝန်ကြီးဌာနကလည်း Mobile Payment စနစ်နဲ့

“ **Mobile Payment က အတော့်ကို မြန်ဆန်ပါတယ်။ လူတစ်ဦးနဲ့ တစ်ဦး တွေ့စရာမလိုဘဲနဲ့ ငွေလက်ခံလို့ ရတယ်။ ငွေလွှဲလို့ရတဲ့အပြင် ခုနကပြောသလို စက္ကန့်ပိုင်းအတွင်းမှာ ငွေလက်ခံတာတွေ လုပ်လို့ရတဲ့အတွက်ကြောင့် အများကြီး အဆင်ပြေပါတယ်။ အထူးသဖြင့် ကိုဗစ်ကာလမှာ ဒီဟာက တော်တော် အသုံးဝင်တယ်။ နောက်ပိုင်းကျရင် ပိုပြီး သုံးစေချင်ပါတယ်။ အလွန် အသုံးဝင်ပါတယ်** ”

- **ဒစ်ဂျစ်တယ်စနစ်သုံးတဲ့အခါမှာ လုံခြုံရေးကို သတိပြုသင့်ပါတယ်။ ဒီလိုမျိုး Digital Payment Account တွေသည် ဖုန်းနံပါတ်ကို အဓိကထားပြီးသုံးတဲ့အတွက်ကြောင့် ကိုယ့်ရဲ့ ဖုန်းနံပါတ်ကို သေသေချာချာ Register လုပ်ထားဖို့ တိုက်တွန်းလိုပါတယ်။ အဲဒီလို လုပ်ထားမှသာလျှင် ဆင်းကတ်ပျောက်ခဲ့တယ်၊ တယ်လီဖုန်းပျောက်ခဲ့တယ်ဆိုရင် ဒီဖုန်းနံပါတ်ကို ပြန်လည်ပြီးရယူလို့ ရမှာပါ။**
- **Digital Payment Providers တွေအနေနဲ့ ပိုပြီးလုံခြုံအောင် ဆိုပြီး ကိုယ့်ရဲ့ လုံခြုံရေးလျှို့ဝှက်ကုတ်အပြင် တစ်ခါသုံး လျှို့ဝှက်ကုတ်တွေကိုလည်း ဖုန်းထဲကို SMS ကတစ်ဆင့် လုံခြုံရေးအတွက် ပို့ပေးတတ်ပါတယ်။ ဒီကုတ်တွေက ကိုယ့်အတွက်ပဲ ဖြစ်ပါတယ်။ တခြားသူတွေနဲ့ မျှဝေဖို့ အတွက် မဟုတ်ပါဘူး။ ကိုယ့်အတွက် လုံခြုံစွာကိုယ်တိုင်သုံးဖို့အတွက် ဖြစ်ပါတယ်။**

ငွေလွှဲလိုက်တယ်လို့ ကျွန်တော် ကြားသိရပါတယ်။

ခုနပြောသလိုမျိုး အစိုးရဖြစ်တဲ့အခါ ဘဏ်ကနေ ငွေသွားထုတ်ပြီးလုပ်မယ့်အစား သက်ဆိုင်ရာ၊ နီးစပ်ရာ အေးဂျင့်တွေကနေတစ်ဆင့် ပိုက်ဆံကို ပြန်ပြီးထုတ်မယ်၊ ကိုယ့်မှာ Mobile Account ဖွင့်ထားတယ်ဆိုရင် ကိုယ့်အကောင့်ထဲကို ပိုက်ဆံတိုက်ရိုက်ဝင်မယ် ဒါတွေက အထူးသဖြင့် ကိုယ်ဝန်ဆောင်တွေဆိုရင် ဘယ်လိုမှ ဘဏ်တွေကိုလည်း မသွားနိုင်ဘူး၊ အပြင်လည်း သွားလို့မရဘူး ကိုဗစ်ကာလဖြစ်နေတယ်ဆိုတော့ ပိုပြီးဆိုးပါတယ်။ ဒါကို အစိုးရကနေပြီး ကိုဗစ်ကာလအတွင်း ပထမဆုံးအနေနဲ့ Mobile Payment ကိုသုံးပြီး ပြည်သူတွေကို ထောက်ပံ့တယ်ဆိုတဲ့ အစီအစဉ်တစ်ခုကို ကျွန်တော် မျှဝေပေးတာပါ။ အများကြီး အဆင်ပြေပါတယ်။

**အစီအစဉ်မှူး** ။ ။ မြန်မာနိုင်ငံရဲ့ အခုလက်ရှိ ဒစ်ဂျစ်တယ် ငွေပေးချေမှုနဲ့ ပတ်သက်ပြီး တခြားသိကောင်းစရာတွေရှိရင်လည်း မျှဝေပေးပါဦး။

**ဦးစိုးသီဟ** ။ ။ သုံးစွဲသူတွေဘက်က သိသင့်တဲ့ အချက်တွေကို ကျွန်တော် ဖြည့်စွက်ချင်ပါတယ်။ တစ်ခုက ဒစ်ဂျစ်တယ်စနစ်သုံးတဲ့အခါမှာ လုံခြုံရေးကို သတိပြုသင့်ပါတယ်။ ဒီလိုမျိုး Digital Payment Account တွေသည် ဖုန်းနံပါတ်ကို အဓိကထားပြီး သုံးတဲ့အတွက်ကြောင့် ကိုယ့်ရဲ့ ဖုန်းနံပါတ်ကို သေသေချာချာ Register လုပ်ထားဖို့ တိုက်တွန်းလိုပါတယ်။ အဲဒီလို လုပ်ထားမှသာလျှင် ဆင်းကတ်ပျောက်ခဲ့တယ်၊ တယ်လီဖုန်း ပျောက်ခဲ့တယ်ဆိုရင် ဒီဖုန်းနံပါတ်ကို ပြန်လည်ပြီးရယူလို့ ရမှာပါ။

နောက်တစ်ခုက ဒီလိုမျိုး Digital Payment Providers တွေအနေနဲ့ ပိုပြီးလုံခြုံအောင်ဆိုပြီး ကိုယ့်ရဲ့ လုံခြုံရေး လျှို့ဝှက်ကုတ်အပြင် တစ်ခါသုံး လျှို့ဝှက်ကုတ်တွေကိုလည်း ဖုန်းထဲကို SMS ကတစ်ဆင့် လုံခြုံရေးအတွက် ပို့ပေးတတ်ပါတယ်။ ဒီကုတ်တွေက ကိုယ့်အတွက်ပဲ ဖြစ်ပါတယ်။ တခြားသူတွေနဲ့ မျှဝေဖို့အတွက် မဟုတ်ပါဘူး။ ကိုယ့်အတွက် လုံခြုံစွာကိုယ်တိုင်သုံးဖို့အတွက် ဖြစ်ပါတယ်။

ဒီလိုမျိုး ငွေလွှဲတဲ့အခါ ကိုယ်လွှဲမယ့်သူရဲ့ နာမည်ကို သေချာစစ်ပါ။ ဖုန်းနံပါတ်ထည့်လိုက်တယ်။ သူ့ရဲ့ နာမည်ကို သေချာစစ်ဖို့ရယ် နောက်တစ်ခုက ကိုယ်လွှဲလိုတဲ့ ငွေကြေးပမာဏရဲ့ ဂဏန်းအရေအတွက်ကို သေချာစစ်ဖို့ကို ဆွေးနွေးချင်ပါတယ်။ နောက်တစ်ခု ဒီလိုမျိုး ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်က ကျွန်တော်တို့အတွက် အလွန်အဆင်ပြေသွားပါတယ်။ ဥပမာ ရုပ်ရှင်လက်မှတ်ဝယ်တာ၊ အွန်လိုင်းက ပစ္စည်းမှာပြီး ငွေပေးချေတာ၊ သူငယ်ချင်းတွေစုပြီး အလှူအတန်းပြုတဲ့အခါ အိမ်ထဲကနေ လွယ်လွယ်ကူကူနဲ့ လုပ်ဆောင်နိုင်ပါတယ်။ ဒါကြောင့် သုံးစွဲသူတွေကို စမ်းကြည့်ဖို့ ကျွန်တော်တိုက်တွန်းပါတယ်။

**အစီအစဉ်မှူး** ။ ။ ဒီအစီအစဉ်ကနေပြီး ပရိသတ်တွေကို ထပ်မံပြီး အသိပေးချင်တဲ့ အကြောင်းအရာတွေရှိရင်လည်း ဆွေးနွေးပေးပါဦး။

**ဦးဝင်းထက်မောင်မောင်** ။ ။ ကျွန်တော်တို့ အနေနဲ့ Mobile Payment တွေကို တွင်တွင်ကျယ်ကျယ် သုံးစေချင်ပါတယ်။ အဓိကဘာလဲဆိုတော့ ခုနက ပြောသလိုမျိုး အကောင့်တွေ ဖွင့်ရတာ လွယ်ကူတယ်။ နောက်ပြီး သက်ဆိုင်ရာဘဏ်တွေဖြစ်ဖြစ်၊ Mobile Payment ကို လုပ်တဲ့ကုမ္ပဏီဖြစ်ဖြစ် သူတို့က လုံခြုံရေးကို အထပ်ထပ်လုံခြုံအောင်လို့ နည်းပညာနဲ့ သေချာလုပ်ထားပါတယ်။

ဒါကြောင့် သုံးစွဲမယ့် ပြည်သူလူထုတွေ၊ စီးပွားရေးလုပ်ငန်းတွေအနေနဲ့ Mobile Payment ကို ယုံကြည်ဖို့ ကျွန်တော်တိုက်တွန်းပါတယ်။ ခုနက ပြောခဲ့သလိုပဲ Cash Management တွေက Digital ကိုသုံးပြီး ပေးတဲ့အချိန်မှာ အလွန်လျင်မြန်လွယ်ကူပြီး မြန်ဆန်တာကို တွေ့ရပါမယ်။ ပြီးရင် Cash Counting တွေနဲ့ တော်တော်ကို လျော့ကျသွားပါတယ်။ ကျွန်တော်တို့အနေနဲ့ ပိုက်ဆံကို ရေတွက်တဲ့အချိန် ပိုက်ဆံကနေ ထွက်လာမယ့် အနံ့တွေကို လူတိုင်းက ရှူနေရတယ်ဆိုတော့ ဒါတွေကလည်း ကျန်းမာရေး ရှုထောင့်က ကြည့်မယ်ဆိုရင် ဆိုးကျိုးအနေနဲ့ ဖြစ်စေနိုင်ပါတယ်။

နောက်တစ်ခုက သယ်ယူပို့ဆောင်ရေးမှာ Risk တွေ အများကြီးလျှော့ချနိုင်တဲ့ အနေအထားမျိုးကို တွေ့ရတဲ့အတွက် ဒါလေးက အားသာချက်အနေနဲ့ ကျွန်တော် ပြောခြင်း ဖြစ်ပါတယ်။ နောက်တစ်ခုက ဆိုင်တွေအနေနဲ့ Mobile Payment Account ထဲမှာပါဝင်တာ အရင်ကထက်စာရင် များလာပေမယ့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဆို Cover မဖြစ်သေးပါဘူး။ ဒီတော့ ပြည်သူလူထုအနေနဲ့ Mobile Wallet ကိုသုံးပြီး ဝန်ဆောင်မှုတွေ၊ ထုတ်ကုန်တွေကို ရယူတဲ့အခါမှာ Mobile Wallet ကို ကုန်သည်တွေနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေဘက်က သုံးစွဲတဲ့သူ လွယ်ကူအောင်လို့ Mobile Platform မှာ ပူးပေါင်းပါဝင်စေချင်ပါတယ်လို့ ပြောချင်ပါတယ်။

**အစီအစဉ်မှူး** ။ ။ ဦးစိုးသီဟအနေနဲ့ ထပ်မံပြီး ဖြည့်စွက် ပြောကြားချင်တဲ့ အကြောင်းတွေရှိရင်လည်း မျှဝေပေးပါဦး။

**ဦးစိုးသီဟ** ။ ။ ဒစ်ဂျစ်တယ်စီးပွားရေး အသွင်ကူးပြောင်းတဲ့ကိစ္စတွေမှာ မြန်မာနိုင်ငံအနေနဲ့ အရှိန်အဟုန်ရလာနေပြီ။ ဒစ်ဂျစ်တယ်ငွေပေးချေတဲ့စနစ် အောင်မြင်မယ်လို့လည်း ကျွန်တော်ယုံကြည်ပါတယ်။ ဥပမာအနေနဲ့ အိန္ဒိယနိုင်ငံဆိုရင် ၂၀၁၆ ခုနှစ် ဧပြီလလောက်မှာ UPI လို့ခေါ်တဲ့ Unified Payments Interface ကို စတင်ခဲ့ပါတယ်။ ၃ / ၄ နှစ်အတွင်းမှာ သူတို့နိုင်ငံရဲ့ GDP ၁၀ ရာခိုင်နှုန်းကို Payments Interface ကနေ တစ်ဆင့် အသုံးပြုလာနိုင်ခဲ့ပါတယ်။ သူတို့နိုင်ငံသားတွေရဲ့ ၈၀ ရာခိုင်နှုန်းသည် ဘဏ်အကောင့်တွေ ရှိသွားပြီ ဆိုလိုတာက လူသန်းပေါင်း ၁၀၀၀ ကျော်လောက်အထိ ဘဏ်အကောင့်တွေရှိသွားတာ ဖြစ်ပါတယ်။ အဲဒီလိုမျိုး ဖြစ်သွားတဲ့အခါမှာ စီးပွားရေးတွေကလည်း လုပ်ရတာ ပိုပြီးလွယ်ကူလျင်မြန်လာပါတယ်။ ဒါ့အပြင် ဒီအပေါ်မှာ ထပ်ဆင့်ပြီး ဆန်းသစ်တီထွင်တဲ့ လုပ်ငန်းတွေကလည်း ပိုမိုပြီး ဖြစ်ထွန်းအောင်မြင်လာပါတယ်။ မြန်မာနိုင်ငံရဲ့ Digital Payment ကလည်း ဒီလို လျင်လျင်မြန်မြန်နဲ့ အောင်မြင်ဖို့အတွက် မျှော်လင့်ပါတယ်။ ။

## ၃-၁၂-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၄၃၁၄၂၆၅ | ၈၄၆၂၄၃၄ | ၂၇၉၈၆၇ |
| ၂။ | အိန္ဒိယ | ၉၅၃၄၉၆၄ | ၈၉၇၃၃၇၃ | ၁၃၈၆၅၇ |
| ၃။ | ဘရာဇီး | ၆၄၃၆၆၅၀ | ၅၆၉၈၃၅၃ | ၁၇၄၅၃၁ |
| ၄။ | ရုရှား | ၂၃၇၅၅၄၆ | ၁၈၅၉၈၅၁ | ၄၁၆၀၇ |
| ၅။ | ပြင်သစ် | ၂၂၄၄၆၃၅ | ၁၆၅၅၆၃ | ၅၃၈၁၆ |
| ၆။ | စပိန် | ၁၆၈၂၅၃၃ | စိစစ်ဆဲ | ၄၅၇၈၄ |
| ၇။ | ဗြိတိန် | ၁၆၅၉၂၅၆ | စိစစ်ဆဲ | ၅၉၆၉၉ |
| ၈။ | အီတလီ | ၁၆၄၁၆၁၀ | ၈၂၃၃၃၅ | ၅၇၀၄၅ |
| ၉။ | အာဂျင်တီးနား | ၁၄၄၀၁၀၃ | ၁၂၆၈၃၅၈ | ၃၉၁၅၆ |
| ၁၀။ | ကိုလံဘီယာ | ၁၃၃၄၀၈၉ | ၁၂၂၅၆၃၅ | ၃၇၁၁၇ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၃-၁၂-၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၅၅၇၈၇၇ | ၄၆၂၅၅၃ | ၁၇၃၅၅ |
| ဖိလစ်ပိုင် | ၄၃၅၄၁၃ | ၃၉၉၃၂၅ | ၈၄၄၆ |
| မြန်မာ | ၉၅၀၁၈ | ၇၃၇၄၈ | ၂၀၂၈ |
| မလေးရှား | ၆၉၀၉၅ | ၅၇၉၁၇ | ၃၇၆ |
| စင်ကာပူ | ၅၈၂၃၉ | ၅၈၁၄၄ | ၂၉ |
| ထိုင်း | ၄၀၃၉ | ၃၈၃၂ | ၆၀ |
| ဗီယက်နမ် | ၁၃၆၁ | ၁၂၀၉ | ၃၅ |
| ကမ္ဘောဒီးယား | ၃၃၁ | ၃၀၄ | ၀ |
| ဘရူနိုင်း | ၁၅၁ | ၁၄၅ | ၃ |
| လာအို | ၃၉ | ၂၆ | ၀ |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၃-၁၂-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၁။ (၂-၁၂-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁,၄၁၁) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | လှိုင် | ၉၃ |
| | | မြောက်ဥက္ကလာပ | ၈၇ |
| | | ရွှေပြည်သာ* | ၆၆ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၅၆ |
| | | သင်္ဃန်းကျွန်း | ၄၈ |
| | | လှိုင်သာယာ | ၄၁ |
| | | အင်းစိန် | ၄၀ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၃၆ |
| | | တာမွေ | ၃၅ |
| | | မင်္ဂလာဒုံ | ၃၁ |
| | | မှော်ဘီ | ၃၁ |
| | | သန်လျင် | ၃၀ |
| | | မရမ်းကုန်း | ၂၉ |
| | | တောင်ဥက္ကလာပ | ၂၈ |
| | | လှည်းကူး | ၂၁ |
| | | ပုဇွန်တောင်* | ၁၅ |
| | | သာကေတ | ၁၄ |
| | | ခရမ်း | ၁၄ |
| | | မင်္ဂလာတောင်ညွန့် | ၁၂ |
| | | ဆိပ်ကြီးခနောင်တို | ၁၂ |
| | | ဒေါပုံ | ၁၁ |
| | | ပန်းဘဲတန်း | ၁၀ |
| | | ကမာရွတ် | ၉ |
| | | တိုက်ကြီး | ၉ |
| | | လမ်းမတော် | ၉ |
| | | ကျောက်တန်း | ၉ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၈ |
| | | ကျောက်တံတား* | ၈ |
| | | ကြည့်မြင်တိုင် | ၈ |
| | | ဒဂုံ | ၈ |
| | | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၈ |
| | | ဗိုလ်တထောင် | ၇ |
| | | စမ်းချောင်း | ၇ |
| | | ဗဟန်း | ၇ |
| | | ရန်ကင်း | ၇ |
| | | ထန်းတပင် | ၆ |
| | | လသာ | ၆ |
| | | အလုံ | ၅ |
| | | သုံးခွ | ၃ |
| | | တွံတေး | ၃ |
| | | ကော့မှူး | ၃ |
| | | ဒလ | ၂ |
| | | ကွမ်းခြံကုန်း | ၁ |
| | | စုစုပေါင်း | ၈၉၃ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | အောင်မြေသာစံ | ၃၂ |
| | | ချမ်းအေးသာစံ | ၃၂ |
| | | မဟာအောင်မြေ | ၂၅ |
| | | ချမ်းမြသာစည် | ၂၁ |
| | | ပြည်ကြီးတံခွန် | ၁၇ |
| | | စဥ့်ကိုင် | ၁၂ |
| | | အမရပူရ | ၆ |
| | | ပျော်ဘွယ် | ၆ |
| | | ပုသိမ်ကြီး | ၄ |
| | | နွားထိုးကြီး | ၄ |
| | | မြစ်သား | ၃ |
| | | မိတ္ထီလာ | ၂ |
| | | မိုးကုတ် | ၂ |
| | | ပြင်ဦးလွင် | ၂ |
| | | ငါန်းဇွန် | ၂ |
| | | ညောင်ဦး | ၂ |
| | | တောင်သာ | ၂ |
| | | မတ္တရာ | ၁ |
| | | ကျောက်ဆည် | ၁ |
| | | ကျောက်ပန်းတောင်း | ၁ |
| | | ရမည်းသင်း | ၁ |
| | | တံတားဦး | ၁ |
| | | စုစုပေါင်း | ၁၇၉ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၄၆ |
| | | ပေါင်းတည် | ၁၅ |
| | | ကျောက်တံခါး | ၁၁ |
| | | ညောင်လေးပင် | ၉ |
| | | တောင်ငူ | ၄ |
| | | သနပ်ပင် | ၄ |
| | | ပြည် | ၂ |
| | | အုတ်ဖို | ၂ |
| | | ဝေါ | ၂ |
| | | သာယာဝတီ | ၁ |
| | | နတ္တလင်း | ၁ |
| | | လက်ပံတန်း | ၁ |
| | | ကဝ | ၁ |
| | | စုစုပေါင်း | ၉၉ |
| ၄။ | ကရင်ပြည်နယ် | ကော့ကရိတ် | ၂၆ |
| | | ဘားအံ | ၁၉ |
| | | ကြာအင်းဆိပ်ကြီး | ၁ |
| | | စုစုပေါင်း | ၄၆ |
| ၅။ | ရခိုင်ပြည်နယ် | တောင်ကုတ် | ၁၆ |
| | | မြောက်ဦး | ၁၀ |
| | | ဗွ | ၉ |
| | | စစ်တွေ | ၂ |
| | | အမ်း | ၁ |
| | | ကျောက်ဖြူ | ၁ |
| | | မောင်တော | ၁ |
| | | ရမ်းဗြဲ | ၁ |
| | | ပေါက်တော | ၁ |
| | | သံတွဲ | ၁ |
| | | စုစုပေါင်း | ၄၃ |
| ၆။ | မွန်ပြည်နယ် | မော်လမြိုင် | ၂၃ |
| | | ကျိုက်ထို | ၉ |
| | | သထုံ | ၈ |
| | | ဘီးလင်း | ၁ |
| | | ချောင်းဆုံ | ၁ |
| | | စုစုပေါင်း | ၄၂ |
| ၇။ | ဧရာဝတီတိုင်းဒေသကြီး | မော်လမြိုင်ကျွန်း | ၁၉ |
| | | ရေကြည် | ၅ |
| | | သာပေါင်း | ၃ |
| | | ဖျာပုံ | ၃ |
| | | ပုသိမ် | ၂ |
| | | မြောင်းမြ | ၂ |
| | | ဟင်္သာတ | ၂ |
| | | ကန်ကြီးထောင့် | ၁ |
| | | ကျိုက်လတ် | ၁ |
| | | မြန်အောင် | ၁ |
| | | ညောင်တုန်း | ၁ |
| | | ဝါးခယ်မ | ၁ |
| | | စုစုပေါင်း | ၄၁ |
| ၈။ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေး | ၆ |
| | | ရွှေဘို | ၅ |
| | | စစ်ကိုင်း | ၃ |
| | | တမူး | ၃ |
| | | ကသာ | ၁ |
| | | မင်းကင်း | ၁ |
| | | မုံရွာ | ၁ |
| | | စုစုပေါင်း | ၂၀ |
| ၉။ | ရှမ်းပြည်နယ် | တောင်ကြီး | ၁၀ |
| | | တာချီလိတ် | ၆ |
| | | ကျိုင်းတုံ | ၁ |
| | | မိုင်းပန် | ၁ |
| | | လားရှိုး | ၁ |
| | | လင်းခေး | ၁ |
| | | စုစုပေါင်း | ၂၀ |
| ၁၀။ | မကွေးတိုင်းဒေသကြီး | အောင်လံ | ၃ |
| | | ပခုက္ကူ | ၃ |
| | | ချောက် | ၁ |
| | | မကွေး | ၁ |
| | | မင်းဘူး | ၁ |
| | | နတ်မောက် | ၁ |
| | | ပွင့်ဖြူ | ၁ |
| | | ဆိပ်ဖြူ | ၁ |
| | | တောင်တွင်းကြီး | ၁ |
| | | စုစုပေါင်း | ၁၃ |
| ၁၁။ | နေပြည်တော် | ဇေယျာသီရိ | ၂ |
| | | ပျဉ်းမနား | ၂ |
| | | ဒက္ခိဏသီရိ | ၁ |
| | | စုစုပေါင်း | ၅ |
| ၁၂။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ် | ၄ |
| | | ကော့သောင်း | ၁ |
| | | စုစုပေါင်း | ၅ |

စာမျက်နှာ ၁၉ သို့

*စာမျက်နှာ ၁၈ မှ*

| | | | |
|---|---|---|---|
| ၁၃။ | ကယားပြည်နယ် | လွိုင်ကော် | ၂ |
| | | ဒီမောဆို | ၁ |
| | | စုစုပေါင်း | ၃ |
| ၁၄။ | ချင်းပြည်နယ် | ဟားခါး | ၁ |
| | | တီးတိန် | ၁ |
| | | စုစုပေါင်း | ၂ |
| | (၂-၁၂-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၄၁၁) ဦး |

* မြို့နယ်မှ (၃) ဦးသည် ပြည်ပနိုင်ငံမှ ပြန်လည်ရောက်ရှိလာသဖြင့် အသွားအလာကန့်သတ်ထားရှိခြင်းဖြစ်ပါသည်။

မှတ်ချက်။ (၂-၁၂-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၄၁၁)ဦး တွင် အနံ့မရရှိသူ (၄၁၆) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် ဒီဇင်ဘာ ၃**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့် အတင့်ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။ **မိုး/ဇလ**




# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




ဒီဇင်ဘာ ၅ ရက်(စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် သမိုင်းဝင် အမျိုးသားအောင်ပွဲနေ့ကို အမြဲတန်ဖိုးထားပြီး အမျိုးသားစာပေနှင့် အမျိုးသားစိတ်ဓာတ်များ အစဉ် ရှင်သန်နိုးကြားရန်အတွက် ဂုဏ်ပြု တင်ဆက်ထားသည့် "နှစ် ၁၀၀ ပြည့် အမျိုးသားအောင်ပွဲနေ့" မျက်နှာဖုံး ကာတွန်း၊ နှစ်တစ်ရာပြည့် အမျိုးသား အောင်ပွဲနေ့အကြောင်းကို တင်ဆက်ထားသည့် "နှစ် ၁၀၀ ပြည့် အမျိုးသား အောင်ပွဲနေ့" သုတဆောင်းပါး၊ စန္ဒရားဖြစ်ပေါ်လာခြင်း သမိုင်းအကြောင်းကို တင်ဆက်ထားသည့် "စန္ဒရား" သုတဆောင်းပါး၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ဆက်လက်မြင့်တက်နေသဖြင့် Mask ကို စနစ်တကျ တပ်ဆင်ရန် လိုအပ်ပုံအကြောင်းကို ရေးဖွဲ့ထားသည့် "Mask ကို စနစ်တကျတပ်ဆင်ခြင်း" သုတဆောင်းပါး၊ ရိုးသားဖြောင့်မတ်မှုသည်သာ အရေးကြီးကြောင်းကို ရေးဖွဲ့ထားသော "ဖိုးလပြည့်" နှစ်မျက်နှာကာတွန်း၊ မိမိနှင့် မသိကျွမ်းသော လူစိမ်းများမှ ခေါ်ယူကျွေးမွေး ပေးကမ်းလျှင် လက်မခံရန် ပညာပေးရေးဖွဲ့ထားသည့် "လူစိမ်းအန္တရာယ်" ကလေးဝတ္ထု၊ ကလေးတို့ပေးပို့သော ကာတွန်းလက်ရာများကို ဖော်ပြပေးထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ အင်္ဂလိပ်စာကဏ္ဍ၊ ကဗျာကဏ္ဍ စုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများ ပါရှိကြောင်း သိရသည်။

**သတင်းစဉ်**

**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃ - ၁၂ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၁၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၉၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၂၄၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၁၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၉၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၂၄၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၅၀/၅၉၅ ကျပ် | ၅၈၀/၆၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၆၀/၆၁၀ ကျပ် | ၅၉၅/၆၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၅/၅၅၅ ကျပ် | ၅၈၀/၅၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၅/၆၇၀ ကျပ် | ၇၁၀/၇၃၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၂၃ . ၂ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၀၃ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၈၉ . ၃၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၇၂ . ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၆၈ . ၃ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၈၂ . ၆၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၁ . ၇၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၉၀၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၀ . ၉၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၄ . ၉၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၈၀၇ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၈၀၀ | ၉၉၀၀ | ၄၃၃ | ၄၂၄၈၈၀၀ |
| MTSH | ၃၇၀၀ | ၃၇၀၀ | ၃၉၂၁ | ၁၄၃၂၃၉၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၁ | ၈၄၀၀ |
| FPB | ၂၂၅၀၀ | ၂၂၀၀၀ | ၅၂ | ၁၁၄၄၅၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၃၃၁ | ၉၀၇၄၅၀ |
| EFR | ၃၈၀၀ | ၃၈၀၀ | ၁၉၀ | ၇၂၄၅၀၀ |

ခင်ရတနာ - စုစည်းသည်

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီဋ္ဌေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပခဲ့ပြီးဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း တစ်ပြည်လုံးအတိုင်းအတာနှင့် သိရှိနိုင်ရန် ကြေညာပေးလျက်ရှိသည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)



# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၄၉)

# တံဆိပ်တုံးအတု ပြဿနာ အဖြေရှာ

မောင်စာဂ

**၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သည်။ ထူးထူးခြားခြား ပြဿနာတစ်ခုနှင့် ကြုံတွေ့ခဲ့ရသည်။ ယင်းသည်ကား မဲဆန္ဒရှင်များက ဆန္ဒမဲ လက်မှတ်ပေါ်တွင် အမှန် (√) အမှတ်အသားပါသည့်တံဆိပ်တုံးကိုနှိပ်၍ ဆန္ဒပြုရာ၌ တံဆိပ်တုံးအတုများ ထွက်ပေါ်လာခြင်းပင်ဖြစ်သည်။ ယင်းပြဿနာအပေါ် မည်သို့အဖြေရှာခဲ့သနည်း။ ဆက်လက်၍ မည်သို့အဖြေရှာပါမည်နည်း။ တွေ့ကြုံခဲ့ရသည့် ဖြစ်စဉ်အပေါ် အခြေခံ၍ မျှဝေပါရစေ။**

## ပါလီမန်ခေတ် ရွေးကောက်ပွဲများ

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ရွေးကောက်ပွဲများ ကျင်းပခဲ့သည်။ ပထမအကြိမ် ပါလီမန်အထွေထွေ ရွေးကောက်ပွဲကို ၁၉၅၁ ခုနှစ် ဇွန်လ ၁၂ ရက်နေ့မှ ၁၉၅၂ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့အထိ သုံးကြိမ်ခွဲ၍ လည်းကောင်း၊ ဒုတိယအကြိမ် ၁၉၅၆ ခုနှစ် ဧပြီလ ၂၇ ရက်နေ့တွင် လည်းကောင်း၊ တတိယအကြိမ် ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် လည်းကောင်း ကျင်းပခဲ့သည်။ ပြည်သူ့လွှတ်တော်နှင့် လူမျိုးစု လွှတ်တော်အမတ်နေရာများအတွက် လျှို့ဝှက်စွာ ဆန္ဒမဲပေး၍ ရွေးကောက်တင်မြှောက်ကြသည်။

ဆန္ဒမဲပေးပုံစနစ်မှာ ကိုယ်စားလှယ်လောင်းတစ်ဦးလျှင် မဲပုံးတစ်ပုံးစီကို လုံခြုံသောအခန်းငယ်တစ်ခုတွင် ထားရှိပြီး မဲပြားဖြင့် မဲပေးရသော စနစ်ဖြစ်သည်။ သတ်မှတ်ထားသောနေရာများသို့ မဲပုံးများ စုံလင်စွာ ရောက်ရှိမှ ရွေးကောက်ပွဲတာဝန်ခံအရာရှိက ကြီးကြပ်၍ မဲရေတွက်သောစနစ်ဖြစ်သည်။ လမ်းတွင်မဲပုံးဖောက်ကာ မဲခိုးခြင်းများရှိခဲ့ကြောင်း စွပ်စွဲခြင်းများရှိခဲ့သည့်အတွက် သစ်သားဖြင့်ပြုလုပ်ထားသော မဲပုံးအစား သံမဏိဖြင့် ပြုလုပ်ထားသော မဲပုံးများကို အစားထိုးခဲ့သည်။ သို့သော်လည်း မဲခိုးသည်ဆိုသော စွပ်စွဲချက်များကား ရှိနေ၊ တွေ့နေဆဲ ဖြစ်သည်။

## မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် ရွေးကောက်ပွဲများ

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်တွင် ၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်ပွဲများကျင်းပခဲ့သည်။ ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲကို ၇-၁၂-၁၉၇၃ ရက်နေ့ တွင်လည်းကောင်း၊ ဒုတိယအကြိမ် ရွေးချယ်တင်မြှောက်ပွဲကို ၁၉-၈-၁၉၇၇ ရက်နေ့တွင် လည်းကောင်း၊ တတိယအကြိမ် ရွေးချယ်တင်မြှောက်ပွဲကို ၂၀-၃-၁၉၈၁ ရက်နေ့တွင်လည်းကောင်း၊ စတုတ္ထအကြိမ် ရွေးချယ်တင်မြှောက်ပွဲကို ၂၂-၃-၁၉၈၅ ရက်နေ့တွင် လည်းကောင်း ကျင်းပခဲ့သည်။

ပြည်သူ့လွှတ်တော်တစ်ရပ်အတွက်သာ ရွေးချယ်တင်မြှောက်ခြင်းဖြစ်သည်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီတစ်ခုတည်းသာ ထားရှိသည်။ ယင်းပါတီက ရွေးချယ်သော ကိုယ်စားလှယ်လောင်းတစ်ဦးတည်းကိုသာ မဲဆန္ဒရှင်များက လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်သည်။ ထောက်ခံမဲပုံးနှင့် ကန့်ကွက်မဲပုံးနှစ်ပုံးကို လျှို့ဝှက်အခန်းတွင် ထားရှိသည်။ မဲဆန္ဒရှင်က ထောက်ခံလျှင် ထောက်ခံသည့် မဲပုံး၊ ကန့်ကွက်လျှင် ကန့်ကွက်မဲပုံး အတွင်း မဲလက်မှတ်ကိုထည့်ရသည်။ ဆန္ဒမဲပေးသည့် ဦးရေ၏ ထက်ဝက်ကျော်ကထောက်ခံလျှင် ရွေးကောက်တင်မြှောက်ခံရသည်။ တစ်ပါတီတည်းမှကိုယ်စားလှယ် တစ်ဦးကိုသာ ဆန္ဒမဲပေး၍ ရွေးချယ်ရသဖြင့် ပြဿနာများ မရှိခဲ့ပါ။

## ၁၉၉၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ၁၉၈၉ ခုနှစ် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအရ ၁၉၉၀ ပြည့်နှစ် မေလ ၂၇ ရက် နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့သည်။ ပြည်သူ့လွှတ်တော်အတွက် ရွေးကောက်တင်မြှောက်ရန် ဖြစ်သည်။ နိုင်ငံရေးပါတီ ၉၃ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ဆန္ဒမဲပေးပုံနည်းစနစ်မှာ မဲဆန္ဒရှင်သည် ဆန္ဒမဲလက်မှတ်ကို ရရှိသည့်အခါ လျှို့ဝှက်ဆန္ဒပြုရန် သတ်မှတ်ထားသောနေရာတွင် ဆန္ဒမဲလက်မှတ်၌ မိမိမဲပေးလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့် သင်္ကေတ အမှတ်အသား၏တည့်တည့်ရှိသော စက်ဝိုင်းအတွင်း၌ ကြက်ခြေ အမှတ်အသား (X) ကို ရေးမှတ်ရသည်။ ထို့နောက် မိမိဆန္ဒပြုထားသည်ကို သူတစ်ပါးမမြင်နိုင်စေရန် ဆန္ဒမဲလက်မှတ်ကိုခေါက်၍ မဲပုံးအတွင်းသို့ ထည့်ရသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းအားလုံးအတွက် မဲပုံးတစ်ပုံးသာ ထားရှိသည်။ အားလုံးမြင်တွေ့နိုင်သည့် နေရာတွင် မဲပုံးကိုထားရှိသည်။

## ဒီမိုကရေစီခေတ် ရွေးကောက်ပွဲ

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာနိုင်ငံကို စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ရန် ဦးတည်ထားသည်။ ပထမအကြိမ် ပါတီစုံအထွေထွေ ရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင်လည်းကောင်း၊ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို ဧပြီလ ၁ ရက်နေ့တွင် လည်းကောင်း၊ ဒုတိယအကြိမ် ပါတီစုံအထွေထွေ ရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင်လည်းကောင်း၊ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို ဧပြီလ ၁ ရက် နေ့တွင် လည်းကောင်း၊ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို နိုဝင်ဘာလ ၃ ရက်နေ့တွင် လည်းကောင်း၊ တတိယအကြိမ် ပါတီစုံအထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက် နေ့တွင်လည်းကောင်း ကျင်းပခဲ့သည်။

ဆန္ဒမဲပေးပုံစနစ်မှာ ၂၀၁၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲနှင့် ၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲများ တွင် ကိုယ်စားလှယ်လောင်း၏အမည်နှင့်တည့်တည့်တွင် ရှိသော လေးထောင့်ကွက်အတွင်း၌ ဘောပင်ဖြင့် အမှန် အမှတ်အသား ( √ ) ခြစ်၍ ဆန္ဒပြုရသည်။ ထိုသို့ဆန္ဒပြုရာ၌ မဲဆန္ဒရှင် အချို့က အမှန်အမှတ်အသား (√ ) ကို ထင်ထင် ရှားရှား သို့မဟုတ် ပီပီပြင်ပြင် ရေးခြစ်ဆန္ဒပြုနိုင်ခြင်း မရှိသဖြင့် ပယ်မဲများအဖြစ် သတ်မှတ်ခံခဲ့ရသည်များ ကြုံတွေ့ခဲ့ရသည်။

ယင်းဖြစ်စဉ်ကြောင့် နိုင်ငံတကာတွင် ဆန္ဒမဲလက်မှတ်ပေါ်၌ ဆန္ဒပြုသည့်နည်းလမ်းများကို လေ့လာစိစစ်ခဲ့သည်။ ယင်းနည်းလမ်းများထဲမှ အမှန်အမှတ်အသား ( √ ) ပါသော တံဆိပ်တုံးကို ကိုယ်စားလှယ်လောင်းအမည်နှင့် တည့်တည့်ရှိသော လေးထောင့်ကွက်အတွင်း၌ ထုနှိပ်၍ ဆန္ဒပြုခြင်းက သင့်တော်မည်ဟုသုံးသပ်ကာ ယင်း နည်းလမ်းကိုကျင့်သုံးရန် နည်းဥပဒေတွင် ပြင်ဆင် သတ်မှတ်ခဲ့သည်။ ပို၍ထင်ရှားစေရန် UEC ဆိုသည့် စာသားထည့်သွင်းခဲ့သည်။ ၂၀၁၅ ခုနှစ် အထွေထွေရွေး ကောက်ပွဲတွင်လည်းကောင်း၊ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများတွင် လည်းကောင်း ယင်းကဲ့သို့ တံဆိပ်တုံးနှိပ်၍ ဆန္ဒပြုခြင်းအတွက် အငြင်းပွားဖွယ် ပြဿနာ တစ်စုံတစ်ရာ မတွေ့ရှိခဲ့ရပါ။ ပယ်မဲများအဖြစ် သတ်မှတ်ခံရခြင်းများသည်လည်း နည်းပါးလာခဲ့သည်။

## ၂၀၂၀ ရွေးကောက်ပွဲနှင့်တံဆိပ်တုံးအတုပြဿနာ

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးရာ၌ တံဆိပ်တုံးအတုများ ထွက်ပေါ်လာခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အသုံးပြုသည့် အမှန်အမှတ်အသား (√ ) ပါသော တံဆိပ်တုံး တွင် UEC ဟူသော စာသားပါရှိသည်။ ယခုတွေ့ရှိရသော တံဆိပ်တုံး အတုတွင် UEC ဟူသော စာသားမပါရှိပါ။ တွေ့ရှိရပုံမှာ ဆန္ဒမဲလက်မှတ်ပေါ်တွင် မဲဆန္ဒရှင်အချို့ ဆန္ဒပြုမည့် တံဆိပ်တုံးကို ကြည့်ရှုသည်။ UEC စာသားမပါသည်ကို တွေ့ရှိရ၍ တာဝန်ရှိ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် သို့မဟုတ် မဲရုံမှူးထံအသိပေးအကြောင်းကြားသည်။

ထိုအချိန်တွင် ယင်းတံဆိပ်တုံးအတုဖြင့် ဆန္ဒပြုပြီး သွားသည့် ဆန္ဒမဲလက်မှတ် ဘယ်နှစောင်ရှိသွားသည်ကို မသိရှိရပါ။ အချို့နေရာတွင် ၃ စောင်၊ ၄ စောင်၊ ၅ စောင်၊ ၁၀ စောင် စသည်ဖြင့် ဆန္ဒပြုပြီးသည့်အခါ သိရှိရသည်။ ထိုအခါများတွင် ယင်းဆန္ဒမဲလက်မှတ်များကို အသုံးမပြု တော့ဘဲထည့်ပြီး မဲပုံးကို ချိပ်ပိတ်သိမ်းဆည်းခဲ့သည်။ ဆန္ဒပြုပြီး မဲဆန္ဒရှင်များကို ပြန်လည်ခေါ်ယူ၍ တံဆိပ်တုံး အစစ်ဖြင့် ပြန်၍ ဆန္ဒပြုစေသည်။ အချို့နေရာများတွင် တံဆိပ်တုံးအတု တွေ့ရှိသည့်အချိန်၌ ဆန္ဒပြုပြီးသည့် မဲဆန္ဒရှင်ဦးရေ သုံးလေးငါးရာထိ ရှိသွားသည်။ တံဆိပ်တုံး အတုဖြင့် မဲဆန္ဒရှင်မည်မျှ ဆန္ဒပြုသွားခဲ့သည်ကို ပြန်လည် စစ်ဆေး၍ မရနိုင်တော့ပါ။

ဤကဲ့သို့ တံဆိပ်တုံးအတုတွေ ထွက်ပေါ်လာသည်မှာ တစ်နေရာတည်းတွင်မဟုတ် နေရာတော်တော်များများနှင့် မြို့နယ်တော်တော်များများတွင် တွေ့ရှိလာရသည်။ မဲဆန္ဒ ရှင်များ စိုးရိမ်လာကြသည်။ မိမိတို့ဆန္ဒပြုခဲ့သည့် တံဆိပ် တုံးသည် အတုများဖြစ်နေမလား၊ ပယ်မဲများဖြစ်သွားမလား ပူပန်မှုတွေဖြစ်လာသည်။ တံဆိပ်တုံးအတုဖြင့် မဲဆန္ဒရှင် မည်ရွေ့မည်မျှ ဆန္ဒမဲပေးပြီး ဖြစ်သွားသည်ကို မသိနိုင်ဖြစ်ရ သည်။ ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် က မဲဆန္ဒရှင်များသည် မိမိတို့ဆန္ဒ အရ မိမိတို့ကြိုက်နှစ်သက် ရာ ကိုယ်စားလှယ်လောင်းကို ရွေးချယ်ကာ တံဆိပ်တုံးနှိပ်၍ ဆန္ဒပြုပြီး မဲပေးခဲ့ကြသဖြင့် မည်သည့်လွှတ်တော်ကိုယ် စားလှယ်ကိုပဲဖြစ်ဖြစ်၊ မည်သည့်တံဆိပ်တုံးနှင့်ဆန္ဒပြု စေကာမူ ခိုင်လုံမဲအဖြစ် သတ်မှတ်ရန် ကြိုတင်၍ပင် ထုတ်ပြန်အသိပေးခဲ့သည်။

> **“ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒရှင်များသည် မိမိတို့ဆန္ဒအရ မိမိတို့ကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်းကို ရွေးချယ်ကာ တံဆိပ်တုံးနှိပ်၍ ဆန္ဒပြုပြီး မဲပေးခဲ့ကြသဖြင့် မည်သည့် လွှတ်တော်ကိုယ်စားလှယ်ကိုပဲဖြစ်ဖြစ်၊ မည်သည့်တံဆိပ်တုံးနှင့် ဆန္ဒပြုစေကာမူ ခိုင်လုံမဲအဖြစ် သတ်မှတ်ရန် ကြိုတင်၍ပင် ထုတ်ပြန် အသိပေးခဲ့”**

## တံဆိပ်တုံးအတု ပေါ်ပေါက်ခဲ့သည့်ဖြစ်စဉ်

တံဆိပ်တုံးအတု နေရာတော်တော်များများတွင် ပေါ်ပေါက်ခဲ့သည်။ ချောင်းဦးမြို့နယ် ငါးလုံးတင်ကျေးရွာ အုပ်စုတွင် ကြိုတင်မဲကောက်ယူစဉ် မဲရုံကိုယ်စားလှယ် တစ်ဦးထံမှလည်းကောင်း၊ ရေတာရှည်မြို့ အမှတ် ၂ ရပ်ကွက်တွင် ကြိုတင်မဲကောက်ယူစဉ် မဲရုံကိုယ်စားလှယ် တစ်ဦးထံမှ လည်းကောင်း၊ ပုသိမ်မြို့ အမှတ် ၄ ရပ်ကွက် တွင် ကြိုတင်ဆန္ဒမဲရယူစဉ်၌လည်းကောင်း UEC အမှတ် အသားမပါသည့် တံဆိပ်တုံးများ တွေ့ရှိသိမ်းဆည်း ရမိခဲ့ သည်။ လှည်းကူးမြို့ မြို့မရပ်ကွက်၌ ကြိုတင်မဲ ကောက်ယူနေစဉ် မဲရုံကိုယ်စားလှယ်တစ်ဦးက UEC အမှတ်တံဆိပ်မပါသော တံဆိပ်တုံးကို ဒုတိယမဲရုံမှူးသို့ ပေးအပ်ခဲ့သည့်ဖြစ်စဉ်များလည်း ပေါ်ပေါက်ခဲ့သည်။

ထို့ပြင် မြို့သစ်မြို့နယ် တလင်းကုန်းကျေးရွာ မဲရုံ အမှတ် ၂ တွင် မဲဆန္ဒရှင်တစ်ဦးထံမှ လည်းကောင်း၊ စဉ့်ကူးမြို့နယ် မဲရုံအမှတ် ၃ တွင် မဲဆန္ဒရှင်တစ်ဦးထံမှ လည်းကောင်း၊ ရေးမြို့နယ် အစင်ကျေးရွာအုပ်စု မဲရုံ အမှတ် ၆ တွင် မဲရုံကိုယ်စားလှယ်တစ်ဦးထံမှလည်း ကောင်း၊ မိုင်းယောင်း မြို့နယ် ဟောင်ကြန့်ကျေးရွာအုပ်စု မဲရုံအမှတ် ၃ တွင် မဲဆန္ဒရှင်တစ်ဦးထံမှလည်းကောင်း UEC အမှတ်အသားမပါသော တံဆိပ်တုံးများ တွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

## ကြိုတင်ကြံရွယ်ခြင်း

ပြီးခဲ့သည့်ရွေးကောက်ပွဲတွင်တံဆိပ်တုံးအတုများကို တစ်နေရာတည်းမဟုတ် နေရာဒေသ အနှံ့အပြားတွင် ပေါ်ပေါက်တွေ့ရှိခဲ့ခြင်းသည် တမင်ကြိုတင်ကြံရွယ်၍ လုပ်ဆောင်ခဲ့လေသလား၊ စဉ်းစားတွေးတောဖွယ် ဖြစ်ရသည်။ ကြိုတင်ဆန္ဒမဲရယူစဉ်အချိန်ကတည်းက ဤဖြစ်စဉ်ကို စတင်သိရှိလိုက်ရသည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြိုတင် တားဆီးကာကွယ်မှုများ ပြုလုပ်နိုင်ခဲ့သည်။ မဲရုံများတွင် UEC တံဆိပ်အမှတ်အသားပါသော တံဆိပ်တုံးကို ကြိုးဖြင့်သေချာစွာ ချည်နှောင်ထားသည်။ ၁၅ မိနစ် ၁ ကြိမ် တာဝန်ကျမဲရုံမှူးများက စစ်ဆေးသည်။ ယင်းသို့ဖြင့် တံဆိပ်တုံးအတုအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင် ခဲ့သည်။

## အဖြေရှာရမည့် ပြဿနာ

၂၀၂၀ အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးစီးခဲ့ပြီ။ ရွေးကောက်ပွဲတွင်တွေ့ကြုံရသည်များကို ပြောကြဆိုကြ၊ ဝေဖန်သုံးသပ်နေကြသည်။ သို့ရာတွင် ဤကဲ့သို့ အမှန် တကယ်ဖြစ်ပေါ်ခဲ့သော တံဆိပ်တုံးအတုပြဿနာအပေါ် ပြောဆို၊ ဝေဖန်မှုများ ထွက်ပေါ်မလာကြ။ အဖြေ မဖော်ထုတ်ကြ။ ဆိတ်ငြိမ်နေကြသည်။ မည်သို့ပင်ဖြစ်စေ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဤတံဆိပ် တုံးအတု ပြဿနာရပ်အပေါ် အဖြေရှာရပါတော့မည်။

နောင်ရွေးကောက်ပွဲများတွင် ဆန္ဒမဲလက်မှတ်များ ပေါ်၌ မဲဆန္ဒရှင်များက ဆန္ဒပြုသည့်အခါ ဤကဲ့သို့ တံဆိပ်တုံးနှိပ်၍ ဆန္ဒပြုမည်လား သို့မဟုတ် ဆန္ဒပြုပုံ နည်းစနစ်ကို မည်ကဲ့သို့အသုံးပြုမည်နည်း ဆိုသည်ကို မဖြစ်မနေ စဉ်းစားသုံးသပ် အဖြေရှာရမည် ဖြစ်ကြောင်း ပါဗျာ။ ။

- **ရွေးကောက်ပွဲများတွင် ဥပဒေနှင့်အညီ နည်းလမ်းတကျ မှန်ကန်စွာ ဆန္ဒပြုမဲပေးနိုင်ကြပါစေ၊**
- **ရာဇဝတ်မှုမကင်းသော မသမာသည့်နည်းများ အသုံးပြုခြင်းမှ ကာကွယ်နိုင်ကြပါစေ၊**
- **ဆန္ဒမဲလက်မှတ်တွင် အတုအပ မပြုနိုင်သည့် နည်းလမ်းကောင်းများဖြင့် ဆန္ဒပြုမဲပေးနိုင်ကြပါစေ။**

# ယူနက်စကိုသို့တင်သွင်းမည့် ကရင်ရိုးရာဒုံးအကဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေး ဘားအံမြို့၌ပြုလုပ်

**ဘားအံ ဒီဇင်ဘာ ၃**

ကရင်ရိုးရာ ဒုံးအကကို ကမ္ဘာ့အမွေအနှစ် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် စာရင်းဝင်နိုင်ရေးအတွက် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်ကိုယ်တိုင် ဦးစီး၍ ဆောင်ရွက်လျက်ရှိရာ UNESCO သို့တင်သွင်းရန် အဆိုပြုထားသော ကရင်ရိုးရာဒုံးအကနှင့်စပ်လျဉ်းသည့် လုပ်ငန်းများဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို ဒီဇင်ဘာ ၂ ရက်က ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



ရိုးရာဒုံးအက သင်တိုင်းဝတ်စုံကို ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ကြည့်ရှုလေ့လာနေစဉ်။

အစည်းအဝေးသို့ ဆရာတော်၊ သံဃာတော်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် အမျိုးသား ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေး လုပ်ငန်းကော်မတီဝင်များ၊ ကရင်ရိုးရာ ဒုံးအကပညာရှင်များ၊ သုတေသနလုပ်ငန်းဆိုင်ရာ ဆပ်ကော်မတီဝင်များ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်အဆင့် အမျိုးသား ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ဘားအံဌာနခွဲ)မှ ပြည်နယ်တာဝန်ခံက UNESCO သို့တင်သွင်းရန် အဆိုပြုထားသည့် ကရင်ရိုးရာဒုံးအကနှင့်ပတ်သက်သည့် လုပ်ငန်းအခြေအနေများကိုလည်းကောင်း၊ စိစစ်ရေးပညာရှင် ဘားအံတက္ကသိုလ်(သမိုင်းဌာန)မှ ကထိက က သုတေသနဆိုင်ရာများကို လည်းကောင်း၊ ကရင်ရိုးရာ ဒုံးအကပညာရှင်အဖွဲ့ ခေါင်းဆောင်က သုတေသနလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ကရင်ရိုးရာ ဒုံးအက ကကြိုးကကွက် သုတေသနအဖွဲ့ခေါင်းဆောင်၊ တေးအလင်္ကာ သုတေသနအဖွဲ့ခေါင်းဆောင်၊ တူရိယာသုတေသနအဖွဲ့ခေါင်းဆောင်၊ ရိုးရာ သင်တိုင်းအဆင် သုတေသနအဖွဲ့ ခေါင်းဆောင်၊ ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းအဖွဲ့ ခေါင်းဆောင်နှင့် စာပေယဉ်ကျေးမှုအဖွဲ့ ခေါင်းဆောင်တို့က ၎င်းတို့ဆောင်ရွက်နေသော သုတေသနလုပ်ငန်းဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကား ပြောကြားသည်။

ကရင်ရိုးရာဒုံးအကကို UNESCO သို့ တင်သွင်းရန် ဇွန်လအတွင်းက ရွေးချယ်ဆုံးဖြတ်ခဲ့ပြီး သုတေသနလုပ်ငန်း ငါးခုခွဲ၍ ဆောင်ရွက်လျက်ရှိရာ ဒုံးအကနှင့်ပတ်သက်၍ ကိုးကားနိုင်လောက်သည့် ကျမ်းတစ်စောင်ဖြစ်ရန်အတွက်ပါ ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကွင်းဆင်းသုတေသန လုပ်ငန်းများကို ကရင်ဒုံးအက ပညာရှင်များနှင့် စိစစ်ရေး ပညာရှင်များ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း၊ UNESCO Form အတွက် လိုအပ်သည့်မူကြမ်းကို ရေးသွင်းပြီးဖြစ်သော်လည်း ပြင်ဆင်ဖြည့်စွက်မှုများ ဆောင်ရွက်ရန် ကျန်ရှိနေသေးကြောင်း၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဆရာတော်၊ သံဃာတော်များ၊ စာပေယဉ်ကျေးမှု အဖွဲ့များ၊ ဒုံးအက နည်းပြဆရာများ၊ ကရင်တိုင်းရင်းသားများနှင့် ပြည်သူများ၏ ထောက်ခံချက်ကို ရရှိရန် လိုအပ်နေသေးကြောင်း၊ ၂၀၂၁ ဇန်နဝါရီ လဆန်းပိုင်းခန့်တွင် UNESCO Form ကို အချောသတ် ထပ်မံရေးသွင်းသွားမည် ဖြစ်ကြောင်း၊ အခြား တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တင်သွင်းလာသည့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို အမျိုးသားအဆင့် ဗဟိုကော်မတီ အစည်းအဝေးတွင် ပြန်လည်ရွေးချယ်ဆုံးဖြတ်၍ UNESCO သို့ တင်သွင်းမည် ဖြစ်ကြောင်း အဆိုပါအစည်းအဝေးမှ သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ငါန်းဇွန်၌ ကိုဗစ်ပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေ

**ငါန်းဇွန် ဒီဇင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့မ ရဲစခန်းမှူး ဒုတိယရဲမှူး မောင်မောင်ရင် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဒီဇင်ဘာ ၁ ရက်က ငါန်းဇွန်မြို့၌ ဖြန့်ဝေကြသည်။

ငါန်းဇွန်မြို့နယ်အတွင်း ကိုဗစ်ရောဂါအကြောင်း သိကောင်းစရာ ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ငါန်းဇွန်၊ မြို့သာနှင့်ငါန်းမြာကြီး ရဲစခန်းတို့ကလည်း ပြုလုပ်ကြကြောင်း သိရသည်။

**ဒွေးမြင့်မောင်**



ကမ္ဘာ့အပူချိန် လျှော့ချဖို့
အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ
ဆက်လက် ဆောင်ရွက်စို့

## စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း (JICA, Two Step Loan) Phase II ချေးငွေရရှိရေးဆိုင်ရာများ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၃**

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်က ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး နှင့် ကျေးလက်ဖွံ့ဖြိုးရေးအကောင်အထည်ဖော်စီမံကိန်း (JICA, Two Step Loan) ဦးဆောင်ကော်မတီ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် စီမံကိန်း ဦးဆောင်ကော်မတီဥက္ကဋ္ဌ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး စီမံကိန်း (JICA, Two Step Loan) Phase I ကို မြန်မာကျပ်ငွေ ဘီလီယံ ၂၀၀ ခန့်ဖြင့် ၂၀၁၇ ခုနှစ်မှ စတင်၍ ဆောင်ရွက်ခဲ့ရာ လယ်ယာကဏ္ဍမှ တောင်သူများအတွက် လွန်စွာအကျိုးရှိပါကြောင်း၊ ယခု Phase II ကိုလည်း စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများ အတွက် နည်းပညာနှင့် ငွေကြေး အရင်းအနှီးများ လိုအပ်လျက်ရှိရာ JICA မှ Phase II အနေဖြင့် Phase I ပဏာမ အတိုင်း ဖြည့်ဆည်းပေးနိုင်ရန် စီစဉ်လျက်ရှိသဖြင့် များစွာဝမ်းမြောက်ပါကြောင်း၊ JICA ချေးငွေအကူအညီများသည် နိုင်ငံ၏ စီးပွားရေးမူဝါဒ၊ MERRP (Myanmar Economic Resilience and Reform Plan)၊ CERP (Covid-19 Economic Relief Plan)တို့နှင့်လည်း ကိုက်ညီပါကြောင်း၊ စားနပ်ရိက္ခာဖူလုံရုံမက ထုတ်လုပ်မှုတိုးတက်စေရန်နှင့် ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရန် သမားရိုးကျထုတ်လုပ်သည့် ပုံစံမှ Value Added ထုတ်ကုန်များကို နည်းပညာများ၊ စက်ပစ္စည်းများ အသုံးပြု၍ ထုတ်လုပ်နိုင်ရန်နှင့် Supply Chain တစ်ခုလုံးအား ပံ့ပိုးပေးနိုင်ရေး Action Plan များ ရေးဆွဲဆောင်ရွက်ရန် လိုကြောင်း၊ JICA စီမံကိန်းအား Executing Agency အဖြစ် ဆောင်ရွက်နေသည့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် Comprehensive Master Plan တစ်ရပ် ရေးဆွဲထားရန် လိုအပ်ကြောင်း၊ JICA နှင့် ဆက်စပ်ဌာနများအနေဖြင့် JICA, Two Step Loan အောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ယင်းနောက် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက JICA, Two Step Loan Phase I ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ Phase II အတွက်ချေးငွေ လိုအပ်မှုနှင့် ဆက်လက်အကောင်အထည်ဖော်မည့်ကိစ္စရပ်များကိုလည်းကောင်း၊ JICA Head Office မှ တာဝန်ရှိသူက JICA, Two Step Loan Phase II ချေးငွေပေးရန် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်ရန် ကိစ္စများကိုလည်းကောင်း တင်ပြဆွေးနွေးသည်။

အဆိုပါ အစည်းအဝေးသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဦးဆောင်ကော်မတီအဖွဲ့ဝင်များ၊ JICA Myanmar Head Office နှင့် JICA Head Office တာဝန်ရှိပုဂ္ဂိုလ်များ၊ JICA Consultant များမှ Virtual Meeting ဖြင့် တက်ရောက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးဝန်ကြီးနှစ်ဦး ဦးဆောင်ပါဝင်၍ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရေး ပညာပေးလှုပ်ရှားမှု ရန်ကုန်မြို့၌ပြုလုပ်

**ရန်ကုန် ဒီဇင်ဘာ ၃**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များကို ပြည်သူများအနေဖြင့် ပိုမိုသိရှိလိုက်နာစေရေးအတွက် ပါးစပ်၊ နှာခေါင်းစည်းနှင့် မျက်နှာအကာ တပ်ဆင်ရေး လှုပ်ရှားမှုတစ်ရပ်ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ ဦးဆောင်၍ ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံရှေ့၌ ဒီဇင်ဘာ ၃ ရက်က ပြုလုပ်သည်။

အဆိုပါလှုပ်ရှားမှုတွင် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်နှင့် လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းတို့နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်၊ YRTA အတွင်းရေးမှူး ဒေါက်တာမောင်အောင်နှင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ ပူးပေါင်းပါဝင်ကြပြီး အများပြည်သူသုံးယာဉ်များတွင် စီးနင်းလိုက်ပါလာသော ခရီးသည်များနှင့် ယာဉ်မောင်းများအား နှာခေါင်းစည်းများ ဝေငှခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များပါဝင်သည့် လက်ကမ်းစာစောင်များ ဝေငှခြင်းနှင့် ယာဉ်များတွင် လက်သန့်စင်ဆေးရည်ဘူးများ တပ်ဆင်ပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူစည်ကားသောနေရာများနှင့် ဈေးများတွင် ကိုဗစ်-၁၉ ရောဂါ တားဆီး၊ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ အသိပညာပေးမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပြီး တိုင်းဒေသကြီးအတွင်း၌ ကိုဗစ်-၁၉ ကုသရေးစင်တာ ၂၂ ခု ဖွင့်လှစ်ထားသည့်အတွက် ကုသရေးအပိုင်းတွင် အထိုက်အလျောက် နိုင်နင်းစွာ ကုသပေးနိုင်လျက်ရှိသော်လည်း ကာကွယ်တားဆီးထိန်းချုပ်ရေး အပိုင်းတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို ယခုထက် ပိုမိုလိုအပ်လျက်ရှိကြောင်း တိုင်းဒေသကြီးလူမှုရေးဝန်ကြီး၏ ပြောကြားချက်အရ သိရသည်။ **ထင်ပေါ်ဝင်း၊ ဓာတ်ပုံ - လင်းညွန့်**



## အရောင်းကျွမ်းကျင် (အလိုရှိသည်)

ဖုန်း- ၀၉-၈၈၂၀၆၆၀၇၂၊
၀၉-၉၇၂၃၆၀၄၀၈

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မျိုးကျော်အောင် (ခ)မျိုးကျော်သူ ၁၂/ဥကမ(နိုင်)၁၈၇၇၂၉ ၏ သင်္ဘောသားစာအုပ်အဟောင်း (CDC) လက်မှတ် (၈၅၆၁၅)သည် ၂၄-၁၁-၂၀၂၀ ရက်တွင် ပြည်တွင်း၌ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၁၁၉၂၃၄၃

## မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနရှိ ရုံးနှင့် ဂိုဒေါင်အဆောက်အဦများ လေလံတင်ရောင်းချရန် ကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးလက်အောက်ရှိ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ ရွှေပေါက်ကံ၊ လှည်းကူးသစ်ဆိုင်များရှိ အဆောက်အဦများအား ၁၆-၉-၂၀၂၀ ရက်တွင် ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချမည့်အစီအစဉ်အား အောက်ဖော်ပြပါအစီအစဉ်အတိုင်း ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | **လေလံတင်ရောင်းချမည့်နေရာ** | - | ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး |
| ၃။ | **လေလံတင်ရောင်းချရမည့် နေ့ရက်နှင့်အချိန်** | - | ၂၂-၁၂-၂၀၂၀ ရက်၊ နံနက် ၁၀:၀၀ နာရီ |
| ၄။ | **လေလံလျှောက်လွှာနှင့်စည်းကမ်းချက်ပုံစံရောင်းချမည့် နေရာ၊ နေ့ရက်၊ အချိန်** | - | ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ အမှတ် (၁၉)၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ စက်ဆန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် (၄-၁၂-၂၀၂၀) မှ (၁၈-၁၂-၂၀၂၀) ရက်အထိ ရုံးချိန်အတွင်း |
| | **ဆက်သွယ်စုံစမ်းရန် ဖုန်း** | - | ၀၉-၅၀၅၄၁၉၅၊ ၀၁-၈၃၈၂၈၈၀ |

**လေလံတင်ရောင်းချရေးအဖွဲ့**

## ဆေးဝါးအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိတ်ကျန်းမာရေးဆေးရုံကြီး၊ ရန်ကုန်တွင် ဆေးကုသမှုခံယူလျက်ရှိသော လူနာများအတွက် အသုံးပြုရန်လိုအပ်သည့် FDA အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါပုံစံများ စတင်ရောင်းချမည့် ရက်နှင့်အချိန်** | - | ၇-၁၂-၂၀၂၀ ရက် နံနက်၁၀:၀၀ နာရီ |
| | **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | - | ၆-၁-၂၀၂၀ ရက် ညနေ ၄:၀၀ နာရီ |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးပစ္စည်းများ စာရင်းအသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ စိတ်ကျန်းမာရေးဆေးရုံကြီးတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း- ၀၁-၂၃၀၆၄၀၀

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## မကွေးတိုင်းဒေသကြီးလွှတ်တော်ရုံး မကွေးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးလွှတ်တော်ရုံး၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းအား တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းရန် (ဒုတိယအကြိမ်) ဖိတ်ခေါ်အပ်ပါသည်-

(က) (၂)ခန်းတွဲ ဝန်ထမ်းအိမ်ရာ RC (၂)ထပ်၊ (၂)လုံး တည်ဆောက်ခြင်း။

၂။ တင်ဒါလျှောက်လွှာများကို အောက်ပါအတိုင်း ရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၃-၂၀၂၈၆၃၆၊ ၀၆၃-၂၀၂၈၆၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်-

| | | | |
|---|---|---|---|
| (က) | **တင်ဒါလျှောက်လွှာပုံစံများ ရောင်းချမည့်ရက်** | - | ၂-၁၂-၂၀၂၀ မှ ၁၅-၁၂-၂၀၂၀ ရက်အထိ |
| (ခ) | **တင်ဒါအဆိုပြုလွှာများ နောက်ဆုံးတင်သွင်းရမည့် နေ့ရက်** | - | ၁၈-၁၂-၂၀၂၀ ရက် (သောကြာနေ့) |
| (ဂ) | **တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** | - | မကွေးတိုင်းဒေသကြီး လွှတ်တော်ရုံး ဘဏ္ဍာ/အုပ်ချုပ်ထောက်ပံ့ဌာန |

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် ဆောင်ရွက်မည့်လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ မကွေးတိုင်းဒေသကြီးလွှတ်တော်ရုံး၏ Website ဖြစ်သော (www.magwayregion.hluttaw.mm) နှင့် မကွေးတိုင်းဒေသကြီးလွှတ်တော် Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မကွေးတိုင်းဒေသကြီးလွှတ်တော်ရုံး**

## အများသိစေရန်ကြေညာခြင်း

မုံရွာမြို့၊ ဒေါနခြံရပ်ကွက်နေ ဦးအေးလင်းသန်း ၅/မရန(နိုင်)၀၀၁၇၈၈ နှင့် ဒေါ်စိုးစိုးမင်း ၅/မရန(နိုင်)၀၁၂၇၅၈ တို့သည် (၁၉၉၅ ခုနှစ်)မှစပြီး ရှိုင်း (SHINE) (ကားရေဆေးဆီလိုက်)၊ ရှိုင်း (SHINE) Car Accessories Monywa (ကားအလှဆင်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း)၊ ရှိုင်း (SHINE) Laundry (အဝတ်လျှော်လုပ်ငန်း) စသည်တို့ကို လုပ်ကိုင်လျက်ရှိပါသည်။ ကန့်ကွက်မည့်သူရှိပါက (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးအေးလင်းသန်း** | **ဒေါ်ငြိမ်းငြိမ်းဆုဝေဝင်း** |
| **၅/မရန(နိုင်)၀၀၁၇၈၈** | **တရားလွှတ်တော်ရှေ့နေ** |
| **ဒေါ်စိုးစိုးမင်း** | **စဉ်-၉၈၉၈ (၂၇-၅-၂၀၁၄)** |
| **၅/မရန(နိုင်)၀၁၂၇၅၈** | **စံပယ်ဖြူလမ်း၊ ဒေါနခြံလမ်း၊ မုံရွာမြို့** |
| | **ဖုန်း-၀၉-၄၀၀၄၆၁၇၀၇** |

## အများသိစေရန်ကြေညာခြင်း

ရေဦးမြို့၊ အောင်ချမ်းသာရပ်ကွက်နေ ဦးဝင်းနိုင် ၅/ရဥန(နိုင်)၀၂၅၇၂၁ နှင့် ဒေါ်မြင့်အေး ၅/ရဥန(နိုင်)၀၂၅၆၉၆ တို့သည် ၂၀၀၂ ခုနှစ်မှစပြီး သမာဓိအမည်ဖြင့် (အဆင့်မြင့်ဆန်စက်နှင့် ဆန်ရောင်းဝယ်ရေး)ကို ထုတ်လုပ်ရောင်းချလျက်ရှိပါသည်။ ကန့်ကွက်မည့်သူရှိပါက (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဝင်းနိုင်** | **ဒေါ်ငြိမ်းငြိမ်းဆုဝေဝင်း** |
| **၅/ရဥန(နိုင်)၀၂၅၇၂၁** | **တရားလွှတ်တော်ရှေ့နေ** |
| **ဒေါ်မြင့်အေး** | **စဉ်-၉၈၉၈ (၂၇-၅-၂၀၁၄)** |
| **၅/ရဥန(နိုင်)၀၂၅၆၉၆** | **စံပယ်ဖြူလမ်း၊ ဒေါနခြံလမ်း၊ မုံရွာမြို့** |
| | **ဖုန်း-၀၉-၄၀၀၄၆၁၇၀၇** |

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

တောင်တွင်းကြီးမြို့၊ အုန်းတော(၁)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၀-အုန်းတောရပ်)၊ ဦးပိုင်အမှတ်(၁၄-အတွင်း)၊ဧရိယာ ၀ ဒသမ ၀၆၆ ဧကရှိ မြေကွက်ကို ဒေါ်သင်းသင်းခိုင်အမည်ဖြင့် လည်းကောင်း၊ အုန်းတော(၁)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁၀-အုန်းတောရပ်)၊ဦးပိုင်အမှတ်(၄)၊ဧရိယာ ၀ ဒသမ ၀၈၁ ဧကရှိ မြေကွက်ကို ဒေါ်ခိုင်ငြိမ်းနွယ် အမည်ဖြင့် လည်းကောင်း၊မြေဂရန်အသစ်ဤရုံးသို့ လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်းခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများဖြင့် တောင်တွင်းကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း၊ မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ပုလဲကွန်ဒို၊ တိုက်အမှတ်(စီ)(၁၂)လွှာ၊အခန်းအမှတ်(၁၂၀၅)၊အကျယ်အဝန်း ၁၇၈၀ စတုရန်းပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်လွဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဟေနွယ်ဦး ၁၂/လမတ(နိုင်)၀၂၅၄၁၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်တင်ချို (ခ)ဒေါ်တင်တင်နွဲ့ ၁၂/မရက(နိုင်)၀၁၀၀၈၅ က ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးစန်းမောင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၃၇/၂၀၁၇)**
**အမှတ်(၅)၊သရက်တော်(၁)လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၈၈၄၉၈**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၇)ရပ်ကွက်၊ အမှတ်၃၅၈၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ပါမစ် မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံထားသူ ဒေါ်စန္ဒာထွေး၁၂/သကတ(နိုင်)၀၁၂၈၉၆ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းလှိုင်ထွေး၅/ငဇန(နိုင်)၀၇၈၃၅၇နှင့် ဒေါ်ရွှေရွှေသင်း ၅/ငဇန(နိုင်)၀၄၀၃၉၀တို့က ၉-၆-၂၀၁၉ရက်တွင် ဝယ်ယူသည့်မြေကွက်နှင့်ပတ်သက်ပြီး သက်ဆိုင်ရာဌာနများတွင် စိစစ်ပြီး၍ ရောင်းဖိုးငွေအပြေအကျေ လက်ရောက်ပေးချေပြီးမြေကွက်အား ဥပဒေနှင့်အညီ လက်ဝယ်ရရှိပိုင်ဆိုင်ထားပြီးဖြစ်ကာ ကျွန်ုပ်၏မိတ်ဆွေများသိရှိခြင်းမရှိဘဲ မည်သူမျှ မြေကွက်အား ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လွှဲပြောင်းခြင်းမပြုလုပ်ရန်နှင့်ပြုလုပ်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေများနှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိပါကြောင်းအများသိစေရန် ကြေညာအပ်သည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဝင်းလှိုင်ထွေး** | **ဒေါ်စုမြတ်လွင်** |
| **၅/ငဇန(နိုင်)၀၇၈၃၅၇** | **အထက်တန်းရှေ့နေ(စဉ်-၄၈၂၇၂)** |
| **ဒေါ်ရွှေရွှေသင်း** | **အမှတ်-၂၃၈၅/က၊ဇေယျဝတီ(၄)လမ်း၊** |
| **၅/ငဇန(နိုင်)၀၄၀၃၉၀** | **၁၀တောင်/၁၂ရပ်ကွက်၊သာကေတမြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး၊** |
| | **ဖုန်း-၀၉-၂၆၅၇၈၄၆၈၈၊ ၀၉-၆၉၄၂၄၀၂၉၈** |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၅)ရပ်ကွက်၊ မြေကွက်အမှတ်(၉၁၇)ရှိ ဦးဌေးဝင်း RGN-၀၂၀၂၃၉ အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်အိမင်းကြူ ၁၂/ဒဂတ(နိုင်)၀၇၇၀၆၅ က ၎င်းတစ်ဦးတည်းပိုင်ဆိုင်ကြောင်း ပါမစ်မူရင်းနှင့် ဆက်စပ်စာချုပ်ပြသ ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်ဦးကံဌေး ၁၂/သဃက (နိုင်)၁၀၁၉၈၅ မှ ဝယ်ယူရန် စရန်ငွေအချို့အား ပေးချေပြီးဖြစ်ကြောင်းနှင့် အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ အဆိုပါရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ထားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကံဌေး ၁၂/သဃက(နိုင်)၁၀၁၉၈၅**
**ဖုန်း-၀၉-၄၄၁၀၉၄၅၆၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

စမ်းချောင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၂၇B၊ မြေကွက်အမှတ်-၃၅ ဂျေ/ဘီ၊ မြေကွက်တည်နေရာအမှတ်-၂၂-အေ၊ခေမာလမ်း၊သီရိခေမာရပ်ကွက်၊စမ်းချောင်းမြို့နယ်၊ (Mr Kwai Ba Gyi) အမည်ပေါက် ဂရန်ရှိ မြေပိုင်မြေအား အမည်ပေါက် Mr Kwai Ba Gyiထံမှ အပိုင်ပေးစာချုပ်အမှတ်-၂၀၇၄/၆၂(၁၀-၁၁-၁၉၆၂)ဖြင့် (၁)ဒေါ်အေးတင်၊ (၂) မအေးကြည်၊ (၃) မဧရီ၊ (၄)မခင်တီ၊ (၅)မခင်အေး၊ (၆)မခင်ချော၊ (၇)မခင်ထွေး၊ (၈) မောင်တင်မြင့်၊ (၉) မောင်တင့်လွင်၊ (၁၀) မောင်စိုးမြင့်တို့မှ ရရှိကြပြီး၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၂၈/၂၀၁၃(၃-၆-၂၀၁၃)၏ အနိုင်ဒီကရီအရ အရောင်းအဝယ်စာချုပ် အမှတ်-၅၇၉၈/၂၀၁၅ (၁၀-၉-၂၀၁၅)နှင့် အမှားပြင်စာချုပ်အမှတ်(၁၇၂၈/၂၃-၃-၂၀၂၀)ဖြင့် ဦးဇော်ရဲနိုင် ၁၂/ကတတ(နိုင်) ၀၂၇၇၈၁ မှ ရရှိခဲ့ပြီး၊ ၎င်းထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၃၉၁/၅-၅-၂၀၂၀)ဖြင့် ဦးအင်စိန်ဝင်း ၁၂/လသန(နိုင်)၀၀၉၇၅၁ ၊ ဒေါ်စီစီဝင်း ၁၂/ကမတ(နိုင်) ၀၄၇၆၉၉ တို့မှဝယ်ယူခဲ့ပြီး ပြည်တွင်းအခွန်ထမ်းဆောင်ပြီးကြောင်း အထောက်အထား၊ အမည်ပေါက် စာချုပ်အမှတ်-၁၆၃၃/၇၃ နှင့် ၂၀၇၄/၆၂ တို့၏ စာချုပ်ရုံးမိတ္တူမှန်တို့ တင်ပြ၍ အမည်ပြောင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မြင့်မြတ်ကြွယ်ဝ အလိုအလျောက် ဝန်ဆောင်မှု လီမိတက် (GRAND & RICH AUTO SERVICE LIMITED) ကုမ္ပဏီတွင် ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းခြင်း မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ-၃၄၈ အရ

(က) ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၂၆ ရက်တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေးမှ အောက်ပါအတိုင်း အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီးဖြစ်ပါသည်-

(၁) မြင့်မြတ်ကြွယ်ဝ အလိုအလျောက် ဝန်ဆောင်မှု လီမိတက် ''GRAND & RICH AUTO SERVICE LIMITED'' အား ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၂၆ ရက်မှစ၍ ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် ဆုံးဖြတ်ကြပါသည်။

(၂) ကုမ္ပဏီသည် ကိစ္စရပ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များအား ခွဲဝေပေးရန်အတွက် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိများအဖြစ် ခန့်အပ်ကြပါသည်-

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ**

| | |
|---|---|
| ဦးအီနုစ်(တရားလွှတ်တော်ရှေ့နေ) | ဒေါ်မိုးမိုးအေး (B.Com,Dip I.F.R, Diploma in Business Law) |
| YE NOOS & ASSOCIATES (Law Firm) | အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊ |
| | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ |
| | ဖုန်း-၀၁-၈၂၉၆၁၃၂၊ ၀၁-၈၃၉၇၂၃၄၊ ၀၁-၈၃၉၇၂၃၅ |

(ခ) မြင့်မြတ်ကြွယ်ဝ အလိုအလျောက် ဝန်ဆောင်မှု လီမိတက် (GRAND & RICH AUTO SERVICE LIMITED) မှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၆ ရက် နောက်ဆုံးထား၍ အထက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးလှဝင်း**
**(မန်နေးဂျင်းဒါရိုက်တာ)**
**GRAND & RICH AUTO SERVICE LIMITED**

## ပရို ၁ ကုမ္ပဏီလီမိတက် (PRO 1 COMPANY LIMITED) ကုမ္ပဏီတွင် ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းခြင်း မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ-၃၄၈ အရ

(က) ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၂၆ ရက်တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေးမှ အောက်ပါအတိုင်း အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီးဖြစ်ပါသည်-

(၁) ပရို ၁ ကုမ္ပဏီလီမိတက် ''PRO 1 COMPANY LIMITED'' အား ၂၆-၁၁-၂၀၂၀ ရက်မှစ၍ ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် ဆုံးဖြတ်ကြပါသည်။

(၂) ကုမ္ပဏီသည် ကိစ္စရပ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များအား ခွဲဝေပေးရန်အတွက် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိများအဖြစ် ခန့်အပ်ကြပါသည်-

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ**

| | |
|---|---|
| ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) | ဒေါ်မိုးမိုးအေး (B.Com,Dip I.F.R, Diploma in Business Law) |
| YE NOOS & ASSOCIATES (Law Firm) | အမှတ်-၁၇၆(ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ |
| | ဖုန်း-၀၁-၈၂၉၆၁၃၂၊ ၀၁-၈၃၉၇၂၃၄၊ ၀၁-၈၃၉၇၂၃၅ |

(ခ) ပရို ၁ ကုမ္ပဏီလီမိတက် (PRO 1 COMPANY LIMITED) မှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၆ ရက် နောက်ဆုံးထား၍ အထက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးသူရထွန်း**
**(မန်နေးဂျင်းဒါရိုက်တာ)**
**PRO 1 COMPANY LIMITED**

## THA KHIN MA COMPANY LIMITED ကုမ္ပဏီတွင် ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းခြင်း မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ-၃၄၈ အရ

(က) ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၂၆ ရက်တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေးမှ အောက်ပါအတိုင်း အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီးဖြစ်ပါသည်-

(၁) THA KHIN MA COMPANY LIMITED အား ၂၆-၁၁-၂၀၂၀ ရက်မှစ၍ ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် ဆုံးဖြတ်ကြပါသည်။

(၂) ကုမ္ပဏီသည် ကိစ္စရပ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များအား ခွဲဝေပေးရန်အတွက် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိများအဖြစ် ခန့်အပ်ကြပါသည်-

| **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** | **တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** |
|---|---|
| ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) | ဒေါ်မိုးမိုးအေး (B.Com,Dip I.F.R, Diploma in Business Law) |
| YE NOOS & ASSOCIATES (Law Firm) | အမှတ်-၁၇၆(ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊ မိဘရိပ်မွန်အိမ်ရာ၊ |
| | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ |
| | ဖုန်း-၀၁-၈၂၉၆၁၃၂၊ ၀၁-၈၃၉၇၂၃၄၊ ၀၁-၈၃၉၇၂၃၅ |

(ခ) THA KHIN MA COMPANY LIMITED မှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၆ ရက်ကို နောက်ဆုံးထား၍ အထက်ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်သန္တာ**
**(မန်နေးဂျင်းဒါရိုက်တာ)**
**THA KHIN MA COMPANY LIMITED**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆၊ မြေကွက်အမှတ် ၄၅၇၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧက၊ မြေကွက်တည်နေရာအမှတ်(၄၅၇)၊ ရာတနာမိုးလမ်း၊ (၁)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဦးကျော်သိန်း ၁၂/ကမရ(နိုင်)၀၂၆၄၁၅ အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား အမည်ပေါက်ကိုယ်တိုင်မှ ဂရန်မူရင်းတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်ရှိ ၂၀၁၃ ဘဏ်ချေးမြေပုံကူးလျှောက်ထားမှတ်ချက်နှင့်ပတ်သက်၍ အမည်ပေါက် ဦးကျော်သိန်းမှ ၆-၇-၂၀၂၀ ရက်စွဲပါဝင်စာဖြင့် သမဝါယမဘဏ်လီမိတက်တွင် ချေးငွေတင်ပြလျှောက်ထားခဲ့သော်လည်း ချေးငွေထုတ်ချေးခဲ့ခြင်းမပြုပါကြောင်း၊ သမဝါယမဘဏ်လီတက်မှ ချေးငွေရယူထားခြင်းမရှိပါကြောင်းထောက်ခံစာ၊ ဘဏ်ချေးမြေပုံမူရင်း ပျောက်ဆုံးနေကြောင်း ကတိသစ္စာပြုလွှာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

## Executive Chairman of Star Moe Yan စီးပွားရေးလုပ်ငန်းစု

## သီဟသုဓမ္မ မဏိဇောတဓရ

# ဦးမျိုးညွန့်(ခ)ဆရာမျိုး

## အသက်(၅၇)နှစ်

ညီရင်းအစ်ကိုသဖွယ် ချစ်ခင်လေးစားတန်ဖိုးထားရပါသော ရန်ကုန်မြို့နေ (ဦးစိန်လှ-ဒေါ်ကျင်ယုံ)တို့၏သား၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အင်းလျားလမ်းနေ သီဟသုဓမ္မသိင်္ဂီ ဒေါ်တင်တင်မြင့်၏ ခင်ပွန်း၊ မောင်အောင်ကျော်၊ မချမ်းမြမြငြိမ်းတို့၏ ကျေးဇူးရှင်ဖခင်သည် ၁-၁၂-၂၀၂၀ရက် စင်ကာပူစံတော်ချိန် နံနက် ၄:၂၉နာရီတွင် စင်ကာပူနိုင်ငံ၌ ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲဖြေမဆည်နိုင်ဖြစ်နေမိပါသည်။ ရောက်ရာအရပ်တွင် အသက်ရှည်ကာအနာမဲ့လို့ မိမိ၏ခန္ဓာဝန်ကို လွယ်ကူစွာဆောင်ရွက်နိုင်ပြီး နိဗ္ဗာန်နန်းကို အမြန်ဆုံး စံမြန်းနိုင်ပါစေကြောင်း မိုးယံညီနောင်မိသားစုများမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**မိုးယံညီနောင်မိသားစုများ**

ဦးကျော်ငွေ-ဒေါ်သန်းနွဲ့(မုံရွာမြို့)
ဦးအောင်မျိုး-ဒေါ်အေးအေးသူ(ရန်ကုန်မြို့)
ဦးနေမျိုးဇော်-ဒေါ်နှင်းနှင်းလှိုင်(မိတ္ထီလာမြို့)
ဦးဝင်းမင်း-ဒေါ်ခိုင်ခိုင်(နေပြည်တော်)
ဦးအောင်ခိုင်ဝင်း-ဒေါ်ခင်မိုးဆွေ(တောင်ကြီးမြို့)
ဦးသန့်ဇင်ဝင်း-ဒေါ်ယုယုဝါ(မကွေးမြို့)
ဦးအောင်နိုင်ဝင်း-ဒေါ်ချိုလတ်မင်း(ပဲခူးမြို့)

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- သကတ/၂၊ မြေကွက်အမှတ်- ၈၁၅/ခ၊ ဧရိယာ (၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ် (၈၁၅/ခ)၊ မြို့မငြိမ်းလမ်း၊ ၇ရပ်ကွက်၊ လှိုင်သာယာမြို့နယ် ဦးဝင်းနိုင် အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးဝင်းနိုင်ထံမှ အရပ်ကတိအရောင်း အဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးဆန်းထွန်း ၁၂/သဃက(နိုင်)၀၃၇၂၉၆ မှ ပါမစ်မူရင်းတွင် မိသားစုဓာတ်ပုံ၊ ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်နှင့် အိမ်ရာဆောက်လုပ်နေထိုင်ခွင့် စာရွက်တို့တင်ပြပြီး မြေနေရာချထားပေးခြင်းခံရသူများ၏ မှီခိုသူများစာရင်း စာရွက် တင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်မစုံဖြင့် ဂရန်သစ်လျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**


**သစ်တောမှန်လျှင်**

**အသုံးဝင်၊**

**အစဉ်ထာဝရ**

**ထိန်းသိမ်းကြ**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်မူလရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းနှင့်အဆောက်အဦလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ(မြန်မာကျပ်ငွေ)ဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာပုံစံနှင့် လုပ်ငန်းစာရင်း စည်းကမ်းချက် အသေးစိတ်တို့ကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင် တင်ဒါအဆိုပြုလွှာများနှင့်တကွ ရောင်းချပေးမည်ဖြစ်ပါသဖြင့် ဖုန်း-၀၄၃-၂၁၂၄၅၃၁ သို့ ရုံးချိန်အတွင်း ဆက်သွယ် ဝယ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| (က) | **တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်ရက်/အချိန်** | - ၇-၁၂-၂၀၂၀ ရက်မှ ၆-၁-၂၀၂၁ရက်ထိ (ရုံးချိန်အတွင်း) |
| (ခ) | **တင်ဒါအဆိုပြုလွှာနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန်** | - ၈-၁-၂၀၂၁ ရက် (ရုံးချိန်အတွင်း) |
| (ဂ) | **တင်ဒါအဆိုပြုလွှာပုံစံ ရောင်းချမည့်နေရာ** | - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ |

၃။ တင်ဒါအဆိုပြုလွှာ ဖွင့်ဖောက်မည့်ရက်ကို ထပ်မံအကြောင်းကြားပါမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကချင်ပြည်နယ်အစိုးရအဖွဲ့ (မြစ်ကြီးနား)
## တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အစိုးအရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အစိုးရနည်းပညာအထက်တန်းကျောင်း(ဗန်းမော်)တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည် -

(က) (၇၈'x၉၄') (၄)ခန်းတွဲ (၂)ထပ် သံကူကွန်ကရစ် ဝန်ထမ်းအိမ်ရာ(၁)လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၃-၁၂-၂၀၂၀ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁-၁-၂၀၂၁ ရက် ညနေ ၄:၀၀ နာရီနောက်ဆုံးထား၍ အစိုးရနည်းပညာအထက်တန်းကျောင်း (ဗန်းမော်)တွင် တင်ဒါများတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၉-၇၇၀၂၉၇၄၀၀ နှင့် ၀၉-၇၇၀၂၉၇၄၀၁ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ကချင်ပြည်နယ်အစိုးရအဖွဲ့**
**မြစ်ကြီးနားမြို့**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

တောင်ကြီးမြို့၊ ထ(ခွဲ)၊ အလက (၁၀)မှ အထက်တန်းပြဆရာ ဦးသိန်းမြင့် ၁၃/တကန(နိုင်)၀၈၉၇၁၆ ၏ ဖခင် ဦးယူစွတ်(ခ) ဦးခင်မှာ တစ်ဦးဖြစ်ပါကြောင်း။

## ဝမ်းနည်းကြေကွဲခြင်း
## ဦးသန်းဝင်း

**MIMarEST,UK,Chief Engineer & Managing Director,**
**Monsoon Shipping Agency,**
**မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း သင်တန်းကျောင်း Instructor,**
**မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း အလုပ်အမှုဆောင် အဖွဲ့ဝင်**
**အသက်(၆၇)နှစ်**

ရေကြောင်းအင်ဂျင်နီယာများ အထွေထွေဝန်ဆောင်မှု သမဝါယမအသင်းလီမိတက် တည်ထောင်သူအဖွဲ့ဝင်နှင့် ဒါရိုက်တာအဖွဲ့၏ အတွင်းရေးမှူး ဦးသန်းဝင်းသည် ၂-၁၂-၂၀၂၀ရက် နံနက် ၉:၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ရေကြောင်းအင်ဂျင်နီယာများ အထွေထွေဝန်ဆောင်မှု သမဝါယမအသင်းလီမိတက် ဒါရိုက်တာအဖွဲ့နှင့် အသင်းသားများမှ မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒါရိုက်တာအဖွဲ့နှင့် အသင်းသားများ**
**ရေကြောင်းအင်ဂျင်နီယာများအထွေထွေဝန်ဆောင်မှုသမဝါယမအသင်းလီမိတက်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မွန်ပြည်နယ်
## အားကစားနှင့် ကာယပညာဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၊ မွန်ပြည်နယ်အတွင်း အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အိတ်ဖွင့်တင်ဒါ ထည့်သွင်းနိုင်ပါရန် ဖိတ်ခေါ်ပါသည်-

(က) မွန်ပြည်နယ်- ဘောလုံးကွင်း မီတာ(၄၀၀) Synthetic ပြေးလမ်းခင်းခြင်းလုပ်ငန်း

| | | |
|---|---|---|
| ၂။ | **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - ၄-၁၂-၂၀၂၀ ရက် |
| ၃။ | **တင်ဒါပိတ်မည့်ရက်/အချိန်** | - ၄-၁-၂၀၂၁ ရက် ၁၆:၀၀ နာရီ |
| ၄။ | **တင်ဒါတင်သွင်းရမည့်နေရာ** | - မွန်ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ရာမညအားကစားပြိုင်ဝင်း၊ မော်လမြိုင်မြို့ |

၅။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖုန်း-၀၅၇-၂၄၈၃၂၊ ၂၄၉၆၅ (မွန်ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန)

**တင်ဒါကော်မတီ**
**မွန်ပြည်နယ်**

## မတည်ရင်းနှီးငွေလျှော့ချခြင်း

